ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင် တည်ထောင်သည်။ Established in 1957

**အကြားအမြင်သုတဆည်းပူး**

အကြားအမြင်နည်းသော ယောကျ်ားသည် အသားကို တိုးပွားစေသော နွားလားကြီးနှင့်တူ၏။ သူ၏ဘဝသည် အချည်းနှီး ဖြစ်၏။ (အကြားအမြင်ဗဟုသုတဟူသည် လူ၏အဆင်တန်ဆာသဖွယ် ရယူဆည်းပူးအပ်သော အရာဖြစ်၍ အကြားအမြင် ဗဟုသုတတို့ကို ဆည်းပူး စုဆောင်းရာ၏။)

ဇရာဝဂ်(ဓမ္မပဒ-၁၅၂)

၁၃၇၈ ခုနှစ် တော်သလင်းလပြည့်ကျော် ၇ ရက်၊ သောကြာနေ့။ Friday , 23 September 2016 (၈၆၉၃)



(၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည် အထွေထွေမူဝါဒရေးရာမိန့်ခွန်း ပြောကြားစဉ်။ *(ဓာတ်ပုံ-ရိုက်တာ)*

- ❖ နိုင်ငံသားများအတွက် အခွင့်အရေးများနဲ့ တာဝန်ဝတ္တရားများ ခိုင်မာမှုရှိရေးတို့ဟာ ကျွန်မတို့ရဲ့ ရိုးရှင်းတဲ့ မျှော်လင့်ချက်များပဲ ဖြစ်ပါတယ်။ ရိုးရှင်းပေမယ့် အောင်မြင်ဖို့ ဆိုတာခက်ခဲကြောင်း အထူးပြောဖို့မလို ပါဘူး။
- ❖ ကျွန်မတို့ရဲ့ ရည်မှန်းချက်များကို ဖော်ဆောင် ပေးမယ့် တစ်ခုတည်းသောလမ်းကြောင်း ကတော့ ငြိမ်းချမ်းရေးလမ်းကြောင်းသာ ဖြစ်ပြီး ဒီလမ်းကြောင်းကို မျှော်လင့်ချက် များ၊ သန္နိဋ္ဌာန်များနဲ့အတူ လျှောက်လှမ်း သွားရမှာဖြစ်ပါတယ်။
- ❖ ကျွန်မတို့ရဲ့ကမ္ဘာကြီးကို ပိုမိုကြင်နာတတ် စေချင်သလို ရယူခြင်းထက် ပေးဆပ်ခြင်းကို လည်း ပိုမိုနေရာရစေလိုပါတယ်။

# လူသားအားလုံးအတွက် ပိုမိုငြိမ်းချမ်းသာယာတဲ့ကမ္ဘာကြီးဖြစ်လာစေရန် ကုလသမဂ္ဂဟာ ဆက်လက်တည်ရှိနေမှာဖြစ်
# ရခိုင်ပြည်နယ်အတွင်း ငြိမ်းချမ်းရေးနဲ့ ကြွယ်ဝချမ်းသာရေးအတွက် ကြိုးပမ်းဆောင်ရွက်သွားဖို့ သန္နိဋ္ဌာန်ချထား

နယူးယောက် စက်တင်ဘာ ၂၂

**(၇၁)ကြိမ်မြောက် ကုလသမဂ္ဂအထွေထွေညီလာခံတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါ်အောင်ဆန်းစုကြည်ပြောကြားသည့် အထွေထွေ မူဝါဒရေးရာမိန့်ခွန်းအပြည့်အစုံမှာ အောက်ပါအတိုင်းဖြစ်ပါသည်-**

**သဘာပတိကြီး၊ လေးစားအပ်ပါသောလူကြီးမင်းများ၊ ဂုဏ်သရေရှိ ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များရှင့်**

မြန်မာနိုင်ငံအစိုးရသစ်ရဲ့ ပထမဆုံးကိုယ်စားလှယ်အနေနဲ့ ယခုကျင်းပ ပြုလုပ်လျက်ရှိတဲ့ ကုလသမဂ္ဂအထွေထွေညီလာခံမှာ တက်ရောက်ပြောကြားစဉ် ကုလသမဂ္ဂ ပဋိညာဉ်စာတမ်းရဲ့ ရည်ရွယ်ချက်နဲ့ အခြေခံမူများအပေါ် ထားရှိတဲ့ ကျွန်မတို့ရဲ့ ယုံကြည်ချက်ကို တာဝန်တစ်ခုအနေနဲ့ လည်းကောင်း၊ အခွင့်အရေး တစ်ရပ်အနေနဲ့ လည်းကောင်း ကျွန်မအနေနဲ့ ထပ်လောင်းအတည်ပြုပြောကြား အပ်ပါတယ်။ ကုလသမဂ္ဂအဖွဲ့ကြီးရဲ့ အင်အားဟာ ပဋိညာဉ်စာတမ်းကြီးနဲ့ နိုင်ငံတကာဥပဒေရဲ့အခြေခံမူကြီးများမှာ အခြေခိုင်မာစွာပါဝင်နေတဲ့ ကမ္ဘာ့ နိုင်ငံအများအပြားကျယ်ပြန့်စွာပါဝင်မှုနဲ့ တရားဝင်ရပ်တည်မှုတို့အပေါ်မှာ အခြေခံပါတယ်။ မပြည့်စုံမှုများနဲ့ ကန့်သတ်ချက်များရှိနေသော်လည်း လူသား အားလုံးအတွက် ကြင်နာမှုများ၊ ကရုဏာတရားများ ပိုမိုပြည့်ဝသော နေအိမ် အဖြစ်နဲ့ ပိုမိုငြိမ်းချမ်းသာယာဝပြောတဲ့ ကမ္ဘာကြီးဖြစ်လာစေရန် ကျွန်မတို့ရဲ့ မျှော်လင့်ချက်များကို သယ်ဆောင်ပေးမယ့် အဖွဲ့အစည်းကြီးအဖြစ် ကုလသမဂ္ဂ ဟာ ဆက်လက်တည်ရှိနေမှာ ဖြစ်ပါတယ်။ **စာမျက်နှာ ၃ ကော်လံ ၁ သို့** ○



ကြေးမုံ

# တရားမျှတလွတ်လပ်ခြင်းနှင့်မသေွ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့မြေ . . .

မနေ့က ကုလသမဂ္ဂအထွေထွေညီလာခံမှာ နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် မြန်မာနိုင်ငံ၏ ဒီမိုကရေစီအပြောင်းအလဲနှင့်စပ်လျဉ်း၍လည်းကောင်း၊ နိုင်ငံတကာရေးရာနှင့် စပ်လျဉ်း၍လည်းကောင်း မိန့်ခွန်းပြောကြားခဲ့သည်။

နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်၏ အဆိုပါ ကုလသမဂ္ဂအထွေထွေညီလာခံမိန့်ခွန်းမှာ အစိုးရအဖွဲ့သစ်၏ နိုင်ငံရေးပဋိညာဉ်သဖွယ်ဖြစ်ခဲ့ပြီး ပြည်သူတို့အားတက်ဖွယ်ဟု ယုံကြည်ပါသည်။

ထိုမိန့်ခွန်းမှာ ရှေ့သို့ဆက်လက်လျှောက်လှမ်းရမည့် မြန်မာ့ဒီမိုကရေစီခရီးအတွက်ကိုရော ယနေ့ကြုံတွေ့နေရသည့်အနေအထားများကို အခြေခံကာ ကမ္ဘာ့အကျပ်အတည်းများကို မည်သို့မည်ပုံ ကျော်လွှားကြမည်ဆိုသည်ကိုပါ တွေးတောဆင်ခြင်ကာ လွတ်မြောက်နိုင်ကြဖို့ နည်းလမ်းအသွယ်သွယ်နှင့် ပတ်သက်သည်။

မြန်မာနိုင်ငံက လွတ်လပ်ရေးရသည်နှင့်တစ်ပြိုင်နက်တည်းလိုလို ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံဖြစ်ခဲ့ပါ၏။

လွတ်လပ်ရေးမရမီ နယ်ချဲ့လက်အောက်မှ လွတ်မြောက်ရေးတိုက်ပွဲများကို ဆင်နွှဲစဉ်ကာလကတည်းက ဒီမိုကရေစီရေး၊ ငြိမ်းချမ်းရေး၊ တန်းတူညီမျှရေးတို့ကို မျှော်မှန်းခဲ့ကြခြင်းဖြစ်သည်။

တို့ဗမာအစည်းအရုံး သီချင်းအဖြစ်မှ မြန်မာနိုင်ငံတော်သီချင်းဖြစ်လာခဲ့သည့် "တရားမျှတလွတ်လပ်ခြင်းနှင့်မသေွ၊ ခွင့်တူညီမျှ ဝါဒဖြူစင်တဲ့မြေ" ဆိုသည့်သီချင်းက မြန်မာ့လွတ်လပ်ရေးတိုက်ပွဲဝင်သီချင်းအဖြစ်သာမက မြန်မာ့အနာဂတ်နိုင်ငံရေးကြေညာစာတမ်းတစ်ခုသဖွယ် ဖြစ်ခဲ့၏။

သို့သော်လည်း အမြော်အမြင်ကြီး၍ သားစဉ်မြေးဆက်အကျိုးစီးပွားကို မျှော်ကြည့်ခဲ့သော ခေါင်းဆောင်များက တာဝန်ယူချိန်တိုတောင်းခဲ့ရရှာသည်။ လွတ်လပ်ရေးမှမရမီ အမြော်အမြင်ကြီးကြသော ပြည်သူ့ခေါင်းဆောင်တို့ လုပ်ကြံခံခဲ့ကြရသည်။

လွတ်လပ်ရေးရပြီးသည့်အခါတွင်လည်း နိုင်ငံရေးသမား စစ်စစ်များနှင့် ပြည်သူလူထု၏စွမ်းဆောင်ရည်တို့ဖြင့် တိုတောင်းလှသော ပါလီမန်ဒီမိုကရေစီ ခေတ်ကာလမှာ ကမ္ဘာ့အလယ်တွင် မြန်မာတို့ ဦးမော့နိုင်ခဲ့သေး၏။

လွတ်လပ်ရေးရပြီး တိုင်းပြည်ဦးမော့လာသည့်ကာလကို ဖြတ်သန်းနေစဉ်မှာပဲ တိုင်းကျော်ပြည်ကျော် အာဏာသိမ်းမှုကြီးဖြစ်ပွားခဲ့သည်။ သည်မှအစပြု၍ နိုင်ငံရေးကို မိမိကိုယ်ကျိုးအတွက် အသုံးချခဲ့သူတို့ အာဏာသက်တမ်းရှည်ကြာခဲ့သည့်အခါ မြန်မာနိုင်ငံသည် ကမ္ဘာ့အလယ်တွင် ခြေမနောက်ပိတ်သို့ ရောက်ခဲ့ရရှာသည်။

ယခုအခါ နှစ်ငါးဆယ်ကျော် ခြောက်ဆယ်နီးပါး ကြာမြင့်ခဲ့ပြီးနောက် ပြည်သူလူထုက အချုပ်အခြာအာဏာကို ပိုင်စိုးသည့် အနေအထားဆီသို့ တဖြည်းဖြည်းချင်း ကြိုးစားလုံးပန်းနေကြချိန်သို့ ရောက်လာခဲ့ပြီဖြစ်သည်။

မြန်မာပြည်သူတို့ အမြဲတမ်းမျှော်လင့်ခဲ့ကြရသော တန်းတူညီရေး၊ တရားမျှတရေး၊ ငြိမ်းချမ်းရေး. . . ။

ကုလသမဂ္ဂအထွေထွေညီလာခံတွင် ဒေါ်အောင်ဆန်းစုကြည်က စစ်လက်နက်များကို ဖျက်သိမ်းပြီး စိုက်ပျိုးရေးယန္တရားများအဖြစ် ပြောင်းလဲရေးကို ထည့်သွင်းပြောကြားသွားခဲ့သည်။ ယင်းမှာ မြန်မာနိုင်ငံ၏ အရေးပါသော ခေါင်းဆောင်တစ်ဦး၏ အနာဂတ်လုပ်ငန်းစဉ်တစ်ခုအဖြစ် အားရကျေနပ်ဖွယ်ဖြစ်ပါ၏။ မြန်မာနိုင်ငံအပါအဝင် တစ်ကမ္ဘာလုံးက စစ်လက်နက်များလျှော့ချရေး၊ စစ်အသုံးစရိတ်များလျှော့ပေါ့ပြီး ပြည်သူလူထု၏ဘဝများ ပိုမိုသာယာပျော်ရွှင်ဖို့အရေးများကို စိုက်ထုတ်ကြဖို့သင့်နေပါပြီ။

ပြည်သူလူထုအများစုကြီး၏ အနာဂတ်ဘဝများ သာယာဖို့အတွက် ပိုမိုအာရုံစိုက်ကြရမည့် ပညာရေး၊ ကျန်းမာရေးတို့နှင့်အတူ ပြည်သူတို့အတွက် စိတ်ချလုံခြုံရသော ဘဝများကိုရရှိနိုင်ဖို့ ဥပဒေစိုးမိုးရေး၊ တန်းတူညီရေး၊ တိုင်းရင်းသားတို့၏ ညီညွတ်ရေးမှသည် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုထူထောင်နိုင်ရေးတို့က တဖြည်းဖြည်းချင်းနီးကပ်လာပြီဟု မျှော်လင့်ရပါသည်။

အတိုင်ပင်ခံပုဂ္ဂိုလ်၏ ညီလာခံမိန့်ခွန်းပါ နိုင်ငံရေးလုပ်ငန်းစဉ်ဖွင့်ဆိုချက်အတိုင်း မြန်မာပြည်သူလူထု၏ တန်းတူရေး၊ မျှတရေး၊ ငြိမ်းချမ်းရေး၊ သာယာဝပြောရေးပန်းတိုင်ဆီသို့ ပြည်သူတို့၏ ပူးပေါင်းဆောင်ရွက်မှုအင်အားဖြင့် မကြာတော့သောအချိန်ကာလတစ်ခုတွင် မုချမသွေ ရောက်ရှိလိမ့်မည်ဟု ယုံကြည်မျှော်လင့်နေကြပါကြောင်း။ ။

# စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးမှုလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကို မဖြစ်မနေ အလေးထားပေါင်းစပ်ဆောင်ရွက်ရန် အရေးတကြီးလိုအပ်လာ



**နေပြည်တော် စက်တင်ဘာ ၂၂**

ရာသီဥတုပြောင်းလဲမှု အပါအဝင် သဘာဝပတ်ဝန်းကျင်ဆိုင်ရာပြဿနာများသည် သက်ရှိလောက ရေရှည်စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် ဆင်းရဲမှု လျှော့ချရေးတို့အတွက် အဓိကစိန်ခေါ်မှုပင်ဖြစ်ပါကြောင်း၊ ရေရှည်ဖွံ့ဖြိုးတိုးတက်မှု၊ စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှု (Sustainable Development) ရရှိစေရေးအတွက် စီးပွားရေးနှင့် လူမှုရေးဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းများတွင် ပတ်ဝန်းကျင်ထိန်းသိမ်းရေးကိုလည်း မဖြစ်မနေ အလေးထားပေါင်းစပ်ဆောင်ရွက်ရန် အရေးတကြီး လိုအပ်လာကြောင်း၊ နိုင်ငံတကာ အဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရာတွင် လည်းကောင်း၊ ဘာသာရပ်ဆိုင်ရာ ကိစ္စရပ်များကို ကျွမ်းကျင်ပိုင်နိုင်အောင် ကြိုးစားလေ့လာဆည်းပူးသွားကြရန် လိုအပ်ကြောင်း စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီခွဲတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးတွင် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးအုန်းဝင်းက ပြောကြားသည်။

ပြည်ထောင်စုဝန်ကြီးက ပြောကြားရာတွင် "ကမ္ဘာ့လူဦးရေ တိုးတက်လာသည်နှင့်အမျှ လိုအပ်ချက်များ ဖြည့်ဆည်းနိုင်ရန်အတွက် သဘာဝသယံဇာတအရင်းအမြစ်များ အလွန်အကျွံ ထုတ်ယူသည့်အတွက်ကြောင့် သယံဇာတများ လျော့နည်းဆုံးရှုံးလာပြီး သစ်တောများ ပြုန်းတီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲများ လျော့နည်းလာခြင်း၊ ရေအရင်းအမြစ်များ ရှားပါးလာခြင်း၊ အခြားတစ်ဖက်တွင်လည်း နည်းပညာများ တီထွင်ခြင်း၊ စက်မှုလက်မှုများ ဖွံ့ဖြိုးတိုးတက်လာခြင်းတို့နှင့်အတူ စွန့်ပစ်ပစ္စည်းအမျိုးမျိုးကြောင့်လည်းကောင်း၊ စက်ရုံ၊ အလုပ်ရုံများ၊ ယာဉ်ယန္တရားအမျိုးမျိုးမှ အခိုးအငွေ့များ၊ ဓာတ်ငွေ့များ၊ အမှုန်များ စွန့်ထုတ်မှုကြောင့် လည်းကောင်း၊ ရေထု၊ မြေထုနှင့် လေထုညစ်ညမ်းမှုများ ဖြစ်ပေါ်လာရပြီး သဘာဝပတ်ဝန်းကျင် ယိုယွင်းမှုပြဿနာများသည် မြန်မာနိုင်ငံအပါအဝင် ကမ္ဘာအနှံ့ ကြုံတွေ့နေရပါကြောင်း။

ပတ်ဝန်းကျင်ယိုယွင်းမှု ပြဿနာများတွင် မိမိတို့ သက်ရှိလူသားများကို ခြိမ်းခြောက်နေသည့် အဓိကပြဿနာတစ်ခုမှာ ကမ္ဘာကြီးပူနွေးလာမှုကြောင့် ရာသီဥတု ပြောင်းလဲမှုဖြစ်ပေါ်ပြီး မုန်တိုင်းများတိုက်ခတ်ခြင်း၊ ပုံမမှန်မိုးရွာသွန်းမှုများကြောင့် ရေကြီးခြင်း အပြင် တစ်ဖက်တွင်လည်း အပူချိန်မြင့်မားခြင်း၊ ပင်လယ်ရေမျက်နှာပြင်မြင့်တက်လာခြင်း စသည့် ရာသီဥတုပြောင်းလဲမှုကြောင့် ဆိုးကျိုးဖြစ်စဉ်များကို ကမ္ဘာအနှံ့ကြုံတွေ့နေကြရကြောင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးသည် အစိုးရကချည်းမဟုတ်ဘဲ သက်ဆိုင်ရာဌာန အဖွဲ့အစည်းများ NGO များ၊ CSO များ အပါအဝင် ပြည်သူအားလုံး ပါဝင်ဆောင်ရွက်မှသာ ပိုမိုအောင်မြင်နိုင်မည်ဖြစ်သည့်အတွက် ပညာပေးလုပ်ငန်းများအား ကျယ်ကျယ်ပြန့်ပြန့် ဆောင်ရွက်ရန် ကိစ္စသည် အင်မတန်အရေးပါသည့် လုပ်ငန်းတစ်ရပ် ဖြစ်ပါကြောင်း၊ နယ်မြေအတွင်းရှိ ပုဂ္ဂလိကစက်မှုလုပ်ငန်း အသေးစား၊ အလတ်စား စက်ရုံ အလုပ်ရုံများအပါအဝင် စီမံကိန်းလုပ်ငန်းများမှ ထွက်ရှိသော စွန့်ပစ်ရေနှင့် ထုတ်လွှတ်အခိုးအငွေ့တို့ကြောင့် ပတ်ဝန်းကျင်အရည်အသွေးကို မထိခိုက်စေရန် ပတ်ဝန်းကျင်စီမံခန့်ခွဲမှုအစီအစဉ်တွင် ဖော်ပြထားသည့်အတိုင်း ဆောင်ရွက်မှုရှိ၊ မရှိနှင့် လိုက်နာမှုရှိ၊ မရှိကို မျက်ခြည်မပြတ် ကြီးကြပ်စောင့်ကြည့်စစ်ဆေးခြင်းများကိုလည်းကောင်း မှာကြားခဲ့သည်။

**(သတင်းစဉ်)**

# ဇမ္ဗူသီရိမြို့နယ်တွင် ပန်းချီပြိုင်ပွဲနှင့် ဆေးရောင်ခြယ်ပြိုင်ပွဲများ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲများကို စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီက နေပြည်တော် ဇမ္ဗူသီရိ မြို့နယ် ဝဏ္ဏသိဒ္ဓိရပ်ကွက်ရှိ အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း၌ ကျင်းပသည်။

မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲတွင် မူလတန်းအဆင့် ကလေးငယ် ၄၈ ဦးနှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲတွင် အလယ်တန်းအဆင့် ကလေးငယ် ၄၈ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

"ကလေးငယ်များ၏ စဉ်းစားတွေးခေါ်မှုဉာဏ်ရည်နှင့် အနုပညာစိတ်ဝင်စားမှုများ ပိုမိုရရှိလာစေရန် ရည်ရွယ်၍ အခုလို မူလတန်းအဆင့် ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် အလယ်တန်းအဆင့် ပန်းချီပြိုင်ပွဲများကို ကျင်းပရခြင်းဖြစ်ကြောင်း၊ ပြိုင်ပွဲဝင် ကလေးငယ်လေးများအား ပန်းချီစာအုပ်များ၊ ကာတွန်းစာအုပ်များနှင့် ဆေးရောင်ခြယ်စာအုပ်များကိုလည်း ပြသပေးခဲ့ကြောင်း" မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူး ဦးအောင်ရဲချိုက ပြောကြားသည်။

အဆိုပါ အဆင့်ဆေးရောင်ခြယ်ပြိုင်ပွဲနှင့် အဆင့်ပန်းချီပြိုင်ပွဲကို မြို့နယ်ပညာရေးမှူး ဦးဝင်းဇော်နှင့် ဝန်ထမ်းများ၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ ဆရာမများ တက်ရောက်ခဲ့ကြသည်။ **(သန့်မောင်)**




# လေငန်းရောဂါနှင့် တိုင်းရင်းဆေးပညာအကြောင်း ဆွေးနွေးဟောပြောပွဲ ကျင်းပမည်

**ရန်ကုန် စက်တင်ဘာ ၂၂**

ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန တိုင်းရင်းဆေးပညာဦးစီးဌာန ရန်ကုန်တိုင်းဒေသကြီးနှင့် ရန်ကုန်တိုင်းရင်းဆေးရုံကြီး၊ မြန်မာနိုင်ငံ တိုင်းရင်းဆေးဆရာအသင်း (ရန်ကုန်တိုင်းဒေသကြီး)တို့ ပူးပေါင်း၍ စဉ်ဆက်မပြတ် တိုင်းရင်းဆေးပညာစုပေါင်းဆွေးနွေးပွဲကို လစဉ်ကျင်းပလျက်ရှိရာ စက်တင်ဘာ ၂၇ ရက် (အင်္ဂါနေ့) မွန်းလွဲ ၁ နာရီတွင် ဗဟန်းမြို့နယ် ငါးထပ်ကြီးဘုရားလမ်းရှိ ရန်ကုန်တိုင်းရင်းဆေးရုံကြီး အစည်းအဝေးခန်းမ၌ ရန်ကုန်တိုင်းရင်းဆေးရုံကြီးမှ အကြီးတန်းတိုင်းရင်းဆေးမှူး ဆရာဦးတင့်လွင်က "လေငန်းရောဂါနှင့် တိုင်းရင်းဆေးပညာ" အကြောင်းကို စာတမ်းဖတ်ကြားဆွေးနွေးမည်ဖြစ်သဖြင့် စိတ်ပါဝင်စားသူ တိုင်းရင်းဆေးဆရာများတက်ရောက်၍ ဝိုင်းဝန်းဆွေးနွေးနိုင်ကြောင်း သိရသည်။

**(ကြေးမုံ)**

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဒင်
စာတည်းများ - ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ ဒေါ်ဝမ်းစိုး၊ ဒေါ်အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ခင်စုစုလှိုင်၊ အေးအေးမြင့်၊
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း
အထူးသတင်းထောက် - ဆုနှင်းလှို့
ပုံနှိပ်ခြင်းလုပ်ငန်းအမှတ်(၀၀၆၄၀)
ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့်
ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။
ကြေးမုံ The Mirror Established in 1957
၁၉၅၇ ခုနှစ် ဇွန် ၁ ရက် တွင် စတင်တည်ထောင်သည်။
Gmail themirror.npt@gmail.com
www.facebook.com/themirrordaily
နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၃၀၊
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ ၀၁-၈၆၁၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၀၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၇၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁

# မြန်မာနိုင်ငံရဲ့ ၂၀၁၆ ခုနှစ် နိုင်ငံတော်စီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုမူဝါဒကို စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ဖို့ ရေးဆွဲထား

❍ **ရွှေဖုံးမှ**

ကျွန်မတို့နိုင်ငံဟာ လွတ်လပ်ရေးရပြီးစ ၁၉၄၈ ခုနှစ်မှာပဲ ပြည်ထောင်စု မြန်မာနိုင်ငံအနေနဲ့ ကုလသမဂ္ဂအဖွဲ့သို့ ပါဝင်ခဲ့ပါတယ်။ အဲဒီအချိန်ဟာ ကမ္ဘာ့လူသားအားလုံးအနေနဲ့ ကမ္ဘာ့စစ်ကြီးရဲ့ အပျက်အစီးများမှ ရုန်းထွက်ပြီး ၎င်းတို့ရဲ့နိုင်ငံများ အသစ်တစ်ဖန် ပြန်လည်တည်ဆောက်နေတဲ့ အချိန်ဖြစ်သလို တန်းတူညီမျှမှု၊ သာယာဝပြောမှုနဲ့ တရားမျှတမှုတို့ဖြင့် ငြိမ်းချမ်းရေးကို ဖော်ဆောင်နိုင်တဲ့ လူသားတို့ရဲ့ စွမ်းဆောင်ရည်အပေါ် ယုံကြည်မှုတို့ကို ပြန်လည်တည်ဆောက်နိုင်မယ်လို့ ယုံကြည်မှုအပြည့်အဝထားတဲ့ ခေတ်ကာလတစ်ခုလည်း ဖြစ်ပါတယ်။ ယခုအချိန်ဟာဆိုရင်လည်း မြန်မာနိုင်ငံအနေနဲ့ ခိုင်မာတဲ့ မျှော်လင့်ချက်များထားရှိနေတဲ့ အချိန်ကာလဖြစ်နေပြန်ပါတယ်။ ပြီးခဲ့တဲ့နှစ်နိုဝင်ဘာလအတွင်း မြန်မာနိုင်ငံမှာကျင်းပခဲ့တဲ့ အထွေထွေရွေးကောက်ပွဲမှာ ပြည်သူများက အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ကို ထောက်ခံမဲများအပြတ်အသတ်ပေးခဲ့ခြင်းဟာ နိုင်ငံရေးပါတီတစ်ခုကို ထောက်ခံခြင်းသက်သက်မဟုတ်ဘဲ နိုင်ငံရဲ့အနာဂတ်ကို ၎င်းတို့ရဲ့အိပ်မက်များ၊ မျှော်လင့်ချက်များနဲ့အညီ ဖန်တီးနိုင်ဖို့အတွက် ၎င်းတို့ရဲ့ အခွင့်အရေးနဲ့ စွမ်းဆောင်ရည်များအပေါ် ယုံကြည်မှုရှိကြောင်း ထင်ဟပ်တဲ့ နိုင်ငံရေးယဉ်ကျေးမှုတစ်ခုကို ပြသခဲ့ခြင်းဖြစ်ပါတယ်။ ဒီအိပ်မက်များ၊ မျှော်လင့်ချက်များဟာ ကုလသမဂ္ဂကို စတင်တည်ထောင်စေခဲ့တဲ့ အိပ်မက်များ၊ မျှော်လင့်ချက်များနဲ့အတူတူပင် ဖြစ်ပါတယ်။

**သဘာပတိကြီးရှင့်**

ခရီးသွားမှ ထယ်သွားအဖြစ် ပြောင်းလဲရေး သို့တည်းမဟုတ် ပိုမိုခေတ်မီတဲ့ အသုံးအနှုန်းနဲ့ ဒါကိုပြောကြားရမယ်ဆိုရင် အဖျက်လက်နက်များကို လယ်ယာသုံးကိရိယာများအဖြစ် ပြောင်းလဲရေးအိပ်မက်ဟာ ပဋိပက္ခများရဲ့ ဖိအားကြောင့် အိပ်စက်မှုနဲ့နေရပ်များကို ကာလရှည်ကြာစွာ စွန့်လွှတ်နေခဲ့ရတဲ့ ကျွန်မတို့ ပြည်သူများရဲ့ စိတ်ထဲနှလုံးသားထဲမှာရှိနေပါတယ်။ မိမိတို့နေအိမ်များအတွင်းမှာ လုံခြုံဘေးကင်းစွာ နေထိုင်နိုင်ရေး၊ မိမိတို့ရဲ့စွမ်းဆောင်ရည်ကို အပြည့်အဝ ဖော်ထုတ်နိုင်စွမ်းအပေါ် ယုံကြည်မှုရှိရေး၊ လူငယ်များဖွံ့ဖြိုးတိုးတက်ရေးနဲ့ သက်ကြီးရွယ်အိုများရဲ့ လုံခြုံမှုအလားအလာများအပေါ် ကျေနပ်မှုရှိရေး၊ ငြိမ်းချမ်းသာယာဝပြောသော ပြည်ထောင်စုတစ်ခုရဲ့ နိုင်ငံသားများအတွက် ၎င်းတို့ရဲ့အခွင့်အရေးများနဲ့ တာဝန်ဝတ္တရားများ ခိုင်မာမှုရှိရေးတို့ဟာ ကျွန်မတို့ရဲ့ ရိုးရှင်းတဲ့ မျှော်လင့်ချက်များပဲဖြစ်ပါတယ်။ ရိုးရှင်းပေမယ့် အောင်မြင်ဖို့ဆိုတာ ခက်ခဲကြောင်းအထူးပြောဖို့မလိုပါဘူး။ ကျွန်မတို့ရဲ့ ရည်မှန်းချက်များကို ဖော်ဆောင်ပေးမယ့် တစ်ခုတည်းသောလမ်းကြောင်းကတော့ ငြိမ်းချမ်းရေးလမ်းကြောင်းသာဖြစ်ပြီး ဒီလမ်းကြောင်းကို မျှော်လင့်ချက်များ၊ သန္နိဋ္ဌာန်များနဲ့အတူ လျှောက်လှမ်းသွားရမှာဖြစ်ပါတယ်။

**သဘာပတိကြီးရှင့်**

မြန်မာပြည်သူပြည်သားများအနေနဲ့ ၎င်းတို့ရဲ့ မွေးရာပါအခွင့်အရေးများဖြစ်တဲ့ ငြိမ်းချမ်းလုံခြုံစွာ နေထိုင်နိုင်ရေး၊ အခြေခံလွတ်လပ်ခွင့်များရရှိရေး၊ ဖွံ့ဖြိုးတိုးတက်ရေးတို့ကို ကာလကြာရှည်မရရှိ မခံစားခဲ့ကြရပါ။ ဒီအခွင့်အရေးများဟာ ၂၀၃၀ ပြည့်နှစ် စဉ်ဆက်မပြတ်ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်များနဲ့လည်း အကျုံးဝင်ပါတယ်။ နှစ်ပေါင်း(၆၀)ကျော် ပြည်တွင်းလက်နက်ကိုင် ပဋိပက္ခများကိုတွေ့ကြုံခံစားခဲ့ရတဲ့ နိုင်ငံတစ်နိုင်ငံအတွက် ရေရှည်တည်တံ့တဲ့ ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့လောက် အရေးကြီးတဲ့ ကိစ္စရပ်ရှိမှာမဟုတ်ပါဘူး။ အစိုးရသစ်အနေနဲ့ ဒီလိုခက်ခဲရှုပ်ထွေးတဲ့ကိစ္စရပ်ကို အဓိကစိန်ခေါ်မှုတစ်ရပ် အနေနဲ့လည်းကောင်း၊ ပင်မဦးစားပေးလုပ်ငန်းတစ်ရပ် အနေနဲ့လည်းကောင်း ကိုင်တွယ်ဆောင်ရွက်လျက်ရှိပါတယ်။ မကြာသေးခင်က (၂၁)ရာစုပင်လုံလို့ခေါ်တဲ့ ပထမဆုံးသော ပြည်ထောင်စုငြိမ်းချမ်းရေး ညီလာခံကြီးကို ကျင်းပခဲ့ပါတယ်။ ဒီလိုခေါ်ရခြင်းဟာ လွတ်လပ်သော မြန်မာနိုင်ငံကို အခြေခံအုတ်မြစ် ချပေးနိုင်ခဲ့တဲ့ ၁၉၄၇ ခုနှစ် ပင်လုံညီလာခံကြီးရဲ့ ပင်လုံစိတ်ဓာတ်ကို ကိုယ်စားပြုခေါ်ဝေါ်ခဲ့ခြင်းဖြစ်ပါတယ်။

ဒီပြည်ထောင်စုငြိမ်းချမ်းရေးညီလာခံကြီးဟာ ပြည်ထောင်စုစိတ်ဓာတ်ကိုလည်းကောင်း၊ အားလုံးပါဝင်ခွင့်ရှိစေရေးဆိုတဲ့ အခြေခံမူကိုလည်းကောင်း အခြေခံကျင်းပခဲ့ပြီး အစိုးရ၊ လွှတ်တော်၊ တပ်မတော်၊ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များ၊ နိုင်ငံရေးပါတီများ၊ အရပ်ဘက်လူမှုအဖွဲ့အစည်းများမှ ကိုယ်စားလှယ်များ ပါဝင်တက်ရောက်ခဲ့ကြပါတယ်။ သို့သော် ဒီလိုညီလာခံကြီးကျင်းပရုံသက်သက်နဲ့တော့ ရည်မှန်းချက်ကို ရောက်ရှိမှာမဟုတ်ပါဘူး။ ဒီညီလာခံဟာ နောင်လာမယ့် မျိုးဆက်သစ်များကို ပြည်သူများအကြား မဖော်ပြနိုင်တဲ့ ဝမ်းနည်းကြေကွဲမှုများပေါ်ပေါက်စေတဲ့ ညီနောင်များ စိတ်ဝမ်းကွဲမှုများမှ လွတ်မြောက်စေမယ့် အမျိုးသားပြန်လည်သင့်မြတ်မှုနဲ့ ရေရှည်တည်တံ့မယ့် ငြိမ်းချမ်းရေးတို့ကို ရှေးရှုတဲ့ခရီးမှာပထမဆုံးအရေးကြီးတဲ့ ခြေလှမ်းတစ်ရပ်သာ ဖြစ်ပါတယ်။

**သဘာပတိကြီးရှင့်**

ပြီးခဲ့တဲ့နှစ်အနည်းငယ်အတွင်း မြန်မာနိုင်ငံရခိုင်ပြည်နယ်ရဲ့အခြေအနေကို တစ်ကမ္ဘာလုံးက အာရုံစိုက်ခဲ့ကြပါတယ်။ ကမ္ဘာ့အသိုက်အဝန်းဝင် တာဝန်သိနိုင်ငံ တစ်နိုင်ငံအနေနဲ့ နိုင်ငံတကာအသိုက်အဝန်းရဲ့ ဝေဖန်မှုများအပေါ် ကြောက်ရွံ့တုန်လှုပ်ခြင်းမရှိပါဘူး။ ရခိုင်ပြည်နယ်ရှိ လူမှုအသိုက်အဝန်းအားလုံးအတွက် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်ပေးနိုင်မယ့် ရေရှည်တည်တံ့တဲ့ အဖြေတစ်ရပ်ရရှိရေးကို သန္နိဋ္ဌာန်ရှိရှိနဲ့ ဆောင်ရွက်နေပါတယ်။ မိမိတို့အစိုးရအနေနဲ့ ဖွံ့ဖြိုးတိုးတက်မှုကို ပဓာနထားပြီး နားလည်မှုနဲ့ယုံကြည်မှုတို့ တိုးမြှင့်စေမယ့် ရေတို၊ ရေရှည်အစီအစဉ်များပါဝင်တဲ့ အားလုံးခြုံငုံမိသော နည်းလမ်းတစ်ရပ်ဖြင့် ဆောင်ရွက်လျက်ရှိပါတယ်။

ကျွန်မတို့အစိုးရသစ်အနေနဲ့ တာဝန်ယူပြီးမကြာခင်မှာပဲ ရခိုင်ပြည်နယ် ငြိမ်းချမ်းရေး၊ တည်ငြိမ်ရေးနဲ့ဖွံ့ဖြိုးတိုးတက်မှုအကောင်အထည်ဖော်ရေး ဗဟိုကော်မတီကို ဖွဲ့စည်းခဲ့ပြီး လုံခြုံရေး၊ ငြိမ်းချမ်းရေးနဲ့ တရားဥပဒေ လိုက်နာရေး၊ လူဝင်မှုကြီးကြပ်ရေးနဲ့ နိုင်ငံသားစိစစ်ရေး၊ နေရာချထားရေး၊ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်ရေး၊ လူသားချင်းစာနာမှု အထောက်အပံ့များ ပေးအပ်နေတဲ့ ကုလသမဂ္ဂနဲ့ နိုင်ငံတကာ အဖွဲ့အစည်းများနဲ့ ပူးပေါင်းညှိနှိုင်းဆောင်ရွက်ရေးတို့ကို ဆောင်ရွက်လျက်ရှိပါတယ်။

ဒီကိစ္စရပ်ကို ပြည့်စုံကောင်းမွန်စွာနဲ့ ထိရောက်စွာကိုင်တွယ်ဖြေရှင်းရေး အထောက်အကူပြုစေရန်နဲ့ ပိုမိုကောင်းမွန်စေဖို့ ရခိုင်ပြည်နယ်ဆိုင်ရာ အကြံပေးကော်မရှင်ကို ဖွဲ့စည်းခဲ့ပြီး အဲဒီအကြံပေးကော်မရှင်ဥက္ကဋ္ဌအဖြစ် ယခင်ကုလသမဂ္ဂအတွင်းရေးမှူးချုပ် တာဝန်ထမ်းဆောင်ခဲ့တဲ့ ဒေါက်တာကိုဖီအာနန်က ဆောင်ရွက်မှာဖြစ်ပါတယ်။

အဆိုပါကော်မရှင် ဖွဲ့စည်းခဲ့တဲ့အပေါ် တချို့က ဆန့်ကျင်ဝေဖန်မှုများ အစဉ်တစိုက်ပြုလုပ်ခဲ့ပါတယ်။ သို့ပေမယ့်လည်း ကျွန်မတို့ဟာ ရခိုင်ပြည်နယ်အတွင်း သဟဇာတရှိမှု၊ ငြိမ်းချမ်းရေးနဲ့ ကြွယ်ဝချမ်းသာရေးအတွက် ကြိုးပမ်းမှုများကို ဆက်လက်ဆောင်ရွက်သွားဖို့ သန္နိဋ္ဌာန်ချထားပြီးဖြစ်ပါတယ်။ ဒီနေရာမှာ နိုင်ငံတကာ အသိုက်အဝန်းအနေနဲ့ နားလည်မှုနဲ့ အပြုသဘော ကူညီဆောင်ရွက်ပေးဖို့ကိုလည်း ပြောကြားလိုပါတယ်။ တစ်ဖက်သတ်ပြုမှုသူများနှင့် သည်းခံခြင်းတရားမရှိသူများရဲ့ ဖိအားပေးမှုများကို ကြံ့ကြံ့ခံလျက် အခြေခံလူ့အခွင့်အရေး၊ လူ့ဂုဏ်သိက္ခာနဲ့ လူသားတစ်ဦးအဖြစ် တန်ဖိုးထားမှုအပေါ် ကျွန်မတို့ရဲ့ယုံကြည်မှုကို ထပ်မံအတည်ပြုပြောကြားလိုပါတယ်။

> **ရွှေ့ပြောင်းသွားလာသူများဟာ သူတို့ရဲ့ အိမ်ရှင်နိုင်ငံတွေရဲ့ စီးပွားရေးနဲ့ ကမ္ဘာ့စီးပွားရေးကို အထောက်အကူပြုတယ်ဆိုတာကို ကျွန်မတို့ မေ့ထားလို့မဖြစ်ပါဘူး။ ဒါ့ကြောင့် ရွှေ့ပြောင်းသွားလာတဲ့ အလုပ်သမားများရဲ့ အခွင့်အရေးတွေကို အာမခံချက်ပေးနိုင်ဖို့ အိမ်ရှင်နိုင်ငံနဲ့ မူရင်းနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုနဲ့ ပေါင်းစပ်ညှိနှိုင်းမှုတွေ ပြုလုပ်ခြင်းဟာ နှစ်နိုင်ငံစလုံးကို အထောက်အကူပေးလိမ့်မယ်လို့ ကျွန်မယုံကြည်ပါတယ်။**

**သဘာပတိကြီးရှင့်**

ကျွန်မတို့ ပြည်သူတွေရဲ့ လူမှုရေးနဲ့စီးပွားရေးလိုအပ်ချက်တွေကို အောင်မြင်စွာ ဖြည့်ဆည်းပေးမယ့် မူဝါဒများနဲ့ အစီအစဉ်များကိုအောင်အောင်မြင်မြင် အကောင်အထည်ဖော်နိုင်ရေးအတွက် ငြိမ်းချမ်းရေးနဲ့ အမျိုးသားပြန်လည်သင့်မြတ်ရေးတို့ဟာ မရှိမဖြစ် ကနဦးလိုအပ်ချက်များဖြစ်ပါတယ်။ မြန်မာနိုင်ငံရဲ့ ၂၀၁၆ ခုနှစ် နိုင်ငံတော်စီးပွားရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုမူဝါဒကိုလည်း စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုရည်မှန်းချက်ပန်းတိုင် အတော်များများကို အကောင်အထည်ဖော်ဖို့ ဦးတည်ရေးဆွဲထားတာဖြစ်ပါတယ်။ အဲဒီလို ထည့်သွင်းရေးဆွဲထားတဲ့ မူဝါဒထဲမှာ အခြေခံအဆောက်အအုံရင်းနှီးမြှုပ်နှံမှု၊ စိုက်ပျိုးရေး၊ ပုဂ္ဂလိကကဏ္ဍ၊ အသေးစားနဲ့အလတ်စားစီးပွားရေးလုပ်ငန်းများနဲ့ အထူးသဖြင့် ဆင်းရဲနွမ်းပါးမှုပပျောက်ရေးတို့ကို တိုးမြှင့်ဆောင်ရွက်ဖို့ ရည်မှန်းချက်တွေ ပါဝင်ပါတယ်။ ကျွန်မတို့ရဲ့ ပြည်သူဗဟိုပြုပြီး အားလုံးပါဝင်တဲ့ မူဝါဒရဲ့ အဓိကဦးတည်ချက်တွေကတော့ အမျိုးသားပြန်လည်သင့်မြတ်ရေး၊ အလုပ်အကိုင်ဖန်တီးရေးနဲ့ သဘာဝသယံဇာတများထိန်းသိမ်းရေး၊ လူငယ်များအတွက် စွမ်းရည်မြှင့်တင်ပေးရေးနဲ့ အခွင့်အလမ်းများ ဖန်တီးပေးရေးတို့ ပါဝင်ပါတယ်။

**သဘာပတိကြီးရှင့်**

ယမန်နေ့ကဖွင့်လှစ်ခဲ့တဲ့ ကုလသမဂ္ဂအထွေထွေညီလာခံရဲ့ အထွေထွေမူဝါဒရေးရာဆွေးနွေးမှုများမှာ ကုလသမဂ္ဂအဖွဲ့ဝင်နိုင်ငံများအနေနဲ့ ကျွန်မတို့ရဲ့ တူညီတဲ့ စိုးရိမ်မှုများအပေါ် ပြည့်ပြည့်စုံစုံဆွေးနွေးခဲ့ကြပါတယ်။ ဒါ့ကြောင့် ကျွန်မအနေနဲ့ ရွှေ့ပြောင်းသွားလာခြင်း၊ အကြမ်းဖက်တိုက်ခိုက်မှုနဲ့ ချူကလီးယားလက်နက်ဖျက်သိမ်းရေးကိစ္စတို့ကိုပဲ သဘာပတိကြီးတို့ သတ်မှတ်ခွင့်ပြုပေးထားတဲ့ အချိန်အကန့်အသတ်အတွင်းမှာ ပြောကြားသွားမှာဖြစ်ပါတယ်။

**သဘာပတိကြီးရှင့်**

ပြဿနာတွေရဲ့ အရင်းအမြစ်ကို စုံစမ်းဖော်ထုတ်နိုင်မှသာ ပြဿနာတွေကို ရေရှည်ဖြေရှင်းနိုင်မှာဖြစ်ပါတယ်။ မကြာသေးမီနှစ်များအတွင်း ရွှေ့ပြောင်းသွားလာမှု ပမာဏဟာ မကြုံဖူးလောက်အောင်များပြားလာခြင်းနဲ့ အကျိုးဆက်အဖြစ် ပေါ်ပေါက်လာတဲ့ ဆင်းရဲဒုက္ခတွေဟာ မှုမမှန်တဲ့ ရွှေ့ပြောင်းသွားလာမှုကိုဖြစ်စေတဲ့ အဓိကအချက်နှစ်ချက်ဖြစ်တဲ့ ငြိမ်းချမ်းမှုမရှိခြင်းနဲ့ ဖွံ့ဖြိုးတိုးတက်မှုမရှိခြင်းတို့ကို ကိုင်တွယ်ဖြေရှင်းဖို့ လိုအပ်လာတယ်ဆိုတာ တွေ့ရပါတယ်။ ကျွန်မတို့အနေနဲ့ ငြိမ်းချမ်းရေးနဲ့ ဖွံ့ဖြိုးတိုးတက်မှုတည်ဆောက်ရေးအကြောင်းပြောတဲ့အခါမှာ ဘက်ပေါင်းစုံပါဝင်တဲ့ စီးပွားရေးမူဝါဒများကို ဟန်ချက်ညီညီအကောင်အထည်ဖော်မှုနဲ့အတူ အရေးကြီးတဲ့ လူ့အခွင့်အရေး၊ တန်းတူညီမျှမှုရှိရေး၊ မတူကွဲပြားမှုနဲ့ စိတ်ရှည်သည်းခံမှုတို့ကို လေးစားမှုမြှင့်တင်ရေးတို့ကိုလည်း လျစ်လျူရှုလို့မရနိုင်ပါဘူး။ ဒါဟာ ကျွန်မတို့ကို စိန်ခေါ်နေတဲ့ လုပ်ငန်းတာဝန်တစ်ရပ်ဖြစ်ပြီး နိုင်ငံတကာဥပဒေနဲ့အညီ တရားမျှတပြီး နားလည်လက်ခံနိုင်တဲ့ ဖြေရှင်းမှုတွေကိုရှာဖွေရာမှာ နိုင်ငံအများက ပူးပေါင်းပါဝင်ပြီး အတူလုပ်ကိုင်ဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ ရွှေ့ပြောင်းသွားလာသူများဟာ သူတို့ရဲ့ အိမ်ရှင်နိုင်ငံတွေရဲ့ စီးပွားရေးနဲ့ ကမ္ဘာ့စီးပွားရေးကို အထောက်အကူပြုတယ်ဆိုတာကို ကျွန်မတို့ မေ့ထားလို့မဖြစ်ပါဘူး။ ဒါ့ကြောင့် ရွှေ့ပြောင်းသွားလာတဲ့ အလုပ်သမားများရဲ့ အခွင့်အရေးတွေကို အာမခံချက်ပေးနိုင်ဖို့ အိမ်ရှင်နိုင်ငံနဲ့ မူရင်းနိုင်ငံတို့အကြား ပူးပေါင်းဆောင်ရွက်မှုနဲ့ ပေါင်းစပ်ညှိနှိုင်းမှုတွေ ပြုလုပ်ခြင်းဟာ နှစ်နိုင်ငံစလုံးကို အထောက်အကူပေးလိမ့်မယ်လို့ ကျွန်မယုံကြည်ပါတယ်။ ကျွန်မတို့ရဲ့ကမ္ဘာမြေကြီးဟာ လူတိုင်းမျှဝေခံစားတဲ့ နေရာတစ်ခုဖြစ်ပါတယ်။ တန်ဖိုးများနဲ့ ခနဉစ္စာတို့ကို ခွဲဝေခံစားခြင်းဖြင့် ပိုမိုကောင်းမွန်တဲ့ ကမ္ဘာကြီးကို ဖန်တီးနိုင်မှာဖြစ်ပါတယ်။

**သဘာပတိကြီးရှင့်**

ကျွန်မတို့ဟာဘာသာရေး၊ ယဉ်ကျေးမှုနဲ့ လူအချင်းချင်းသည်းခံမှု ကင်းမဲ့ခြင်းတို့နဲ့ ဆက်နွှယ်နေတဲ့ ပြင်းထန်တဲ့အစွန်းရောက်မှုဆိုင်ရာ လက္ခဏာရပ်များနဲ့ ပုံစံများအားလုံးကို စည်းလုံးညီညွတ်စွာနဲ့ အတူတကွ ဆန့်ကျင် ရပ်တည်ကြရမှာ ဖြစ်ပါတယ်။ အစွန်းရောက်ဝါဒဟာ အကြမ်းဖက်မှုရဲ့ အခြေခံအရင်းအမြစ်ဖြစ်ကြောင်း သိရှိလက်ခံပြီးနောက်မှာ အကြမ်းဖက်ဝါဒကို ပေါ်ပေါက်စေတဲ့ အကြောင်းရင်းများကို စူးစမ်းရှာဖွေဖို့ လိုအပ်ပါတယ်။ လူမှုရေးနဲ့စီးပွားရေးလုံခြုံမှုကင်းမဲ့ခြင်းတွေဟာလည်း အရေးကြီးတဲ့ အကြောင်းအချက်တွေဖြစ်တယ်ဆိုတာ သံသယဖြစ်စရာမရှိပါဘူး။ ဒါ့အပြင် ရည်ရွယ်ချက်ကင်းမဲ့မှု၊ ဘဝမှာ ဦးတည်ချက်မဲ့တဲ့ ခံစားမှုတို့ဟာလည်း လူအများ၊ အထူးသဖြင့် လူငယ်များကိုမိမိကိုယ်ကို ယုံကြည်မှုပေးနိုင်တယ်လို့ထင်ရတဲ့ အတွေးအခေါ်လှည့်ကွက်များထဲ ကျရောက်စေနိုင်ပါတယ်။

**သဘာပတိကြီးရှင့်**

မြန်မာနိုင်ငံအနေဖြင့် နျူကလီးယား လက်နက်များကင်းမဲ့တဲ့ ကမ္ဘာကြီးဖြစ်ပေါ်လာစေရေး တိုက်တွန်းအားပေးလျက်ရှိပါတယ်။ လက်ရှိနဲ့အနာဂတ်မျိုးဆက်များအတွက် ငြိမ်းချမ်းရေးနဲ့ လုံခြုံရေးရရှိစေရန် ရည်ရွယ်ပြီး နျူကလီးယားလက်နက်ဖျက်သိမ်းရေးဆိုင်ရာ ဆုံးဖြတ်ချက်အဆိုတစ်ရပ်ကို ကုလသမဂ္ဂအထွေထွေညီလာခံမှာ နှစ်စဉ် တင်သွင်းလျက်ရှိပါတယ်။ ကမ္ဘာပေါ်ရှိ ဒေသအသီးသီးမှာ နျူကလီးယားလက်နက်ကင်းမဲ့ရေးဇုန်များ တည်ထောင်ခြင်းဟာလည်း ဒီပန်းတိုင်ကို အထောက်အပံ့ပြုလျက်ရှိပါတယ်။ ကျွန်မတို့အနေနဲ့ ဒီနေ့မွန်းလွဲပိုင်းမှာ နျူကလီးယားလက်နက်စမ်းသပ်ဖောက်ခွဲမှု အလုံးစုံတားဆီးပိတ်ပင်ရေးဆိုင်ရာ စာချုပ်ကိုအတည်ပြုပါဝင်ကြောင်း စာချွန်လွှာကို ပေးအပ်သွားမှာဖြစ်တဲ့အကြောင်း ဒီညီလာခံကြီးကို ဝမ်းမြောက်စွာ အသိပေးပြောကြားလိုပါတယ်။

**သဘာပတိကြီးရှင့်**

ကျွန်မတို့ဟာ ပဋိပက္ခတွေအတွက် ပေးဆပ်ရတဲ့တန်ဖိုးကို သိသလို ရုန်းကန်လှုပ်ရှားရတဲ့ ဒဏ်ရာဒဏ်ချက်တွေကိုလည်း ခံစားခဲ့ရပါတယ်။ ကမ္ဘာပေါ်မှာရှိတဲ့ ဘယ်သူတစ်ဦးတစ်ယောက်နဲ့ ဘယ်နိုင်ငံကိုမှ ဒီလိုအဖြစ်မျိုး မကြုံစေချင်ပါဘူး။ စစ်မှန်တဲ့ ဒီမိုကရေစီဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ဖို့ ကျွန်မတို့လျှောက်လှမ်းခဲ့တဲ့ ခရီးတစ်လျှောက် ကူညီပေးခဲ့တဲ့သူအားလုံးကို ကျေးဇူးတင်ရှိပါတယ်။ ဒီခက်ခဲကြမ်းတမ်းတဲ့ လမ်းတစ်လျှောက် ကိုယ်ချင်းစာတရား၊ အကြင်နာမေတ္တာတရားနဲ့ နားလည်မှုတို့နဲ့ ကူညီပေးခဲ့ကြပါတယ်။

ယနေ့ကမ္ဘာကြီးက ကြုံတွေ့နေရတဲ့ပြဿနာများကို ရင်ဆိုင်ရာမှာလည်း ဒါတွေလိုအပ်ပါတယ်။ ကျွန်မအနေနဲ့ ဆောင်ရွက်ပေးမယ်လို့ ကမ်းလှမ်းမှုတွေထက် ဒေါသ၊ အမုန်းတရား၊ မကျေနပ်မှု၊ တောင်းဆိုမှုတွေကိုသာအများအပြား ကြုံတွေ့ခဲ့ရပါတယ်။ ကျွန်မတို့ရဲ့ကမ္ဘာကြီးကို ပိုမိုကြင်နာတတ်စေချင်သလို ရယူခြင်းထက် ပေးဆပ်ခြင်းကိုလည်း ပိုမိုနေရာရစေလိုပါတယ်။ လောဘ၊ ဒေါသ၊ ကြောက်ရွံ့မှု၊ မသိနားမလည်မှုတွေဟာ မြန်မာနိုင်ငံမှာအဂတိလိုက်စားမှုရဲ့ အကြောင်းရင်းများဖြစ်ပါတယ်။ အဂတိလိုက်စားမှုလို့ ပြောရာမှာ လာဘ်ပေးလာဘ်ယူပြုလုပ်မှုသက်သက်ကိုသာ ဆိုလိုခြင်းမဟုတ်ဘဲ လူ့သဘာဝကျင့်ဝတ်ပျက်ခြင်းကိုဆိုလိုပါတယ်။ လောဘ၊ ဒေါသ၊ ကြောက်ရွံ့မှု၊ မသိနားမလည်မှုများဟာ လူ့သဘာဝကျင့်ဝတ်ကို ပျက်စေသလို ကမ္ဘာကြီးကိုလည်း ကျင့်ဝတ်ပျက်စေပါတယ်။ ကျွန်မတို့ရဲ့ မြေးမြစ်အဆက်ဆက်အတွက် ပိုမိုကောင်းမွန်တဲ့နေစရာအဖြစ် ကမ္ဘာကြီးကိုဖန်တီးရာမှာ ဝိုင်းဝန်းကူညီဆောင်ရွက်ကြပါလို့ တိုက်တွန်းလိုပါတယ်။ ဒီလိုကမ္ဘာ့နိုင်ငံအများ စုဝေးတဲ့နေရာမှာပဲ ဒီလိုမေတ္တာရပ်ခံမှုမျိုး ပြုလုပ်ရခြင်းဖြစ်ပါတယ်။ ဒါ့ကြောင့် ကျွန်မတို့အားလုံးအတူတကွ ဒေါသ၊ အမုန်းတရား၊ အကြောက်တရားနဲ့ မသိနားမလည်မှုတွေကို ဆန့်ကျင်ရပ်တည်ကြပါစို့၊ ကိုယ်ချင်းစာတရား၊ အကြင်နာမေတ္တာတရား၊ အခြားသူများရဲ့ ကံကြမ္မာကောင်းတွေအပေါ် ဝမ်းမြောက်တဲ့စိတ်များ မွေးမြူနိုင်ပြီး ပိုမိုကောင်းမွန်တဲ့ ကမ္ဘာကြီးဆီသို့ လျှောက်လှမ်းရာလမ်း ရှာဖွေကြပါစို့လို့ တိုက်တွန်းအပ်ပါတယ်။

**ကျေးဇူးတင်ပါတယ်။**

# လာမည့်ဆယ်စုနှစ်တစ်ခုအတွင်း နျူကလီးယားဓာတ်အားပေးစက်ရုံ ၆၀ ခန့် တရုတ် တည်ဆောက်မည်



**ပေကျင်း စက်တင်ဘာ ၂၂**
တိုင်းပြည်တစ်ဝန်း နျူကလီးယားဓာတ်အားပေးစက်ရုံ ၆၀ ကျော်တည်ဆောက်မည့် ရည်မှန်းချက်ကြီးမားသော အစီအစဉ်တစ်ရပ်ကို တရုတ်နိုင်ငံမှ အရေးပါသော နျူကလီးယားကုမ္ပဏီကြီးသုံးခုက ထုတ်ဖော်ကြေညာလိုက်သည်။

တရုတ်နိုင်ငံတကာအသံလွှင့်ဌာန (CRI) ၏အဆိုအရ ယခုလအစောပိုင်းက ဗြိတိန်နိုင်ငံ လန်ဒန်မြို့တော်၌ကျင်းပသော ကမ္ဘာ့နျူကလီးယားအသင်းစာတမ်းဖတ်ပွဲ အခမ်းအနားကာလအတွင်း အဆိုပါကြေညာချက်ထွက်ပေါ်လာခြင်းဖြစ်သည်။ အဆိုပါကုမ္ပဏီသုံးခုဖြစ်သော နိုင်ငံပိုင်နျူကလီးယားစွမ်းအင် နည်းပညာကော်ပိုရေးရှင်း (SNPTC)၊ တရုတ်အမျိုးသားနျူကလီးယားကော်ပိုရေးရှင်းနှင့် တရုတ်အထွေအထွေနျူကလီးယားစွမ်းအင်ကော်ပိုရေးရှင်းတို့က တစ်နှစ်လျှင် နျူကလီးယားဓာတ်ပေါင်းဖိုနှစ်လုံးထက်မနည်း တည်ဆောက်သွားမည်ဖြစ်ကြောင်း SNPTC ဒုတိယဥက္ကဋ္ဌ ကျောင်ကွမ်မင်းက ပြောကြားသည်။

တည်ဆောက်ရန်စီစဉ်ထားသော နျူကလီးယားဓာတ်အားပေးစက်ရုံ ၆၀ ခန့်အနက် နျူကလီးယားဓာတ်ပေါင်းဖို ၆ ခုမှ ၁၀ ခုထိကို တရုတ်ပြည်တွင်းထုတ် CAP 1400 နည်းပညာ အသုံးပြုသွားမည်ဟု ကျောင်က ဆိုသည်။ လက်ရှိအချိန်တွင် CAP 1400 နည်းပညာသုံး နျူကလီးယားဓာတ်ပေါင်းဖိုနှစ်လုံးကို ကျဲကျင်းပြည်နယ် ဆန်းမင်စီရင်စု၌ တည်ဆောက်လျက်ရှိသည်။ ၂၀၃၀ ခုနှစ်မတိုင်မီ ပိုးလမ်းမကြီးတစ်လျှောက်ရှိ တိုင်းပြည်များ၌ နျူကလီးယားဓာတ်အားပေးစက်ရုံ ၃၀ တည်ဆောက်ရန် တရုတ်နိုင်ငံက ရည်မှန်းနေသည်။ တရုတ်နိုင်ငံမှာ အာဂျင်တီးနား၊ ဘရာဇီး၊ အီဂျစ်၊ ဗြိတိန်၊ ပြင်သစ်နှင့် ဂျော်ဒန် အပါအဝင် နိုင်ငံအများအပြားနှင့် နျူကလီးယားစွမ်းအင် ပူးပေါင်းဆောင်ရွက်မှုဆိုင်ရာ သဘောတူညီချက်များ ရရှိခဲ့သည်။

လာမည့်ငါးနှစ်အတွင်း တရုတ်နိုင်ငံ၏နျူကလီးယား အဆောက်အအုံများမှာ ဈေးကွက်တန်ဖိုးအားဖြင့် ယွမ် ၂၀ ဘီလီယံ (အမေရိကန်ဒေါ်လာ ၃ ဘီလီယံ) ရှိလာမည်ဟု CRI က ခန့်မှန်းတွက်ချက်ထားသည်။ လက်ရှိအချိန်တွင် တရုတ်နိုင်ငံ၌ လုပ်ငန်းလည်ပတ်နေသော နျူကလီးယားဓာတ်ပေါင်းဖို ၃၀ နှင့် တည်ဆောက်ဆဲ နျူဓာတ်ပေါင်းဖို ၂၁ လုံးရှိသည်။ စီမံချက်အရ ၂၀၃၀ ခုနှစ်မတိုင်မီ နျူကလီးယားစွမ်းအင်မှ စွမ်းအင် ၁၀ ရာခိုင်နှုန်းရရှိရန်ရည်ရွယ်၍ နျူကလီးယားစက်ရုံသစ်များတည်ဆောက်ရန် တရုတ်နိုင်ငံက အမေရိကန်ဒေါ်လာ ၅၇၀ ဘီလီယံ ခွဲဝေသတ်မှတ်မည်ဖြစ်သည်။ **စီစီတီဗွီ။**

# ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပြန်လည်ဖွဲ့စည်းရန် ဂျီ-၄ နိုင်ငံခြားရေးဝန်ကြီးများ တိုက်တွန်း

**ကျိုတို စက်တင်ဘာ ၂၂**
ကုလသမဂ္ဂလုံခြုံရေးကောင်စီအမြဲတမ်းအဖွဲ့ဝင် အဖြစ်ပါဝင်ရန် ကြိုးပမ်းနေကြသည့် အင်အားကြီးလေးနိုင်ငံ (ဂျီ-၄)၏ နိုင်ငံခြားရေးဝန်ကြီးများက ကုလသမဂ္ဂလုံခြုံရေးကောင်စီကို ပြန်လည်ဖွဲ့စည်းရန်လိုအပ်ကြောင်း တိုက်တွန်းပြောကြားထားသည့် ပူးတွဲကြေညာချက်တစ်ရပ်ကို ထုတ်ပြန်ခဲ့ကြောင်းသိရသည်။

ဂျပန်၊ ဂျာမနီ၊ ဘရာဇီးနှင့်အိန္ဒိယနိုင်ငံခြားရေးဝန်ကြီးများက နယူးယောက်မြို့၌ စက်တင်ဘာ ၂၁ ရက်တွင် ကုလသမဂ္ဂအထွေထွေညီလာခံ တက်ရောက်ပြီးနောက် သီးခြားတွေ့ဆုံခဲ့ကြစဉ် အထက်ပါပူးတွဲကြေညာချက်ကို ထုတ်ပြန်ခဲ့ခြင်းဖြစ်သည်။

အဆိုပါကြေညာချက်တွင် ဝန်ကြီးများက ပဋိပက္ခများ၊ လူသားချင်းစာနာထောက်ထားမှုများ အရေးနှင့် ကမ္ဘာ့ငြိမ်းချမ်းရေးတို့ကို စွမ်းစွမ်းတမံထမ်းရွက်နိုင်သည့် တာဝန်ယူလိုမှုအပြည့်ရှိရုံမျှမက တရားမျှတသည့် လုံခြုံရေးကောင်စီတစ်ရပ် ပေါ်ထွန်းလာစေရန် ပြောကြားခဲ့သည်။

ထို့ပြင် နိုင်ငံငယ်များအတွက် ကိုယ်စားပြုနိုင်ခွင့်ကို အဆက်မပြတ် အစီရင်ခံနိုင်မှုရှိစေရန်လည်း အရေးကြီးကြောင်း ကြေညာချက်တွင်ပါရှိသည်။ ကိုယ်စားပြုခွင့်ရရှိသင့်သည့် အာဖရိကန်နိုင်ငံများနှင့်ကျွန်းနိုင်ငံများကို ဆိုလိုခြင်းဖြစ်သည်။

ကုလသမဂ္ဂလုံခြုံရေးကောင်စီ ပြန်လည်ဖွဲ့စည်းရေးအတွက် ဂျပန်အစိုးရတာဝန်ရှိသူများက မျှော်လင့်လျက်ရှိသည်။ **အင်န်အိတ်ချ်ကေ။**



# ဘင်္ဂလားဒေ့ရှ်တွင် ကူးတို့ရေယာဉ်တစ်စင်း တိမ်းမှောက်နစ်မြုပ် သေဆုံးသူ ၁၈ ဦး၏ ရုပ်အလောင်းများရှာဖွေတွေ့ရှိ

**ဒါကာ စက်တင်ဘာ ၂၂**
လူများအဆမတန် တင်ဆောင်ထားသည့် ကူးတို့ရေယာဉ် တစ်စင်းသည် စက်တင်ဘာ ၂၁ ရက်တွင် ကမ်းစပ်၌ ဆိုက်ကပ်စဉ် မြစ်ကမ်းပါး ပြိုကျမှုကြောင့် ရွှံ့တုံးအခဲကြီးတစ်ခဲ ရေယာဉ်ပေါ်ပြုတ်ကျခဲ့ရာ တိမ်းမှောက်နစ်မြုပ်သွားခဲ့ရာမှ သေဆုံးသွားသည့် လူ ၁၈ ဦး၏ ရုပ်အလောင်းများကို ရှာဖွေကယ်ဆယ်ရေးသမားများက ပြန်လည်ရှာဖွေတွေ့ရှိရကြောင်း ဘင်္ဂလားဒေ့ရှ်ရဲတပ်ဖွဲ့က ယနေ့ ပြောကြားသည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံ၏ ပြည်တွင်းရေကြောင်းပို့ဆောင်ရေး လုပ်ငန်းသည် ကြီးမားကျယ်ပြန့်ပြီး ဘေးအန္တရာယ်ကင်းရှင်းရေး စံချိန်စံညွှန်းများမှာ နိမ့်ကျလျက်ရှိကြောင်း၊ ထို့ကြောင့် ကူးတို့ရေယာဉ် မတော်တဆမှုများ ထိတ်လန့်ကြောက်မက်ဖွယ်ဖြစ်ပွားကာ တစ်ခါတစ်ရံတွင် လူပေါင်းရာနှင့်ချီသော သေဆုံးမှုများ ဖြစ်ပေါ်သည်အထိ ဖြစ်ပွားခဲ့သည်။

ဘင်္ဂလားဒေ့ရှ်နိုင်ငံတွင် ကူးတို့ရေယာဉ် မတော်တဆဖြစ်မှုများ၏ အဓိကအကြောင်းရင်းမှာ ခရီးသည်များအား ရေယာဉ်ပေါ်တွင် အဆမတန်တင်ဆောင်မှုကြောင့်ဖြစ်ပြီး ဘင်္ဂလားဒေ့ရှ်အစိုးရက ရေယာဉ်မတော်တဆမှုများ တားဆီးနိုင်ရန် စဉ်ဆက်မပြတ် နှိုးဆော်မှုများ ပြုလုပ်နေသည်။

အဆိုပါ ကူးတို့ရေယာဉ်သည် ဘင်္ဂလားဒေ့ရှ်နိုင်ငံတောင်ပိုင်း ဘာရီဆယ်ခရိုင်တွင် တိမ်းမှောက်နစ်မြုပ်ခဲ့ခြင်းဖြစ်သည်။ **ဆင်ဟွာ။**

# ကက်ရှ်မီးယားအရေး အိန္ဒိယနှင့် ဆွေးနွေးဖြေရှင်းရန် ပါကစ္စတန်ဝန်ကြီးချုပ်အား ကုလအတွင်းရေးမှူးချုပ် တိုက်တွန်း

**နယူးယောက် စက်တင်ဘာ ၂၂**
အိန္ဒိယနှင့် ပါကစ္စတန်နိုင်ငံတို့သည် ကက်ရှ်မီးယား အရေးနှင့်ပတ်သက်၍ ဆွေးနွေး စေ့စပ်ဖြေရှင်းသင့်ကြကြောင်း ကုလသမဂ္ဂအတွင်းရေးမှူးချုပ် ဘန်ကီမွန်းက စက်တင်ဘာ ၂၂ ရက်တွင် ပြောကြားလိုက်သည်။

ကက်ရှ်မီးယား နယ်မြေအငြင်းပွားမှုနှင့် ပတ်သက်၍ ကုလသမဂ္ဂအဖွဲ့က ဖြေရှင်းပေးရန် ပါကစ္စတန် ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်က အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ ကျင်းပလျက်ရှိသော ကုလသမဂ္ဂအထွေထွေညီလာခံ၏ (၇၁) ကြိမ်မြောက် အထွေထွေမူဝါဒရေးရာ ဆွေးနွေးပွဲတွင် ပြောကြားခဲ့သည်။

ကက်ရှ်မီးယား အငြင်းပွားမှုအတွက် ဖြေရှင်းချက်မရပါက တောင်အာရှဒေသ၌ ငြိမ်းချမ်းရေး ရရှိနိုင်မည်မဟုတ်ကြောင်း၊ ပါကစ္စတန်နိုင်ငံသည် ကက်ရှ်မီးယား အရေးနှင့် ပတ်သက်၍ အိန္ဒိယနှင့် ဆွေးနွေးရန်အသင့်ရှိကြောင်း ဝန်ကြီးချုပ် နာဝပ်ရှရစ်ဖ်က ကုလသမဂ္ဂအထွေထွေညီလာခံတွင် စက်တင်ဘာ ၂၁ ရက်က ပြောကြားခဲ့သည်။

ပါကစ္စတန်နိုင်ငံသည် အကြမ်းဖက်မှု၏ သားကောင်ဖြစ်နေကြောင်း၊ အကြမ်းဖက်မှု တိုက်ဖျက်ရေးလုပ်ငန်းကို ပါကစ္စတန်အစိုးရအဖွဲ့က အကောင်အထည် ဖော်လျက်ရှိကြောင်းရှရစ်ဖ်က ပြောကြားသည်။

ထိုစဉ်အတွင်း အိန္ဒိယအုပ်ချုပ်သည့် ကက်ရှ်မီးယားဒေသ၌ ဖြစ်ပေါ်နေသော ရက်စက်ကြမ်းကြုတ်မှုများနှင့် ပတ်သက်နေသည်ဟုဆိုသော စာလွှာစာတမ်းတစ်ရပ်ကို ဝန်ကြီးချုပ် ရှရစ်ဖ်က ဘန်ကီမွန်းထံ နယူးယောက်မြို့၌ စက်တင်ဘာ ၂၂ ရက်တွင် ပေးအပ်ခဲ့သည်။

ကက်ရှ်မီးယားအရေးနှင့် ပတ်သက်၍ အိန္ဒိယနှင့် ပါကစ္စတန်တို့ ဆွေးနွေးဖြေရှင်းကြရန် ဘန်ကီမွန်းက ရှရစ်ဖ်အား တိုက်တွန်းခဲ့သည်။ **ရိုက်တာ။**

# ဆီးရီးယားနိုင်ငံ အလက်ပိုမြို့ကို လေကြောင်းမှ အပြင်းထန်ဆုံး တိုက်ခိုက်

**ဒမတ်စကတ် စက်တင်ဘာ ၂၂**
ဆီးရီးယားနိုင်ငံရှိ သူပုန်တို့ ထိန်းချုပ်ထားသော အလက်ပိုမြို့၌ စက်တင်ဘာ ၂၁ ရက်ညတွင် စစ်လေယာဉ်များက အပြင်းထန်ဆုံး တိုက်ခိုက်ခဲ့ရာ ၄၅ ဦး သေဆုံးရကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက စက်တင်ဘာ ၂၂ ရက်တွင် သတင်းထုတ်ပြန်သည်။

လပေါင်းအတန်ကြာ ကာလအတွင်း အပြင်းထန်ဆုံး ဗုံးကြဲတိုက်ခိုက်မှုဖြစ်ကြောင်း ဒေသခံများက ပြောကြားကြသည်။

လွန်ခဲ့သည့် ရက်သတ္တပတ်က အမေရိကန်နှင့် ရုရှားနိုင်ငံအကြား စေ့စပ်ဆွေးနွေးခဲ့ကြပြီးနောက် ရရှိခဲ့သည့် အပစ်အခတ် ရပ်စဲရေးသဘောတူညီချက်မှာ ပြန်လည်ပျက်ပြားနိုင်သည့်အရေး စိုးရိမ်ပူပန်မှုများ ပေါ်ထွက်လာသည်။

အမေရိကန်နှင့် ရုရှားနိုင်ငံတို့မှ သံတမန်များသည် အမေရိကန်ပြည်ထောင်စု နယူးယောက်မြို့၌ တွေ့ဆုံဆွေးနွေးရန်ရှိကြောင်း သတင်းတွင်ဖော်ပြသည်။

အလက်ပိုမြို့၌ လေကြောင်းတိုက်ခိုက်မှုများ ပြန်လည်ဖြစ်ပေါ်လာသော်လည်း လူသားချင်း စာနာထောက်ထားမှု အကူအညီပေးပို့သည့်လုပ်ငန်းကို ပြန်လည်ပြုလုပ်သွားမည်ဟု ကုလသမဂ္ဂက ပြောကြားသည်။ အလက်ပိုမြို့ ဆင်ခြေဖုံးတွင် အကူအညီပေးရေးယာဉ်တန်း တိုက်ခိုက်ခံရမှုဖြစ်ရပ်ကြောင့် ဆီးရီးယား အာရပ်လခြမ်းနီအဖွဲ့မှ လုပ်သားများ သေဆုံးရသည့်ဖြစ်ရပ် ပေါ်ပေါက်ခဲ့ပြီးနောက် လူသားချင်း စာနာထောက်ထားမှု အကူအညီပေးရေးလုပ်ငန်းကို ခေတ္တရပ်ဆိုင်းထားခဲ့ရသည်။ **ရိုက်တာ။**

# မြောက်ဦးမြို့မှ နန်းတော်မြင်ကွင်းကိုကွယ်နေသည့် ဆေးရုံဟောင်းအဆောက်အအုံများကို ဖျက်သိမ်းဖယ်ရှားသွားမည်

**နေပြည်တော် စက်တင်ဘာ ၂၂**
ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၈ ရက်မြောက်နေ့ကို ယနေ့ နံနက် ၁၀ နာရီတွင် ပြည်သူ့လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ မေးခွန်း (၈) ခု မေးမြန်းဖြေကြားခြင်း၊ အရေးကြီးအဆိုနှင့်အဆိုတစ်ခု တင်သွင်းခြင်း၊ အစီရင်ခံစာတစ်ခုဖတ်ကြားခြင်းတို့ ဆောင်ရွက်ကြသည်။

ဇမ္ဗူသီရိမဲဆန္ဒနယ်မှ ဦးဖြိုးဇေယျာသော်၏ ပြည်ပမှဆေးနှင့် ဆေးပစ္စည်း ထုတ်လုပ်ဖြန့်ချိသောဆေးကုမ္ပဏီများသည် ပြည်တွင်းသို့ ဆေးဝါးများဖြန့်ချိရာတွင် မူလဆေးဝါးဖြန့်ချိရေးကုမ္ပဏီမှ N.O.C ကန့်ကွက်ရန်မရှိကြောင်း အသိပေးစာပါဝင်မှသာ ဖြန့်ချိရေးကုမ္ပဏီအသစ်တစ်ခုပြောင်းလဲနိုင်ခြင်းအား ပယ်ဖျက်ပေးရန်အစီအစဉ် ရှိ/မရှိမေးခွန်း၊ ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ၏ ဘူးသီးတောင်၊ မောင်တောဒေသများအား လူဦးရေတိုးပွားနှုန်း ထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေအရ ကျန်းမာရေးစောင့်ရှောက်ဆောင်ရွက်မည့်ဒေသအဖြစ် သတ်မှတ်ပေးရန်အစီအစဉ် ရှိ/မရှိ မေးခွန်းများနှင့်စပ်လျဉ်း၍ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက အစားအသောက်နှင့် ဆေးဝါးကွပ်ကဲရေးဦးစီးဌာနသည် အမျိုးသားဆေးဝါးဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လမ်းညွှန်ချက်၊ ဗဟိုအစားအသောက်နှင့် ဆေးဝါးကြီးကြပ်ကွပ်ကဲရေးကော်မတီ၊ ဆေးဝါးအကြံပေးကော်မတီတို့၏ ကြပ်မတ်မှုများဖြင့် ဆေးဝါးမှတ်ပုံတင်ခြင်း၊ ထုတ်လုပ်ခြင်း၊ တင်သွင်း ဖြန့်ဖြူးရောင်းချခြင်း အစရှိသည့်လုပ်ငန်းများကို ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့်အပြင် ဈေးကွက်ရှိ ဆေးဝါးများကို အရည်အသွေးစစ်ဆေးခြင်း၊ ဆေးဝါး ဘေးထွက်ဆိုးကျိုးများကို စောင့်ကြပ်ကြည့်ရှုခြင်းနှင့် စည်းကမ်းဖောက်ဖျက်သူများကို အမျိုးသားဆေးဝါးဥပဒေအရ အရေးယူဆောင်ရွက်လျက်ရှိပါကြောင်း။

အမျိုးသားဆေးဝါးဥပဒေအရမှတ်ပုံတင်ထားရှိသော ဆေးဝါးများကို ဆေးဝါးတင်သွင်းခြင်းလုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်လျှောက်ထားရာတွင် လိုက်နာရမည့်အချက်များကို ဖော်ပြထားပြီး တင်သွင်းဖြန့်ချိမည့်ကုမ္ပဏီ၏ တင်ပြအထောက်အထားများ စိစစ်မှန်ကန်ပါက ကုမ္ပဏီသို့တစ်ကြိမ်တင်သွင်းခွင့် ခွင့်ပြုဆောင်ရွက်ပါကြောင်း၊ ကောင်းမွန်သော ဆေးသိုလှောင်မှုကျင့်စဉ်နှင့် ကိုက်ညီမှု ရှိ/မရှိ ကွင်းဆင်းစစ်ဆေးဆောင်ရွက်ပြီး သတ်မှတ်ချက်နှင့်ကိုက်ညီပါက ဆေးဝါးတင်သွင်းခွင့်လုပ်ငန်း လုပ်ကိုင်ခွင့်လက်မှတ်ကို သက်တမ်းသုံးနှစ် သတ်မှတ်ခွင့်ပြုပါကြောင်း။

ဆေးဝါးတင်သွင်းခွင့် လျှောက်ထားရာတွင် တရားဝင်ကိုယ်စားလှယ်ခန့်အပ်စာသည် အဓိကကျပါကြောင်း၊ ဆေးဝါးပိုင်ရှင်က တစ်ဦးတည်းတင်သွင်းဖြန့်ချိရေးကိုယ်စားလှယ်ခန့်ထားပါက မိမိတို့အနေဖြင့် မည်သို့မျှ လုပ်ဆောင်၍ မရကြောင်း၊ အခြားကုမ္ပဏီက တင်သွင်းခွင့်မရှိပါကြောင်း၊ တစ်ဦးတည်းတင်သွင်းဖြန့်ချိခွင့်ခန့်အပ်သောကုမ္ပဏီ၏ No Objection letter ရရှိမှသာ အခြားကုမ္ပဏီတစ်ခုက ဆေးဝါးတင်သွင်းခွင့်ရှိမည်ဖြစ်ကြောင်း၊ ၎င်းကိစ္စကို ပြောင်းလဲရန်လိုအပ်မည်ဆိုပါက ဥပဒေကိုပြင်ရမည်ဖြစ်ကြောင်း ရှင်းလင်းဖြေကြားသည်။

၂၀၁၅ ခုနှစ် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် ၂၈ ဖြင့် ပြဋ္ဌာန်းခဲ့သည့် လူဦးရေတိုးပွားထိန်းညှိခြင်းဆိုင်ရာ ကျန်းမာရေးစောင့်ရှောက်မှုဥပဒေ


ဘူးသီးတောင်မဲဆန္ဒနယ်မှ ဦးအောင်သောင်းရွှေ


ပြည်ထောင်စု ဝန်ကြီး ဒေါက်တာမြင့်ထွေး

တွင် ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်မည့်ဒေသ သတ်မှတ်ခြင်းကို အခန်း(၃)တွင် ဖော်ပြထားပါကြောင်း၊ ၂၀၁၆ ခုနှစ်မှစတင်၍ UNFPA အထောက်အပံ့ဖြင့် မျိုးဆက်ပွားကျန်းမာရေးလုပ်ငန်းစီမံချက် ဆောင်ရွက်လျက်ရှိပြီး သားဆက်ခြားလုပ်ငန်း၊ မိသားစုကျန်းမာရေးလုပ်ငန်း၊ မိခင်နှင့်ကလေး ကျန်းမာရေးကဏ္ဍများကို ဦးစားပေးဆောင်ရွက်လျက်ရှိပြီး မိခင်သေဆုံးမှုနှင့် ကလေးသေဆုံးမှုများကျဆင်းရေးနှင့် ကာကွယ်ဆေးထိုးလုပ်ငန်းများကို အထူးဂရုပြုဆောင်ရွက်လျက်ရှိကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။

တွံတေးမဲဆန္ဒနယ်မှ ဦးမြင့်လွင်၏ ဧဝရက်တောင်ထိပ်သို့ တက်ရောက်နိုင်ခဲ့ပြီး မြန်မာနိုင်ငံတော်အလံကိုလွှင့်ထူကာကမ္ဘာ့အလယ်တွင် မြန်မာနိုင်ငံ၏ ပုံရိပ်ကို မြင့်မားထည်ဝါစေခဲ့သောလူပုဂ္ဂိုလ်နှင့်အဖွဲ့အစည်းများအား ဂုဏ်ပြုချီးမြှောက်ရန် အစီအစဉ်ရှိ/မရှိမေးခွန်း၊ မြောက်ဦးမဲဆန္ဒနယ်မှ ဦးဦးလှစော၏ မြောက်ဦးမြို့မှ အဆောက်အအုံဟောင်းတစ်ခုပမာ စွန့်ပစ်ထားသော ယခင် ပြည်သူ့ဆေးရုံဟောင်းနှင့်ပတ်သက်၍ ညှိနှိုင်းဖြေရှင်းရန်နှင့် ဆေးရုံဟောင်းတွင် ကျန်းမာရေးလုပ်ငန်းများ၊ ရုံးများ ဖွင့်နိုင်/မဖွင့်နိုင်တို့ကို သိရှိလိုခြင်းမေးခွန်းများနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက တောင်တက်အားကစားသမားများဖြစ်သည့် ကိုဝင်းကိုကိုနှင့် ကိုပြည့်ဖြိုးအောင်တို့ကို ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက ငွေကျပ် ၁၀ သိန်းစီနှင့် ထူးဖောင်ဒေးရှင်းက ငွေကျပ် သိန်း ၁၀၀ စီဂုဏ်ပြုချီးမြှင့်ခဲ့ပါကြောင်း၊ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၂၅ ရက်တွင် ၎င်းတို့၏ ပုံတူကိုယ်တစ်ပိုင်းရုပ်တုများထုဆစ်၍ နေပြည်တော်ရှိ မြန်မာ့အားကစားမော်ကွန်းခန်းမတွင် ထပ်မံဂုဏ်ပြုထားရှိပါကြောင်း၊ တောင်တက်အားကစားသမားများ၏ တောင်တက်ပစ္စည်းကိရိယာများ၊ အဝတ်အစားများ၊ ရွက်ဖျင်တဲများ၊ အစားအစာများ၊ ဆေးဝါးများ၊ အောက်စီဂျင်ပစ္စည်းများနှင့် ငွေကြေးအပါအဝင် အစစအရာရာ ကူညီပံ့ပိုးပေးခဲ့သည့် ထူးဖောင်ဒေးရှင်း၊ တောင်တက်သမားများကိုမွေးထုတ်ပေးခဲ့သည့် TCCM ခြေလျင်တောင်တက်အသင်းနှင့် မြန်မာနိုင်ငံခြေလျင်တောင်တက်အဖွဲ့ချုပ်တို့ကို ဂုဏ်ပြုလွှာများ ပေးအပ်သွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနသည် မြောက်ဦးယဉ်ကျေးမှုနယ်မြေကို ယဉ်ကျေးမှုအမွေအနှစ်ဒေသအဖြစ် သတ်မှတ်၍ကာကွယ်ထိန်းသိမ်းခြင်း၊ ပြုပြင်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါကြောင်း၊ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာန၏ လိုအပ်ချက်နှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၏ နှစ်စဉ်ရရှိရန်ပုံငွေ၊ ရေရှည်လုပ်ငန်းစီမံချက်များအရ လုပ်ငန်းများ ဆောင်ရွက်နေခြင်းဖြစ်ကြောင်း၊ နန်းတော်မြင်ကွင်းကိုကွယ်နေသည့် ဆေးရုံဟောင်းအဆောက်အအုံများကို ၂၀၁၇-၂၀၁၈ ဘဏ္ဍာရေးနှစ် နောက်ဆုံးထား၍ ဖျက်သိမ်းဖယ်ရှားသွားမည်ဖြစ်ကြောင်း၊ အဆောက်အအုံဟောင်းတွင် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာနမှူးရုံး၊ မိခင်နှင့်ကလေး ကျန်းမာရေးဌာန၊ ကျောင်းကျန်းမာရေးဌာန၊ တီဘီရောဂါတိုက်ဖျက်ရေးဌာန၊ ငှက်ဖျားရောဂါတိုက်ဖျက်ရေးဌာန၊ မြို့မကျန်းမာရေးဌာနတို့ကို လုပ်ငန်းလိုအပ်ချက်အရ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနနှင့် ညှိနှိုင်းခွင့်ပြုချက်အရ ယာယီဖွင့်လှစ်ထားပြီး မြောက်ဦးမြို့နယ် ပြည်သူ့ဆေးရုံဝင်းအတွင်း ဆောက်လုပ်လျက်ရှိသည့် ခရိုင်ပြည်သူ့ကျန်းမာရေးဦးစီးဌာန အဆောက်အအုံပြီးစီးပါက ပြောင်းရွှေ့ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း ပြည်ထောင်စုဝန်ကြီးက ရှင်းလင်းဖြေကြားခဲ့သည်။

ထို့နောက် ဒေါပုံမဲဆန္ဒနယ်မှ ဦးငွေဝင်းအောင်(ခ) ဦးပြုံးချိုက ဖွဲ့စည်းပုံအခြေခံဥပဒေပါ နိုင်ငံသားများ၏ မူလအခွင့်အရေးများကို ပိုမိုမြင့်တင်ကာကွယ်စောင့်ရှောက်နိုင်ရန် လူ့အခွင့်အရေးချိုးဖောက်မှုကို အကာအကွယ်မပေးသည့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေးကော်မရှင်မှ အဖွဲ့ဝင်အချို့အား ထိရောက်စွာ အရေးယူပေးပါရန် ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်း အရေးကြီးအဆိုတင်သွင်းရာ အိမ်မဲ မဲဆန္ဒနယ်မှဒေါ်သန္တာက အဆိုကို ထောက်ခံဆွေးနွေးသည်။

ယင်းနောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အရေးကြီးအဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူပြီး လွှတ်တော်ကဆက်လက်ဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ဖြူးမဲဆန္ဒနယ်မှ ဦးသန်းညွန့်က မီးရထားသယ်ယူပို့ဆောင်ရေးကဏ္ဍကို ယခုထက်ပိုမိုရင်းနှီးမြှုပ်နှံပြီး နိုင်ငံတကာနှင့်ရင်ပေါင်တန်းနိုင်စေရန် အဆင့်အတန်းမြှင့်တင်ပေးရေး ပြည်ထောင်စုအစိုးရအား တိုက်တွန်းကြောင်းအဆိုတင်သွင်းရာ ကျောက်တံခါးမဲဆန္ဒနယ်မှ ဦးခင်မောင်ဦးက ထောက်ခံဆွေးနွေးသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးဝင်းမြင့်က အဆိုနှင့်စပ်လျဉ်း၍ လွှတ်တော်၏သဘောထားရယူခဲ့ရာ လွှတ်တော်က လက်ခံဆွေးနွေးမည်ဖြစ်ကြောင်းနှင့် ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာသည်။

ယင်းနောက် ဥပဒေကြမ်းကော်မတီဝင် ဦးစိုင်းဖိုးမြတ်က အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့်အတည်ပြုပေးပို့သော မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို လက်ခံရရှိကြောင်း လွှတ်တော်သို့ အသိပေးတင်ပြပြီး ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ဖတ်ကြားတင်သွင်းသည်။

ထို့နောက် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက အစီရင်ခံစာနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆိုတင်သွင်းဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိပါက အမည်စာရင်းတင်သွင်းနိုင်ကြောင်း ကြေညာခဲ့သည်။ **(သတင်းစဉ်)**

# ချင်းပြည်နယ် ပလက်ဝမြို့နယ်ရှိ ဆမီး-ကန်ပက်လက် တိုက်ရိုက်ကားလမ်းဖောက်လုပ်ပေးရန် လတ်တလောတွင်ဆောင်ရွက်ပေးနိုင်ခြင်းမရှိ

**နေပြည်တော် စက်တင်ဘာ ၂၂**
ယနေ့ကျင်းပသည့် ဒုတိယအကြိမ် အမျိုးသားလွှတ်တော် ဒုတိယပုံမှန်အစည်းအဝေး ၃၆ ရက်မြောက်နေ့တွင် "မြန်မာ့ကျောက်မျက်ရတနာ ဥပဒေကို တတိယအကြိမ် ပြင်ဆင်သည့် ဥပဒေကြမ်း"ကို လက်ခံဆွေးနွေးရန်ဆုံးဖြတ်ခဲ့သည်။

မန္တလေးတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၁၂)မှ ဦးကျော်သီဟက ယင်းဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းရာ လွှတ်တော်က သဘောတူသည့်အတွက် လက်ခံဆွေးနွေးရန်နှင့် ဥပဒေကြမ်းကော်မတီသို့ လွှဲပြောင်းပေးအပ်ရန် ဥက္ကဋ္ဌက ဆုံးဖြတ်ခဲ့သည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၇)မှ ဦးရဲမြင့်စိုး၏ "မြေဆီလွှာတိုက်စား ပြုန်းတီးခံရမှုများမှ ကာကွယ်နိုင်ရေးအတွက် ရည်ရွယ်ပြီး ကမ္ဘာတစ်ဝန်းတွင် အောင်အောင်မြင်မြင် ကျယ်ပြန့်စွာစိုက်ပျိုးအသုံးချလျက်ရှိသော Vetiver Grass(ခေါ်) မြေထိန်းမြက်ရှည်မျိုးကို မြန်မာနိုင်ငံအတွင်း တွင်ကျယ်စွာစိုက်ပျိုးအသုံးပြုရန် အစီအစဉ်ရှိ/မရှိ" မေးခွန်းနှင့် စပ်လျဉ်း၍ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်


ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂) မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်

ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက Vetiver မြက်မျိုးသည် နှစ်ရှည်မျိုးဖြစ်ပြီး၊ ၎င်း၏အမြစ်အုံသည်ရှည်လျား၍ ကြီးမားသည့်အတွက် စိုက်ပျိုးမြေများတွင် ထည့်သွင်းစိုက်ပျိုးရန် အခက်အခဲရှိနိုင်ပါကြောင်း။

ထို့ကြောင့် အဆိုပါမြက်မျိုးကို မြစ်၊ ချောင်းကမ်းပါးများ ကမ်းပြိုမှုထိန်းသိမ်းနိုင်ရန်၊ အဝေးပြေးလမ်းများနှင့် တာတမံများတွင် မြေဆီလွှာတိုက်စားမှု ကာကွယ်နိုင်ရန်၊ တောင်စောင်းဒေသများတွင် ရေတိုက်စားမှုကြောင့် မြေဆီလွှာထိခိုက်လျော့ပါးပျက်စီးမှု မရှိစေရန်အတွက်သာ အဓိကထား အသုံးပြုစိုက်ပျိုးသင့်ပါကြောင်း ဖြေကြားသည်။

ထို့ပြင် မြန်မာနိုင်ငံအတွင်း တွင်ကျယ်စွာ စိုက်ပျိုးနိုင်ရေးနှင့် ပတ်သက်၍ မြေဆီလွှာပြုန်းတီးခံရမှုများမှကာကွယ်ရေးသည် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာနတို့နှင့် သက်ဆိုင်သည့် လုပ်ငန်းရပ်တစ်ခုဖြစ်ပါကြောင်း၊ မိမိတို့ဝန်ကြီးဌာနအနေဖြင့် လက်ရှိတွင် Vetiver Grass ကို တွင်တွင်ကျယ်ကျယ်စိုက်ပျိုးရန် အစီအစဉ်မရှိပါကြောင်း ပြည်ထောင်စုဝန်ကြီးက ဖြေကြားသည်။

ချင်းပြည်နယ် မဲဆန္ဒနယ် အမှတ်(၁၂)မှ ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၏ "ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့နှင့် ကန်ပက်လက်မြို့နယ်ကြားရှိ ဆမီး-ကန်ပက်လက် တိုက်ရိုက်ကားလမ်းဖောက်လုပ်ပေးရန် အစီအစဉ်ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာ


ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူ

အောင်သူက ချင်းပြည်နယ် ပလက်ဝမြို့နယ် ဆမီးမြို့နှင့် ကန်ပက်လက်မြို့အကြား ဆမီး-ကန်ပက်လက် တိုက်ရိုက်ကားလမ်း ဖောက်လုပ်ပေးရန်ကိစ္စနှင့်ပတ်သက်၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ်တွင် ပါဝင်ခြင်းမရှိသဖြင့် လတ်တလောတွင် ဆောင်ရွက်ပေးနိုင်ခြင်း မရှိပါကြောင်း၊ နှစ်အလိုက် ပြည်နယ်နှင့် တိုင်းဒေသကြီးများ၏ ဦးစားပေးလျာထားတင်ပြမှုအပေါ် မူတည်၍ လျာထား တင်ပြပေးသွားမည်ဖြစ်ကြောင်း ဖြေကြားသည်။

ရန်ကုန်တိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)မှ ဦးဘမျိုးသိန်း၏ "၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေများ၊ အမိန့်ကြော်ငြာစာများ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းနှင့် ပုံစံသစ်သတ်မှတ်မှုကို တစ်ပေါင်းတည်းဖြင့် လယ်ယာမြေဥပဒေလက်စွဲအဖြစ် စာအုပ်ဖြန့်ဝေပေးရန်နှင့် ဆင့်ပွားသင်တန်းပေးရန် ဆောင်ရွက်နိုင်ခြင်း ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီး ဒေါက်တာအောင်သူက ၂၀၁၂ ခုနှစ် လယ်ယာမြေဥပဒေ၊ နည်းဥပဒေစာအုပ်များကို ဖြန့်ဝေရောင်းချပေးလျက်ရှိကြောင်း၊ ဥပဒေ၊ နည်းဥပဒေပါ ပြဋ္ဌာန်းချက်များနှင့်အညီ တောင်သူများ အကျိုးခံစားခွင့်ရရှိနိုင်ရေးအတွက် ဗဟိုလယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်လမ်းညွှန်မှုဖြင့် တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်နှင့် မြို့နယ်လယ်ယာမြေစီမံခန့်ခွဲမှုအဖွဲ့များမှ ဆင့်ပွားသင်တန်းများ တိုးချဲ့ဆောင်ရွက်ပေးလျက်ရှိပါကြောင်း ဖြေကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးက ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၄)မှ ဦးစောစိန်ထွန်း၏ "ကယားပြည်နယ် ဒီးမော့ဆိုမြို့ရှိ ငွေတောင်ဆည်ကြီး တိမ်ကောလာခြင်းကို ပြန်လည်တူးဖော်ဖယ်ရှားခြင်းလုပ်ငန်း ဆောင်ရွက်ပေးရန် အစီအစဉ် ရှိ/မရှိ" မေးခွန်းနှင့်စပ်လျဉ်း၍ လက်ရှိအခြေအနေအရ ငွေတောင်ရေလှောင်တမံ၏ သက်တမ်းသည် (၅၁)နှစ်ခန့်ရှိပြီး သဲနုန်းပို့ချမှုအတော်အသင့်ရှိသော်လည်း ကန်ရေသေရေမှတ်၏ အောက်တွင်သာရှိပါကြောင်း။

ထို့ကြောင့် ရေထုတ်ပြွန်ပေါက်မှ ရေထုတ်လွှတ်ပေးဝေမှုကို ထိခိုက်ခြင်းမရှိသည့်အပြင် မိုးစပါး၊ နွေစပါး စိုက်ပျိုးရေးနှင့် ဒေသတွင်းသောက်သုံးရေပေးဝေရေးတို့ အတွက်လည်း ထိခိုက်ခြင်း မရှိသေးပါကြောင်း၊ ရေလှောင်တမံ၏ ရေရှည်တည်တံ့ရေးအတွက် နုန်းပို့ချနေမှုအား သိရှိနိုင်ရန် လိုအပ်သည့်စူးစမ်းလေ့လာ တိုင်းတာခြင်းလုပ်ငန်းများကို ဆောင်ရွက်သွားမည်ဖြစ်ပြီး ရရှိလာသော အချက်အလက်များအပေါ် မူတည်၍ သုံးသပ်စီမံ ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း ဖြေကြားသည်။ **(သတင်းစဉ်)**

# ၂၀၁၅ အလွန် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းနှင့် ၂၀၁၆ ခုနှစ် အာဆီယံထိပ်သီးအစည်းအဝေးသို့ တင်ပြချက်များ

**နန္ဒာမွှန်း(ယဉ်ကျေးမှု)**

၂၀၁၆ ခုနှစ်သည် ၂၀၁၅ ခုနှစ်က ထူထောင်ခဲ့သော အာဆီယံ အသိုက်အဝန်းတည်ထောင်မှုနှစ်၏ နှစ်အစ ဖြစ်ပါသည်။ အာဆီယံအသင်းကြီးအနေဖြင့် ၂၀၁၅ အလွန်အတွက်ပါ မျှော်မှန်းရာတွင် ၂၀၂၅ ခုနှစ် တိုင်အောင် ရှေ့သို့ တစ်ဟုန်ထိုး တိုးတက်စေရန် တူညီ ဆောင်ရွက်ကြရန်လည်း အဓိဋ္ဌာန်ချမှတ်ပြီးဖြစ်ပါသည်။ ၂၀၁၅ ခုနှစ်အတွင်း ကျင်းပခဲ့သော အာဆီယံထိပ်သီး အစည်းအဝေးများတွင် အိမ်ရှင်ဖြစ်ခဲ့သော မလေးရှား နိုင်ငံက Our People, Our Community, Our Vision Theme ဖြင့် အာဆီယံဆိုင်ရာပူးတွဲကြေညာချက်များ (ASEAN Joint Statements) များ ချမှတ်ဆောင်ရွက် နိုင်ခဲ့ပါသည်။

၂၀၁၆ ခုနှစ် အာဆီယံ အလှည့်ကျ ဥက္ကဋ္ဌဖြစ်သော လာအိုနိုင်ငံအနေဖြင့် တက်ကြွသည့် အင်အားဖြစ်သော အာဆီယံအသိုက်အဝန်းအတွက် မျှော်မှန်းချက်များကို လက်တွေ့သို့ ပြောင်းလဲရန် Turning Vision into Reality for a Dynamic ASEAN Community Theme ဖြင့် အာဆီယံ အသိုက်အဝန်းကဏ္ဍအသီးသီး က အာဆီယံဆိုင်ရာ အစည်းအဝေးများနှင့် အာဆီယံ ထိပ်သီးအစည်းအဝေးများကို လက်ခံကျင်းပပါသည်။

အာဆီယံလူမှုရေး -ယဉ်ကျေးမှုအသိုက်အဝန်း အဆင့်မြင့် အရာရှိကြီးများ၏ အစည်းအဝေးများကို အာဆီယံ-လူမှုရေးအသိုက်အဝန်းဆိုင်ရာဝန်ကြီးများ အစည်းအဝေးနှင့် ကျောချင်းကပ် ကျင်းပလေ့ရှိပါသည်။ ၂၀၁၆ ခုနှစ်အတွင်း (၁၅)ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း ဝန်ကြီးအဆင့် အစည်းအဝေးကို လာအိုနိုင်ငံ လွှမ်ပရာဘမ်၌ ၂၀၁၆ ခုနှစ် ဇွန်လ ၂-၃ ရက်အထိလည်းကောင်း၊ (၁၆) ကြိမ်မြောက် အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း ဝန်ကြီးအဆင့် အစည်းအဝေးကို လာအိုနိုင်ငံ ဗီယင်ကျန်းမြို့၌ ၂၀၁၆ ခုနှစ် ဩဂုတ်လ ၃၁-စက်တင်ဘာလ ၁ ရက်အထိလည်းကောင်း အသီးသီး ကျင်းပခဲ့ပြီး ဖြစ်ပါသည်။

အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း ကောင်စီ ဝန်ကြီးအဆင့် အစည်းအဝေးတွင် အာဆီယံ နိုင်ငံများအနေဖြင့် ကျပန်းအလုပ်အကိုင်များကို တရားဝင်အလုပ်အကိုင်များအဖြစ်သို့ ပြောင်းလဲပြီး အာဆီယံအတွင်း သင့်တင့်လျောက်ပတ်သော အလုပ်အကိုင်အခွင့်အလမ်းများ မြှင့်တင်ရေးဆိုင်ရာ ဗီယင်ကျန်း ကြေညာစာတမ်း (Vientiane Declaration on Transition from Informal Employment to Formal Employment towards Decent Work Promotion in ASEAN)၊ ဒေသအတွင်းနှင့် ဒေသအပြင်ဘက်များ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များအပေါ် ဒေသတစ်ခုတည်းအနေဖြင့် အာဆီယံ၏ တုံ့ပြန်မှုဆိုင်ရာ အာဆီယံကြေညာချက် (ASEAN Declaration on One ASEAN One Response: ASEAN Responding to Disasters as One in the Region and Outside the Region)၊ ကျောင်းပြင်ပ ကလေးသူငယ်များအတွက် ပညာရေး အခွင့်အလမ်းများ တိုးမြှင့်ခြင်းဆိုင်ရာ အာဆီယံ ကြေညာချက် (ASEAN Declaration on Strengthening Education for Out-of-School Children and Youth) စသည့် အချက်များကို ပြန်လည် အတည်ပြုဆွေးနွေးနိုင်ခဲ့ပါသည်။

ယင်းတို့အနက် အာဆီယံဒေသအတွင်းနှင့် ဒေသအပြင်ဘက်များ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များအပေါ် ဒေသတစ်ခုတည်းအနေဖြင့် အာဆီယံ၏ တုံ့ပြန်မှုဆိုင်ရာ အာဆီယံ ကြေညာချက် (ASEAN Declaration on One ASEAN One Response: ASEAN Responding to Disasters as One in the Region and Outside the Region)နှင့် ပတ်သက်၍ အာဆီယံနိုင်ငံများက မိမိတို့ သက်ဆိုင်ရာအလိုက် တင်ပြကြပြီး အာဆီယံ ခေါင်းဆောင်များ ထိုကြေညာစာတမ်းကို (၂၈) ကြိမ်မြောက်နှင့် (၂၉) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးများတွင် လက်မှတ်ရေးထိုးနိုင်ရန် အသိအမှတ်ပြုဆွေးနွေးခဲ့ပါသည်။

ကျောင်းပြင်ပကလေးသူငယ်များအတွက် ပညာရေး အခွင့်အလမ်းများ တိုးမြှင့်ခြင်းဆိုင်ရာ အာဆီယံကြေညာချက် (ASEAN Declaration on Strengthening Education for Out-of-School Children and Youth) ကိစ္စနှင့်ပတ်သက်၍ ပညာရေးဆိုင်ရာ (ASED)အစည်းအဝေးတွင် အာဆီယံနိုင်ငံများအကြား ညှိနှိုင်းပြီးဖြစ်၍ အဆိုပါကြေညာစာတမ်းကို (၂၈)ကြိမ်မြောက်နှင့် (၂၉) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများတွင် အသိအမှတ်ပြုနိုင်ရန်ဆွေးနွေးခဲ့ပါသည်။

ထို့အပြင် (၁၆)ကြိမ်မြောက် အာဆီယံလူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းကောင်စီ ဝန်ကြီးအဆင့် အစည်းအဝေးတွင် အာဆီယံဒေသတွင်း ယဉ်ကျေးမှု အမွေအနှစ်များ ထိန်းသိမ်းခြင်းဆိုင်ရာနှင့် ပတ်သက်သော ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုအားဖြည့် ဆောင်ရွက်မည့် ဗီယင်ကျန်း ကြေညာစာတမ်း (Vientiane Declaration on Reinforcing Cultural Heritage Cooperation in ASEAN) နှင့်ပတ်သက်၍ လည်းကောင်း၊ (၁၃) ကြိမ်မြောက် ဇီဝမျိုးကွဲဆိုင်ရာညီလာခံ (၂၀၁၆) အတွက် အဖွဲ့ဝင်နိုင်ငံများ ညှိနှိုင်းဆွေးနွေးပွဲနှင့် သက်ဆိုင်သော အာဆီယံ ပူးတွဲကြေညာချက် (ASEAN Joint Statement on Biodiversity for the 13th Meeting of the Conference of the Parties to the Convention on Biological Diversity 2016) နှင့် ပတ်သက်၍ လည်းကောင်း၊ Zero New HIV Infection ကတိကဝတ် ဆိုင်ရာ အာဆီယံ ကြေညာချက်ပါ ဆက်လက်ဆောင်ရွက်မှု (follow-up)ဖြစ်သော AIDS ရောဂါ အဆုံးသတ်ခြင်း ကြေညာချက်၊ AIDS ရောဂါ ဆက်စပ်သေဆုံးမှုနှင့် ခွဲခြား ဆက်ဆံမှုဆိုင်ရာ ကြေညာချက် (Declaration on Ending AIDS as a Follow-up to the ASEAN Declaration of Commitment in Getting to Zero New HIV Infections, AIDS-Related Deaths, and Discrimination) နှင့်ပတ်သက်၍ လည်းကောင်း၊ ရာသီဥတု ပြောင်းလဲမှုနှင့်ပတ်သက်၍ ကုလသမဂ္ဂမူဘောင် ကွန်ဗင်းရှင်း (၂၀၁၆) မှ ပါတီများ၏ (၂၂)ကြိမ်မြောက် ညီလာခံအရ အာဆီယံနိုင်ငံများ ရာသီဥတု ပြောင်းလဲမှု ဆိုင်ရာ ပူးတွဲထုတ်ပြန်ကြေညာချက် (ASEAN Joint Statement on Climate Change to the 22nd Conference of the Parties to the United Nations Framework Convention on Climate Change (2016) နှင့်ပတ်သက်၍ လည်းကောင်း၊ တက်ကြွညီညွတ်သော အာဆီယံအသိုက်အဝန်းသို့ လှမ်းချီသည့် အာဆီယံ လက္ခဏာမြှင့်တင်ရန် ယဉ်ကျေးမှု၊ အနုပညာဆိုင်ရာ ဘန်ဒါဆီရီဘီဂါဝန် ကြေညာချက် (Bandar Seri Begawan Declaration on Culture and the Arts to Promote ASEAN's Identity Towards a Dynamic and Harmonious ASEAN Community) နှင့် ပတ်သက်၍ လည်းကောင်း အသီးသီးဆွေးနွေးခဲ့ကြပါသည်။ ထို့အပြင် ASCC Council တွင် အာဆီယံစားနပ်ရိက္ခာလုံခြုံမှုစည်းမျဉ်း မူဘောင် လက်ရှိအခြေအနေများ (Updates on the ASEAN Food Safety Regulatory Framework)ကို ဆွေးနွေးခဲ့ကြပါသည်။

ASCC Sectoral Bodies များ၏ လုပ်ငန်း ဆောင်ရွက်မည့် Work Plans အစီရင်ခံခြင်းဆိုင်ရာ မူဘောင်မူကြမ်း (Draft Framework for Reporting on ASCC Sectoral Bodies' Work Plans)နှင့်ပတ်သက်၍ အာဆီယံနိုင်ငံများက ASCC သက်ဆိုင်ရာ ကဏ္ဍများနှင့် တိုင်ပင်ဆွေးနွေး၍ မိမိတို့၏ feedback များကို နောက်တစ်ကြိမ်ကျင်းပမည့် SOCCOM မတိုင်မီ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသို့ပေးပို့ရန် အစည်းအဝေးမှ တိုက်တွန်းခဲ့ပါသည်။

11th SOCCOM အစည်းအဝေး၏ ဆုံးဖြတ်ချက်များကို ဆက်လက်ဆောင်ရွက်ရာတွင် ASCC အောက်ရှိ သက်ဆိုင်ရာကဏ္ဍများနှင့် တိုင်ပင်ဆွေးနွေး၍ Key Performance များ၊ အညွှန်းကိန်းများနှင့် ဆောင်ရွက်ရန် အချက်များကို ဆက်လက်ဆောင်ရွက်ရန်၊ ASCC အောက်ရှိသက်ဆိုင်ရာကဏ္ဍများက ၎င်းတို့၏ feedback များ၊ လမ်းညွှန်မှုများကို နောက်တစ်ကြိမ်ကျင်းပမည့် SOCCOM မတိုင်မီ အာဆီယံ အတွင်းရေးမှူးချုပ်ရုံးသို့ ပေးပို့ရန် အစည်းအဝေးမှ တိုက်တွန်းခဲ့ပါသည်။

ယခင်ပြုလုပ်ခဲ့သော အဆင့်မြင့်အရာရှိကြီးများ SOCA အစည်းအဝေးများတွင် ဆွေးနွေးခဲ့သော Timor Leste နိုင်ငံကို အာဆီယံနှင့် အာဆီယံလူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်းဆိုင်ရာ အဖွဲ့ဝင်အဖြစ် ဝင်ရောက်မည့် ကိစ္စရပ်အပေါ် လေ့လာချက်နှင့်ပတ်သက်သော အချက်များ တင်ပြမှု (Update on the Study on the Implication of Timor Leste's Accession to ASEAN and its Implications on ASCC) နှင့်ပတ်သက်၍ လည်းကောင်း၊ အာဆီယံ အစိမ်းရောင် စီးပွားရေးဗဟိုဌာန၏ လုပ်ငန်း လမ်းညွှန်မူကြမ်း (Terms of Reference of the ASEAN Institute for Green Economy (AIGE) နှင့် ပတ်သက်၍ လည်းကောင်း၊ ASCC သက်ဆိုင်ရာ အဖွဲ့ အစည်းများ၏ လုပ်ငန်းဆောင်ရွက်မှုအစီအစဉ်ဆိုင်ရာ အစီရင်ခံအတွက် မူဘောင်မူကြမ်း (Draft Framework for Reporting on ASCC Sectoral Bodies' Work Plan)ကို ဆွေးနွေးခြင်းနှင့်ပတ်သက်၍ လည်းကောင်း၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးကို တောင့်တင်းခိုင်မာစေခြင်းနှင့် အာဆီယံ အစိတ်အပိုင်းများကို ပြန်လည်သုံးသပ်ခြင်းအတွက် HLTF ၏ ထောက်ခံချက်များ (Recommendations of the High Level Task Force(HLTF) ON Strengthening the ASEAN Secretariat and Reviewing the ASEAN Organs နှင့် ပတ်သက်၍ လည်းကောင်း ဆွေးနွေးခဲ့ကြပါသည်။

ASCC ဆိုင်ရာ ကဏ္ဍများဖြစ်သော အလုပ်သမား (Labour)၊ ကျန်းမာရေး (Health)၊ ကျား/မ ခွဲခြားမှု (Gender)၊ ဆင်းရဲမှုပပျောက်ရေး (Poverty Eradication)၊ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှု (Disaster Management)တို့၏ လက်ရှိအခြေအနေ (updates)များ ကိုပါ အာဆီယံအတွင်းရေးမှူးချုပ်ရုံးက အစည်းအဝေးသို့ အသိပေး တင်ပြခဲ့ပါသည်။

အထက်ပါကိစ္စရပ်များကို ဆွေးနွေးရာတွင် Zero New HIV Infection ကတိကဝတ်ဆိုင်ရာ အာဆီယံ ကြေညာချက် ဆက်လက်ဆောင်ရွက်မှု (follow-up) ဖြစ်သော AIDS ရောဂါ အဆုံးသတ်ခြင်း ကြေညာချက်၊ AIDS ရောဂါဆက်စပ်သေဆုံးမှုနှင့် ခွဲခြားဆက်ဆံမှု ဆိုင်ရာ ကြေညာချက် (Declaration on Ending AIDS as a Follow-up to the ASEAN Declaration of Commitment in Getting to Zero New HIV Infections, AIDS- Related Deaths, and Discrimination)သည်ယခုအခါ အာဆီယံခေါင်းဆောင်များ အတည်ပြုနိုင်ရန်အတွက် ရှင်းလင်းပြီဖြစ်ပါကြောင်း အာဆီယံအတွင်းရေးမှူးချုပ်ရုံးက အစည်းအဝေးသို့ အသိပေး တင်ပြနိုင်ခဲ့ပါသည်။

မြန်မာနိုင်ငံက ၂၀၁၄ ခုနှစ် အာဆီယံဥက္ကဋ္ဌ အလှည့်ကျသည့်အချိန်မှ စတင်ဆောင်ရွက်ခဲ့သည့် အာဆီယံ အစိမ်းရောင် စီးပွားရေးဗဟိုဌာန AIGE နှင့်ပတ်သက်၍ အတည်ပြုပြီးဖြစ်သော အစိမ်းရောင် စီးပွားရေးဌာန၏ လုပ်ငန်းလမ်းညွှန် (TOR) အရ မြန်မာနိုင်ငံက အခြား အာဆီယံ နိုင်ငံများနှင့်ပူးပေါင်း၍ အကောင်းဆုံးဖြစ်အောင် ဆက်လက်ကြိုးပမ်း အကောင်အထည်ဖော် ဆောင်ရွက်ရန်လည်း လိုအပ်ပါမည်။

၂၀၁၅ ခုနှစ် နိုဝင်ဘာလ ၂၂ ရက်နေ့ မလေးရှားနိုင်ငံ ကွာလာလမ်ပူမြို့၌ ကျင်းပသော (၂၇) ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးတွင် အာဆီယံ ခေါင်းဆောင်များ လက်မှတ်ရေးထိုးကာ အာဆီယံအသိုက်အဝန်း ကြေညာချက်ကို ထုတ်ပြန်ခဲ့ပါသည်။ ၂၀၁၅ အာဆီယံ အသိုက်အဝန်း အောင်မြင်စေရန်အတွက် လွန်ခဲ့သော ရှစ်နှစ်က ဒေသတွင်း အဖွဲ့အစည်းမှ အာဆီယံခေါင်းဆောင် များ ရည်မှန်းချက်ထားရှိခဲ့သည်နှင့်အညီ အာဆီယံအသိုက်အဝန်းကို အကောင်အထည်ဖော်ဆောင်ရွက် ခဲ့ခြင်းဖြစ်ပြီး ထိုင်းနိုင်ငံ Cha-am တွင် ကျင်းပခဲ့သည့် (၁၄) ကြိမ်မြောက် အာဆီယံ ထိပ်သီးအစည်းအဝေးတွင် အာဆီယံ ခေါင်းဆောင်များ အတည်ပြုခဲ့သည့် "၂၀၀၉-၂၀၁၅ အာဆီယံ အသိုက်အဝန်း လမ်းပြမြေပုံ" တွင် ထင်ဟပ်လျက်ရှိပါသည်။

"၂၀၂၅ အာဆီယံ - ရှေ့သို့ တူညီကြိုးပမ်းမည်" (ASEAN 2025: Forging Ahead Together) ကို အာဆီယံ၏ဆောင်ပုဒ်အဖြစ် အာဆီယံခေါင်းဆောင်များက အာဆီယံအသိုက်အဝန်း တည်ထောင်ပြီးနောက် (၁၀) နှစ်အကြာ (၂၇) ကြိမ်မြောက် အာဆီယံထိပ်သီး အစည်းအဝေးတွင် ချမှတ်ခဲ့ခြင်း ဖြစ်သည်။ ယင်းသည် အာဆီယံ၏ ရည်ရွယ်ချက်၊ ရည်မှန်းချက်များဖြစ်သည့် ပိုမိုခိုင်မာသော စည်းလုံးညီညွတ်မှု၊ ပိုမိုအားကောင်းသော ပေါင်းစပ်ဆောင်ရွက်မှုတို့နှင့် အာဆီယံအသိုက်အဝန်းတစ်ခု အကောင်အထည်ဖော်ဆောင်ရွက်ရေးဖြစ်သည်။ နိုင်ငံရေးအရ စည်းလုံးညီညွတ်သော၊ စီးပွားရေးအရ ပေါင်းစပ်ဆောင်ရွက်သော၊ လူမှုရေးအရ တာဝန်ယူတတ်သော အာဆီယံအသိုက်အဝန်းဆီသို့ ဦးတည်ဆောင်ရွက်နေခြင်းလည်း ဖြစ်ပါသည်။

အာဆီယံ လူမှုအသိုက်အဝန်း ၂၀၂၅ ၏ ရည်မှန်းချက်ပန်းတိုင်သို့ လှမ်းချီရာတွင် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းအခြေပြမြေပုံ၏ မျှော်မှန်းချက်ဖြစ်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေး ပြောင်းလဲမှုများနှင့်အတူ ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်ကို အောင်မြင်စွာ တည်ဆောက်ရေးတို့လည်း အပါအဝင် ဖြစ်ပါသည်။ ထို့ကြောင့် အာဆီယံအဖွဲ့အစည်းများ၏ အခန်းကဏ္ဍ ပိုများလာရန် လုပ်ဆောင်ရမည်ဖြစ်သည်။ အာဆီယံအဖွဲ့အစည်းနှင့် သာမက ဆက်စပ်အဖွဲ့အစည်းများ၏ အစည်းအဝေး အစီအစဉ်များတွင်ပါဝင်၍ လှုပ်ရှားမှုကိုမြှင့်တင်ပေးရမည် ဖြစ်သည်။ အများပြည်သူနှင့် ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်ခြင်း၊ ပြည်သူရေးရာ ပူးပေါင်းပါဝင်မှု၊ လူမှုရေး ဆောင်ရွက်မှုနှင့် လူမှုရေး၊ ယဉ်ကျေးမှု စဉ်ဆက်မပြတ် တိုးတက်မှုများကိုလည်း မြှင့်တင်ပေးရန်တို့ လိုအပ်လာမည် ဖြစ်သည်။

ASCC အောက်ရှိ ဆက်စပ်အဖွဲ့အစည်းများ၏ စွမ်းရည်မြှင့် နည်းလမ်းများ၊ ဖွံ့ဖြိုးတိုးတက်စေရန် အတွက် အာဆီယံဒေသအတွင်း ပြည်သူများ၏ ဗဟုသုတများ ဖြန့်ဝေမှုများကိုလည်း ဆောင်ရွက်ရမည်ဖြစ် သည်။

**အာဆီယံ လူမှုအသိုက်အဝန်း ၂၀၂၅ ၏ ရည်မှန်းချက်ပန်းတိုင်သို့ လှမ်းချီရာတွင် အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းအခြေပြမြေပုံ၏ မျှော်မှန်းချက်ဖြစ်သော စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု၊ လူမှုရေး ပြောင်းလဲမှုများနှင့်အတူ ရေရှည်တည်တံ့သော သဘာဝပတ်ဝန်းကျင်ကို အောင်မြင်စွာ တည်ဆောက်ရေးတို့လည်း အပါအဝင် ဖြစ်ပါသည်။ ထို့ကြောင့် အာဆီယံ အဖွဲ့အစည်းများ၏ အခန်းကဏ္ဍ ပိုများလာရန် လုပ်ဆောင်ရမည်ဖြစ်**

**စာမျက်နှာ ၇ သို့»**

# ပြောင်းလဲခြင်းကို လက်ခံလိုက်ပါ

## ညီမေတ္တာ(အမရပူရ)

ကျွန်တော် နိုင်ငံရေးသမားမဟုတ်ပါ။ သို့သော် နိုင်ငံသားတစ်ယောက်အနေဖြင့် နိုင်ငံ၏အရေး၊ နိုင်ငံ၏ကိစ္စ၊ နိုင်ငံ၏အကြောင်းကိုတော့ဖြင့် လွတ်လပ်စွာ ပြောဆိုပိုင်ခွင့်ရှိသည်ဆိုသောကြောင့် ပြောရခြင်းဖြစ်ပါသည်။ ကျွန်တော် တွေးမိ၊ စဉ်းစားမိတာလေးကို တင်ပြခြင်းသာဖြစ်ပါသည်။

မာန်မာနသည် လွန်စွာကြောက်စရာကောင်း၏။ မာန်မာနတွေကြောင့် လောကကြီးကို အကျည်းတန်စေပါသည်။

နှစ်ပေါင်းများစွာ ယခင်ခေတ်အဆက်ဆက် အစိုးရစနစ်လက်အောက်မှ ယခုအခါ အရပ်သားအစိုးရစနစ်အောက်သို့ တစ်စတစ်စပြောင်းလဲကျင့်သုံးလာပါသည်။ မာန်မာနတို့လျှော့ချဖို့အချိန်ရောက်ပြီဖြစ်ပါသည်။ နိုင်ငံရေးလောကမှာ တွင်ကျယ်စွာပြောဆိုနေသော စကားရှိပါသည်။

"ခေါက်ရိုးကျိုးနေပါပြီကွာ

ရမှာမဟုတ်တော့ပါဘူး"

ဟူသောစကားဖြစ်ပါသည်။ ထိုစကားကို ကျွန်တော်လက်မခံနိုင်ပါ။ မည်မျှပင် နှစ်ပေါင်းများစွာ ကျင့်သုံးလာသည်ဖြစ်ပါစေ ယနေ့မှားမှန်းသိလျှင် ယနေ့ပင် စွန့်လွှတ်ရမှာဖြစ်ပါသည်။

ထိုသို့စွန့်လွှတ်နိုင်ရန် ကိုယ့်ထံမှာရှိသော မာန်မာနကိုလျှော့ချရန် အသိတရားဖြင့် ဆင်ခြင်ရန်သာလိုပါသည်။ ယခင်က နိုင်ငံရေးအကြောင်းများကို မရေးရဲ၊ မပြောရဲသောဘဝမှ ယနေ့ရေးရဲ၊ ပြောရဲခဲ့ရပြီဖြစ်ပါသည်။ သို့သော် မှန်ကန်ဖို့ လူကြီးလူကောင်းဆန်ဖို့တော့ လိုပါသည်။ ငါသိငါတတ် ငါပြောတာမှ အမှန်ဆိုတဲ့ မာန်မာနကို လျှော့ချဆွေးနွေးဖို့လိုပါသည်။ ရဟန်းလောက မာန်မာနလျှော့ချပုံကို အနည်းငယ်တင်ပြပါမည်။

ရဟန်းချင်းတွေ့သောအခါ မည်မျှပင် ကိုယ့်ထက်အသက်ငယ်သော်လည်း ဝါစဉ်အရ ကြီးနေပါလျှင် ကိုယ်က အရိုအသေပေး ဦးချကန်တော့ရ၏။ လူပုဂ္ဂိုလ်များအနေဖြင့် ကိုယ့်တူ ကိုယ်သားဖြစ်စေကာမူ သာမဏေရဟန်းဖြစ်ပါက မာန်ချကန်တော့ရ၏။

မည်မျှမာန်ချရသနည်းဟူမူကား လူအများခြေဖြင့် နင်းသောမြေကြီး သမံတလင်းအခင်းကို နဖူးနှင့်ထိသည်အထိ မာန်ချရ၏။ ထို့အတူ တပ်မတော်ထဲတွင်လည်း ကိုယ့်ထက်ရာထူးကြီးနေပါက အသက်ငယ်သော်လည်း မာန်မာနကို လျှော့ချအလေးပြုရ၏။ ယခုအခါ ဒီမိုကရေစီနှင့်အညီ စတင်ပြောင်းလဲလာချိန်တွင် ကန့်လန့်တိုက်အပြစ်ရှာ ဝေဖန်နေသူအချို့ကိုလည်း တွေ့နေရပါသည်။ ပါမောက္ခချုပ်ဆရာတော် ဒေါက်တာ နန္ဒမာလာဘိဝံသက "နိုင်ငံရေးဆိုတာ ခုခေတ်မှာ နားလည်နေကြတာက လက်ရှိအုပ်ချုပ်နေတဲ့ ပုဂ္ဂိုလ်တွေကို ဆန့်ကျင်ပြောတာကို နိုင်ငံရေးလို့ထင်နေကြတယ်။ ဒါနိုင်ငံရေး မဟုတ်ပါဘူး။ နိုင်ငံရေးဆိုတာ ကိုယ့်လူမျိုးနဲ့ ကိုယ့်တိုင်းပြည် ကောင်းစားရေး၊ ကြီးပွားတိုးတက်ရေး ဘယ်လိုလုပ်ရင် ကြီးပွားတိုးတက်နိုင်မလဲဆိုတဲ့ အရေးပါပဲ"တဲ့။

အပြုသဘောဆောင်ဝေဖန်ခြင်းကို လက်ခံပါသည်။ အဖျက်သဘောမျိုးဖြင့် ပုတ်ခတ်ပြောဆိုနေခြင်းကိုဖြင့် လက်မခံနိုင်ပါ။ ထိုသူတို့သည် မာန်မာနကို ဆုပ်ကိုင်ထားကြသူများဖြစ်ပါသည်။

ဝေဖန်ခြင်းဆိုသည်မှာ အပြစ်ကိုထောက်ပြ၍ အကျိုးသင့်အကြောင်းသင့် ရှင်းပြခြင်းမျိုး၊ ထိုအပြစ်တို့ကို ပြုပြင်စေလိုသော စေတနာပါခြင်း၊ ရရှိလာမည့် အကျိုးကျေးဇူးများကို ခံစားစေချင်သော မေတ္တာစိတ်ဖြင့် ပြောဆိုရေးသားခြင်းသည် စေတနာမေတ္တာကို အခြေခံသော ဝေဖန်ခြင်းဖြစ်ပါသည်။

အပြစ်တို့ကို ထုတ်ဖော်ရေးသား ပြောဆိုတာချင်းတူသော်လည်း တစ်ဖက်သားကို အရှက်ကွဲစေချင်သောစိတ်ဖြင့် နည်းသော၊ မပေါ်လွင်သော အမှားလေးကို အကြီးကြီးဖြစ်အောင် ဖော်ထုတ်ဝေဖန်ခြင်းသည် ဒေါသက္ကသာမစ္ဆရိယကို အခြေခံသော၊ ပုတ်ခတ်သော ဝေဖန်မှုမျိုးဖြစ်ပါသည်။ ဝေဖန်ခြင်းနှင့် ပုတ်ခတ်ခြင်းကို ကွဲပြားစွာ သိထားဖို့လိုပါသည်။

ယခုအခါ ပြည်သူ ၇၅ ရာခိုင်နှုန်းကျော်မှ ရွေးချယ်ထားသော အစိုးရကို ပြည်သူများအနေဖြင့် ဒီမိုကရေစီစိတ်ဓာတ်မွေး၍ လက်ခံရမည်ဖြစ်ပါသည်။ ယခင်အစိုးရဟောင်းပါတီမှ သမ္မတကြီးနှင့် ဝန်ကြီးများကပင် အစိုးရသစ်ကို စည်းကမ်းနှင့်အညီ လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါသည်။ လက်ရှိတာဝန်ထမ်းဆောင်နေကြသော အရာထမ်း၊ အမှုထမ်း ဝန်ထမ်းများသည်လည်း လက်ခံရမည်ဖြစ်ပါသည်။ ထို့အပြင် ရပ်ကျေးဥက္ကဋ္ဌများ၊ ရာအိမ်မှူးများ၊ ရပ်ကွက်နေပြည်သူများကလည်း ပြောင်းလဲခြင်းကို လက်ခံကာ အစိုးရသစ်၏လမ်းစဉ် စီမံကိန်းလုပ်ဆောင်ချက်များကို ဝိုင်းဝန်းပူးပေါင်းပါဝင်ကူညီလိုက်နာဆောင်ရွက်ရမှာ ဖြစ်ပါသည်။

ဝေဖန်ထောက်ပြလျှင်လည်း အထက်မှာဆိုခဲ့သည့်အတိုင်း စေတနာ မေတ္တာဖြင့်သာ ဝေဖန်အကြံပေးသင့်ပါသည်။

ခြောက်ပြစ်ကင်းသဲလဲစင် ကိုယ့်အကြိုက်ရဖို့ဆိုတာ မဖြစ်နိုင်ပါ။ ဘဝတစ်လျှောက်တွင် ကိုယ်နှင့် သဘောထားချင်းတိုက်ဆိုင်ဖို့ဆိုသည်မှာ တကယ်တော့ တော်တော်မလွယ်ပါဘူးဟု သီတဂူဆရာတော်ကြီးက မိန့်ဖူးပါသည်။ ကိုယ်လိုချင်တဲ့ ပြီးပြည့်စုံတဲ့ ဘဝဆိုတာ မရနိုင်တဲ့အတွက် ပျော်ရွှင်တဲ့ဘဝကို ရဖို့ကိုသာ ကြိုးစားအားထုတ်ရမည်ဖြစ်ပါသည်။

မည်သို့ပင်ဖြစ်ပါစေ နိုင်ငံ့ခေါင်းဆောင်ကြီးများကပင် ပြည်သူနှင့် နိုင်ငံ့မျက်နှာကို အလေးထားပြီး တာဝန်များကို လွှဲပြောင်းပေးခဲ့ပြီးဖြစ်ပါသည်။ မည်မျှပင် ပညာတတ်ကြီးဖြစ်နေပါစေ၊ စိတ်ဓာတ်ယုတ်ညံ့သူအတွက်တော့ ပညာတတ်ခြင်းသည် လောကကို အကျည်းတန်စေပါသည်။

ယခုအခါ ပြည်သူတွေ တင်မြှောက်သောအစိုးရ အုပ်ချုပ်နေတုန်းမှာ ကျွန်တော်တို့ ချေးထူနေဦးမည်ဆိုလျှင် ယခုအစိုးရက ကျွန်တော်တို့ကို ဘယ်လိုနားလည်ကြမှာလဲ။ ဒီမိုကရေစီစည်းကမ်းနှင့်အညီ သတ်မှတ်နှစ်အထိ စောင့်ကြည့်ရပါလိမ့်မည်။ သတ္တိဆိုတာ လုပ်သင့်လုပ်ထိုက်တာကို မကြောက်မရွံ့လုပ်ရဲတာကို ခေါ်တာဖြစ်သလို အသိတရားရှိတယ်ဆိုတာဟာလည်း မလုပ်သင့်၊ မလုပ်ထိုက်တာတွေကို မလုပ်ဘဲ သည်းခံနေနိုင်တာမျိုးကို ခေါ်ရမှာ ဖြစ်ပါသည်။

ဝန်ထမ်းတွေကို အစိုးရဝန်ထမ်းဟု အရပ်သားများက ခေါ်ကြပါသည်။ နိုင်ငံအုပ်ချုပ်ရေးပိုင်းမဟုတ်သော ဝန်ထမ်းများသည် အစိုးရဝန်ထမ်းမဟုတ်ပါ။ ပြည်သူတို့၏ ဝန်ထမ်းသာဖြစ်ပါသည်။ ထိုသူတို့သည် ဝန်ထမ်းစည်းကမ်းနှင့်အညီ တာဝန်ထမ်းဆောင်နေလျှင် မည်သည့်အစိုးရတက်တက် သက်တမ်းပြည့် တာဝန်ထမ်းဆောင်ရမည်ဖြစ်ပါသည်။

သို့သော် ပြည်သူနှစ်သက်၍တင်မြှောက်ထားသော အစိုးရ၏ ဆောင်ရွက်ချက် စီမံကိန်းလမ်းစဉ်များကို ပြည်သူ့ဝန်ထမ်းများက လက်ခံလိုက်နာရမည် ဖြစ်ပါသည်။ ဒီနေရာမှာ ပြောင်းလဲခြင်းကို လက်ခံလိုက်ပါဆိုတဲ့ အဖြစ်အပျက်နဲ့ ပုံပြင်လေးတစ်ပုဒ်ကို တင်ပြလိုပါသည်။

"အရာရှိတစ်ယောက်ရဲ့ ဇနီးရုတ်တရက် ကွယ်လွန်သွားတော့ လူမမယ် ကလေးသုံးယောက် ကျန်ခဲ့ပါတယ်။ အရာရှိလည်း ကလေးတွေကို စောင့်ရှောက်ဖို့အတွက် တောရွာက အမျိုးသမီးတစ်ယောက်ကို အိမ်မှာ အကူခေါ်ထားလိုက်ရပါတယ်။ အဲဒီအမျိုးသမီးဟာ ကလေးတွေအပေါ် အနွံအတာခံပြီး ပြုစုစောင့်ရှောက်ပါတယ်။ စိတ်ထားကောင်းတဲ့သူ မိခင်စိတ်ရှိကြလေ၏ဆိုတဲ့ အတိုင်း လခရလို့ဒီအလုပ်ကိုလုပ်တာမျိုး မဟုတ်တော့ဘဲ တကယ့်မိခင်နေရာမျိုးကနေ ကလေးတွေအပေါ် စေတနာမေတ္တာထားကာ လုပ်ကိုင်ပေးနေတာပါ။

"ဒီလိုနဲ့ အကြီးဆုံးသမီးဘွဲ့ရတဲ့နှစ်မှာပဲ အရာရှိကြီးက အဲဒီအမျိုးသမီးကို လက်ထပ်ယူလိုက်ပါတယ်။ သားသမီးတွေက အဖေဖြစ်သူကို ဘာမှကန့်ကွက်မှု မပြုကြပါဘူး။ ဒါပေမယ့် သားသမီးတွေက အဲဒီအမျိုးသမီးကို အိမ်အကူလိုပဲ ဆက်ဆံကြပါတယ်။

"အမျိုးသမီးအနေနဲ့ မိခင်စိတ်ဝင်ထားတာမို့ ကလေးတွေအပေါ် ဘယ်လိုမှ မအောက်မေ့ ခွင့်လွှတ်ထားပေမယ့်လည်း ဖခင်ဖြစ်သူအရာရှိကြီးက စိတ်မကောင်းဖြစ်ရတဲ့အတွက် တစ်နေ့ညမှာ သားသမီးတွေကိုခေါ်ပြီး အခုလို ပုံပြင်လေးကို ပြောပြပါတော့တယ်။

"တစ်ခါတုန်းက ရွာတစ်ရွာရဲ့ အနောက်ဘက်လမ်းအစွန်မှာ သစ်ငုတ်တိုကြီးတစ်ခုရှိတယ်။ အဲဒီသစ်ငုတ်တိုကြီးကို နွားတွေက ကိုယ်လုံးနဲ့ ပွတ်ပြီး အယားဖျောက်ကြတယ်။ လူတွေကလည်း ငုတ်တိုကြီးကို အကာအကွယ်ယူပြီး

ထိုသို့စွန့်လွှတ်နိုင်ရန် ကိုယ့်ထံမှာရှိသော မာန်မာနကို လျှော့ချရန် အသိတရားဖြင့် ဆင်ခြင်ရန်သာလိုပါသည်။ ယခင်က နိုင်ငံရေးအကြောင်းများကို မရေးရဲ၊ မပြောရဲသောဘဝမှ ယနေ့ရေးရဲ၊ ပြောရဲခဲ့ရပြီဖြစ်ပါသည်။ သို့သော် မှန်ကန်ဖို့ လူကြီးလူကောင်းဆန်ဖို့တော့ လိုပါသည်။ ငါသိငါတတ် ငါပြောတာမှ အမှန်ဆိုတဲ့ မာန်မာနကို လျှော့ချဆွေးနွေးဖို့လိုပါသည်။

ချေးယို၊ သေးပေါက်လုပ်ကြတယ်။

"တစ်နေ့မှာ တစ်နယ်တကျေးက အလည်ရောက်လာတဲ့ ပန်းပုပညာရှင်က သစ်ငုတ်တိုကြီးကို မြင်တွေ့သွားပြီး ပန်းပုထုလို့ကောင်းတဲ့ သစ်တုံးပဲလို့သိတဲ့အတွက် အရင်းကနေဖြတ်ယူပြီး အင်မတန်သပ္ပါယ်တဲ့ ဘုရားပုံတော်တစ်ဆူ ထုဆစ်ပုံဖော်လိုက်ပါတယ်။ ရွာထိပ်မှာ စုပေါင်းဓမ္မာရုံဆောက်ပြီး ဘုရားကို အနေကဇာတင်ပူဇော်ထားလိုက်ကြပါတယ်။ ဒီလိုပြောင်းလဲသွားတာကို လက်မခံဘူးဆိုပြီး ယခင်သစ်ငုတ်တိုကြီးလိုပဲ သဘောထားနေမယ်ဆိုရင် အပါယ်ကျကြပါလိမ့်မယ်။ ယခုအခါ အမေနေရာရောက်နေပြီဖြစ်တဲ့အတွက် သားတို့သမီးတို့ဟာ အမေလိုမဆက်ဆံဘူးဆိုရင် သားတို့သမီးတို့ပဲ အပြစ်ဖြစ်ပါလိမ့်မယ်"။ အဖေဖြစ်သူအရာရှိကြီးပြောပြတဲ့ ပုံပြင်လေးအဆုံးမှာတော့ သားသမီးတို့ဟာ သဘောပေါက်နားလည်သွားကြပြီး ပြောင်းလဲခြင်းကို လက်ခံလိုက်ကြပါတော့တယ်။ ဒီလိုလက်ခံလိုက်ခြင်းကြောင့် အေးချမ်းသာယာတဲ့ မိသားစုလေးဖြစ်သွားသလိုပဲ၊ ကျွန်တော်တို့နိုင်ငံသည်လည်း ငြိမ်းချမ်းသာယာသော နိုင်ငံတစ်ခုတည်ဆောက်ကြပါစို့လို့"ဟု ဆန္ဒပြုကာ ရေးသား တင်ပြလိုက်ရပါသည်။ ။

---

စာမျက်နှာ ၆ မှ

ထို့အပြင် အာဆီယံလူမှုရေး-ယဉ်ကျေးမှု မဏ္ဍိုင်အောက်တွင် ဖွံ့ဖြိုးတိုးတက်မှု ကွာဟချက်နည်းရန် နည်းဗျူဟာများ၊ လုပ်ငန်းအစီအစဉ်များကို တိုးမြှင့်ဆောင်ရွက်သွားရန်တို့လည်း လိုအပ်မည်ဖြစ်ပါသည်။

အာဆီယံ လူမှုရေး-ယဉ်ကျေးမှုအသိုက်အဝန်းလမ်းပြမြေပုံ-၂၀၂၅ အကောင်အထည်ဖော်မှုတိုးတက်မှုဖြစ်စဉ်ကို စောင့်ကြည့်စစ်ဆေးခြင်း (Progress on Implementation and Monitoring of the ASCC Blueprint 2025) နှင့်ပတ်သက်၍ အာဆီယံလုပ်ငန်းအဖွဲ့အစည်းများ၏ လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များ၏ ဖွံ့ဖြိုးတိုးတက်မှု (Status of the Development of ASCC Sectoral Work Plans) နှင့် ပတ်သက်၍ ဩဂုတ်လ ၂၆ ရက်နေ့အထိ ACDM, SOMRI, SLOM, ACW, SOM-ED, SOMRDPE, SOMCA, COM, SOMY တို့က ၎င်းတို့၏ ၂၀၁၅ အလွန် လုပ်ငန်းအစီအစဉ်များ (post-2015 work programmes) နှင့်ပတ်သက်၍ အတည်ပြုဆောင်ရွက်ပြီးစီးမှုများ ပြုလုပ်ခဲ့ကြပါသည်။

ASEAN Socio Cultural Community(ASCC) ဆိုင်ရာ ဆက်စပ်ကော်မတီ အစည်းအဝေးများဖြစ်သည့် -

- ASEAN Committee on Disaster Management (ACDM)
- Senior Officials Meeting Responsible for Information (SOMRI)
- Senior Labour Officials Meeting (SLOM)
- ASEAN Committee on Women (ACW)
- Senior Officials Meeting on Education (SOM-ED)
- Senior Officials Meeting on Rural Development and Poverty Eradication (SOMRDPE)
- Senior Officials Meeting for Culture and Arts (SOMCA)
- Committee under the COP to the ASEAN Agreement on Transboundary Haze Pollution (COM)
- Senior Officials Meeting on Youth (SOMY)

တို့က ၂၀၂၅ အာဆီယံ လူမှုရေး-ယဉ်ကျေးမှု အသိုက်အဝန်း အခြေပြမြေပုံအရ သက်ဆိုင်ရာကဏ္ဍအလိုက် အတည်ပြုခဲ့သော Work Plans များကို ဆက်လက် ဦးစားပေးဆောင်ရွက်ရန် ဖြစ်ပါသည်။ ကျန်ရှိနေသေးသည့်

- ASEAN Senior Officials on Environment (ASOEN)
- Senior Officials Meeting Responsible for Culture (SOMCA)
- Senior Officials Meeting for Sports (SOMS)
- Senior Officials Meeting for Health Development (SOMHD)
- Senior Officials Meeting for Social Welfare and Development (SOMSWD)

တို့အနေဖြင့် (work programmes) များကို ၂၀၁၆ ခုနှစ် တတိယသုံးလပတ်(သို့မဟုတ်) စတုတ္ထ သုံးလပတ်တွင် သက်ဆိုင်ရာ လုပ်ငန်းအစီအစဉ်များကို ဆက်လက်ချမှတ်ရန်ရှိပါမည်။

အချုပ်ဆိုရသော် ၂၀၁၆ ခုနှစ် လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံတွင် ကျင်းပသည့် (၂၈)ကြိမ်မြောက်နှင့် (၂၉)ကြိမ်မြောက် အာဆီယံထိပ်သီးအစည်းအဝေးများတွင် အာဆီယံခေါင်းဆောင်များ လက်မှတ်ရေးထိုးခဲ့သော အာဆီယံဒေသအတွင်းနှင့် ဒေသအပြင်ဘက်များ၏ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များအပေါ် ဒေသတစ်ခုတည်းအနေဖြင့် အာဆီယံ၏ တုံ့ပြန်မှုဆိုင်ရာ အာဆီယံ ကြေညာချက် (ASEAN Declaration on One ASEAN One Response: ASEAN Responding to Disasters as One in the Region and Outside the Region) နှင့် ပတ်သက်၍ လေ့လာပါက အာဆီယံပဋိညာဉ်စာတမ်းတွင် ဖော်ပြထားသော တစ်ခုတည်းသော မျှော်မှန်းချက်၊ တစ်ခုတည်းသော စရိုက်လက္ခဏာ၊ တစ်ခုတည်းသော အသိုက်အဝန်းအရ စည်းလုံးညီညွတ်ခြင်းကို အသက်ဝင်စေခြင်းပင် ဖြစ်ပါသည်။

ထို့အပြင် အာဆီယံ သဘာဝဘေးအန္တရာယ် စီမံခန့်ခွဲမှုနှင့် အရေးပေါ်ကယ်ဆယ်ရေး ရန်ပုံငွေ၊ အာဆီယံလူသားချင်းစာနာကူညီပံ့ပိုးမှုဗဟိုဌာနတို့၏ အကူအညီဖြင့် အာဆီယံဒေသတွင်းရှိ ပူးပေါင်းပါဝင်သူများ၊ ကဏ္ဍရပ်များနှင့် ချိတ်ဆက်ဆောင်ရွက်နိုင်မည့် စံလုပ်ထုံးလုပ်နည်းများ၊ နည်းလမ်းများကို ပြဋ္ဌာန်းသတ်မှတ်နိုင်ရန် မဟာဗျူဟာလမ်းညွှန်မှုများ ပေးအပ်ရန်နှင့် ညှိနှိုင်းပေါင်းစပ်မှုတို့ကို မြှင့်တင်ရန်အတွက် များစွာ အထောက်အကူပြုပါကြောင်း တင်ပြလိုက်ရပါသည်။

# နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည် Asia Society က စီစဉ်ကျင်းပသည့် လူထုဟောပြောပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြား

**နယူးယောက် စက်တင်ဘာ ၂၂**
နိုင်ငံတော်၏ အတိုင်ပင်ခံပုဂ္ဂိုလ် ဒေါ်အောင်ဆန်းစုကြည်သည် ယမန်နေ့နံနက် ၉ နာရီခွဲတွင် နယူးယောက်မြို့ရှိ ကုလသမဂ္ဂဌာနချုပ်၌ကျင်းပသည့် (၇၁) ကြိမ်မြောက် ကုလသမဂ္ဂ အထွေထွေညီလာခံ အထွေထွေမူဝါဒရေးရာ မိန့်ခွန်းပြောကြားခြင်း အစီအစဉ် ဒုတိယနေ့ အခမ်းအနားသို့ တက်ရောက်၍ မိန့်ခွန်းပြောကြားသည်။

ယင်းနောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် မွန်ဂိုလီးယားနိုင်ငံသမ္မတ၏ နိုင်ငံခြားရေးမူဝါဒဆိုင်ရာ အကြံပေးပုဂ္ဂိုလ် Mr. Lundeg PUREVSUREN နှင့် ဒေသစံတော်ချိန် ညနေ ၃ နာရီခွဲတွင် ကုလသမဂ္ဂဌာနချုပ် အဆောက်အအုံ၌ တွေ့ဆုံကာ နှစ်နိုင်ငံမူဝါဒဆိုင်ရာကိစ္စရပ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးကြသည်။

ထို့နောက် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် 2016 Treaty Event ၌ ဈေးကလီးယားလက်နက်စမ်းသပ်ဖောက်ခွဲမှု အလုံးစုံတားဆီးပိတ်ပင်ရေးစာချုပ်သို့ အတည်ပြုပါဝင်ခြင်း အခမ်းအနားတက်ရောက်သည်။





ညနေပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Asia Society က စီစဉ်ကျင်းပသည့် လူထုဟောပြောပွဲအခမ်းအနားတွင် မိန့်ခွန်းပြောကြားပြီး မေးခွန်းများ မေးမြန်းခြင်း၊ ဖြေကြားခြင်းနှင့် ဆွေးနွေးခြင်းများ ပြုလုပ်သည်။ **(အပေါ်ပုံ)**

အဆိုပါ Asia Society သို့ ဖိတ်ကြားထားသူများနှင့် နိုင်ငံခြားရေးမူဝါဒဆိုင်ရာ ပညာရှင်များ၊ နိုင်ငံရေးသိပ္ပံပညာရှင်များ၊ စီးပွားရေးလုပ်ငန်းရှင်များ၊ နယူးယောက်မြို့မှ စိတ်ပါဝင်စားသူ ဒေသခံများနှင့် ကျောင်းသားကျောင်းသူများ တက်ရောက်ကြသည်။

ညပိုင်းတွင် နိုင်ငံတော်၏အတိုင်ပင်ခံပုဂ္ဂိုလ်သည် Asia Society က တည်ခင်းသည့် ညစာစားပွဲသို့ တက်ရောက်သည်။

**(သတင်းစဉ်)**

❖

# ပခုက္ကူမြို့အထွေထွေရောဂါကုဆေးရုံသို့ ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း(BFM)က ကျောက်ကပ်ဆေးစက်နှင့် ရေသန့်စက်လှူဒါန်း

**ပခုက္ကူ စက်တင်ဘာ ၂၂**
ပခုက္ကူမြို့တွင် ကမ္ဘောဇဘဏ်လီမိတက် ပခုက္ကူဘဏ်ခွဲ(၂) ဖွင့်လှစ်ခြင်းအထိမ်းအမှတ်အဖြစ် ကမ္ဘောဇအနာဂတ်အလင်းတန်းမြန်မာဖောင်ဒေးရှင်း (BFM)က ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီးသို့ ငွေကျပ်သိန်း ၂၇၀ တန်ဖိုးရှိ ကျောက်ကပ်ဆေးစက်နှင့် ရေသန့်စက်ကို စက်တင်ဘာ၂၂ ရက်က ဖောင်ဒေးရှင်းမှ တာဝန်ရှိသူများဖြစ်သည့် ကမ္ဘောဇဘဏ်လီမိတက် ပခုက္ကူဘဏ်ခွဲ(၁)တာဝန်ခံ ဒေါ်နီလာကိုနှင့် ပခုက္ကူဘဏ်ခွဲ(၂)တာဝန်ခံ ဦးမိုးဇော်ထွန်းတို့က အထွေထွေရောဂါကုဆေးရုံအုပ်ကြီး ဒေါက်တာဦးဖုန်းမော်ထံ ပေးအပ်လှူဒါန်းသည်။

အခမ်းအနားတွင် ဆေးရုံအုပ်ကြီး ဒေါက်တာ ဦးဖုန်းမော်က ကျောက်ကပ်ဆေးစက်နှင့် ရေသန့်စက်လှူဒါန်းခြင်းအတွက် ကျေးဇူးတင်စကားပြန်လည်ပြောကြားခဲ့ပြီး မြို့မိမြို့ဖတစ်ဦးကလည်း ကမ္ဘောဇဘဏ် ပခုက္ကူဘဏ်ခွဲ(၂)ဖွင့်လှစ်ခြင်းအတွက် ဒေသခံများက ဝမ်းမြောက်ကြိုဆိုကြောင်း၊ ၂၀၁၁ခုနှစ်ကလည်း ဂီရိမုန်တိုင်းတိုက်ခတ်၍ မိုးသည်းထန်စွာရွာသွန်းခဲ့မှုကြောင့် ပခုက္ကူမြို့ရှိ ရွှေချောင်းတံတားပျက်စီးပြီး ပခုက္ကူခရိုင်အနီးကြိမ်ချောင်းကြီးကျေးရွာနှင့် ပတ်ဝန်းကျင်ရှိ လူနေအိမ်များ ရေနစ်မြုပ်ပျက်စီးခဲ့ရာ ပြန်လည်ထူထောင်ရေးအတွက် ငွေကျပ်သိန်းပေါင်း ၂၀၀၀ ကို လှူဒါန်းခဲ့ကြောင်း၊ ယခုအခါ ပခုက္ကူမြို့ အထွေထွေရောဂါကုဆေးရုံကြီးတွင် လိုအပ်လျက်ရှိသော ကျောက်ကပ်ဆေးစက်နှင့် ရေသန့်စက်ကိုလှူဒါန်းပေးခြင်းအတွက် မြို့မိမြို့ဖများကိုယ်စား အထူးကျေးဇူးတင်ရှိကြောင်း ပြောကြားသည်။

ဖောင်ဒေးရှင်းသည် မြန်မာနိုင်ငံအနှံ့အပြားရှိ ပြည်သူပြည်သားများအတွက် ကျန်းမာရေးစောင့်ရှောက်မှုဆိုင်ရာကဏ္ဍတွင် ပံ့ပိုးကူညီဆောင်ရွက်ပေးလျက်



ရှိရာ ဆေးရုံကြီးများ ဆောက်လုပ်လှူဒါန်းခြင်း၊ ကျန်းမာရေးဆိုင်ရာ ဟောပြောပွဲများ ကျင်းပပေးခြင်း၊ မြန်မာနိုင်ငံအတွင်းရှိ နှုတ်ခမ်းကွဲ၊ အာခေါင်ကွဲလူနာများအား ဆေးဝါးကုသမှုများ ဆောင်ရွက်ပေးခြင်း၊ ဖောင်ဒေးရှင်းအဖွဲ့ဝင်များက စဉ်ဆက်မပြတ် သွေးလှူဒါန်းပွဲများ ကျင်းပခြင်း၊ သက်ကြီးရွယ်အိုစောင့်ရှောက်ရေးဂေဟာအတွက် မော်တော်ယာဉ်များလှူဒါန်းပေးခြင်း၊ အရေးပေါ်လူနာတင်ယာဉ်များ လှူဒါန်းခြင်း၊ နာရေးကူညီမှုအသင်းနှင့် အခြားလူမှုရေးအသင်းအဖွဲ့များသို့ လိုအပ်သည်များထောက်ပံ့လှူဒါန်းခြင်း၊ ရေဘေးသင့်ပြည်သူများအား ရပ်ကွက်၊ ကျေးရွာအထိ ကျန်းမာရေးစစ်ဆေးပေးခြင်းနှင့် အခမဲ့ဆေးကုသခန်းများ ဖွင့်လှစ်ကုသပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(၀၁၀)**

## မြန်မာနိုင်ငံပြန်တမ်း

## အမြဲတမ်းအတွင်းဝန်အဖြစ် တာဝန်ပေးအပ်ခြင်း

ပြည်ထောင်စုအစိုးရအဖွဲ့သည် နိုင်ငံခြားရေးဝန်ကြီးဌာန နိုင်ငံရေးရာ ဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်ဇေယျအား အမြဲတမ်းအတွင်းဝန် တာဝန်များကို ပူးတွဲထမ်းဆောင်ရန် တာဝန်ပေးအပ်လိုက်သည်။

# ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် စာကြည့်တိုက်သို့ စာအုပ်များလှူဒါန်း

**ရန်ကုန် စက်တင်ဘာ ၂၂**
မြန်မာနိုင်ငံပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာ ကွန်ရက်အသင်းက ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်စာကြည့်တိုက်အတွက် စာအုပ်များပေးအပ်လှူဒါန်းပွဲနှင့် ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်၏ ဆွေးနွေးဟောပြောပွဲကို ယနေ့မွန်းလွဲပိုင်းက တိုင်းဒေသကြီးလွှတ်တော်၌ကျင်းပရာ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် နာယက ဦးတင်ဦး၊ ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာကွန်ရက်အသင်းဥက္ကဋ္ဌ ဦးစောလုလုထော်နှင့် တာဝန်ရှိသူများ၊ ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက အဖွင့်အမှာစကားပြောကြားပြီး မြန်မာနိုင်ငံပြည်သူ့ရေးရာစီမံခန့်ခွဲမှုပညာရပ်ဆိုင်ရာကွန်ရက်အသင်း (MPAN) ဥက္ကဋ္ဌ ဦးစောလုလုထော်က ဟောပြောဆွေးနွေးပွဲကျင်းပရခြင်းနှင့်ပတ်သက်၍ရှင်းလင်းပြောကြားသည်။ ဆက်လက်၍ ပါမောက္ခ ဒေါက်တာအောင်ထွန်းသက်က ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာရပ်နှင့်ပတ်သက်၍ ဟောပြောဆွေးနွေးသည်။

ယင်းနောက် စာအုပ်လှူဒါန်းပွဲကို ဆက်လက်ကျင်းပရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်စာကြည့်တိုက်အတွက် စာအုပ်များကို မြန်မာနိုင်ငံ ပြည်သူ့ရေးရာစီမံခန့်ခွဲမှု ပညာရပ်ဆိုင်ရာကွန်ရက်အသင်း (MPAN)ဥက္ကဋ္ဌ ဦးစောလုလုထော်က ပေးအပ်ရာ ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ ဦးတင်မောင်ထွန်းက လက်ခံရယူသည်။ **(အောက်ပုံ)**

**သတင်းနှင့်ဓာတ်ပုံ-ဖိုးသော်ဇင်**





# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုဂုဏ်ပြု ပြည်သူ့အကျိုးပြုဆောင်ရွက်

**စစ်တွေ စက်တင်ဘာ ၂၂**
အမှတ်(၁)နယ်ခြားစောင့်ရဲကွပ်ကဲမှုအဖွဲ့မှူးကွပ်ကဲမှုအောက် အမှတ်(၂)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲက အောက်တိုဘာ ၁ ရက်တွင် ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၇ ရက်တွင် အမှတ် (၂)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲက မောင်တောမြို့နယ် အမှတ်(၆) ရပ်ကွက်ရှိ အထက(ခွဲ-၂) စာသင်ကျောင်းဝင်းအတွင်းနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးပြုလုပ်ခြင်း**(ဝဲပုံ)**၊ အမှတ် (၄)နယ်ခြားစောင့်ရဲတပ်ဖွဲ့ခွဲက စက်တင်ဘာ ၁၀ ရက်တွင် မောင်တောမြို့နယ် ဥဒေါင်း(နတလ)ကျေးရွာ ဘုန်းကြီးကျောင်းဝင်းအတွင်းနှင့် ပတ်ဝန်းကျင်တို့တွင် သန့်ရှင်းရေးဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **(ကြေးမုံ)**

# နှစ်နိုင်ငံ တပ်မတော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်နိုင်သည့် နယ်ပယ်များတွင် ဆက်ဆံမှုတိုးမြှင့်ရေးဆွေးနွေး

**နေပြည်တော် စက်တင်ဘာ ၂၂**

တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် မြန်မာနိုင်ငံဆိုင်ရာ နယ်သာလန်နိုင်ငံသံအမတ်ကြီး H.E. Mr. Wouter Robert Marie Jurgen အား ယနေ့နံနက် ၉ နာရီခွဲတွင် နေပြည်တော်ရှိ ဘုရင့်နောင်ရိပ်သာ ဧည့်ခန်းမဆောင်၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ၊ တပ်မတော်အနေဖြင့် နိုင်ငံတော်အစိုးရနှင့် ပူးပေါင်းပါဝင်လုပ်ဆောင်နေမှု၊ ကချင်ပြည်နယ်အတွင်း လူသားချင်းစာနာထောက်ထားမှုအကူအညီပေးရာတွင် ကြုံတွေ့ရသည့် ပကတိအခြေအနေများ၊ နှစ်နိုင်ငံ တပ်မတော်နှစ်ရပ် ပူးပေါင်းဆောင်ရွက်နိုင်သည့်နယ်ပယ်များတွင် ဆက်ဆံမှု တိုးမြှင့်ရေးတို့ကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ရေ၊လေ) ဗိုလ်ချုပ်ကြီးမြထွန်းဦးနှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး (ကြည်း)မှ တပ်မတော်အရာရှိကြီးများ တက်ရောက်ကြပြီး သံအမတ်ကြီးနှင့်အတူ စစ်သံမှူး Colonel Allard Wagemaker တို့ တက်ရောက်ကြကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

Theme for 37th General Assembly of ASEAN Inter-Parliamentary Assembly (AIPA)

AIPA

"Vibrant AIPA for a progressive ASEAN Community"

"အာဆီယံအသိုက်အဝန်းတိုးတက်ထွန်းကားရေး အာဆီယံပါလီမန်များညီလာခံက တက်ကြွလှုပ်ရှားပေး"



❒ **ကျောဖုံးမှ**

(KKO) ခွဲထွက်အဖွဲ့ အခြေပြုလှုပ်ရှားသည့် စခန်းအားလုံးကို ဖယ်ရှားရှင်းလင်းနိုင်ခဲ့ပြီး စက်တင်ဘာ ၂၁ ရက်အထိ ထိတွေ့တိုက်ပွဲပေါင်း (၁၉) ကြိမ် ဖြစ်ပွားခဲ့ပြီး တပ်မတော်မှ အရာရှိ၊ စစ်သည်အချို့ ကျဆုံး၊ ဒဏ်ရာရရှိသကဲ့သို့ (KKO) ခွဲထွက်အဖွဲ့မှ တပ်ရင်းမှူးအဆင့်ရှိသူ တစ်ဦးအပါအဝင် လေးဦး သေဆုံးကာ ဗိုလ်ကြီးအဆင့်ရှိသူ တစ်ဦးကို အရှင်ဖမ်းဆီးရမိခဲ့ပြီး လက်နက်ခုနစ်လက်၊ မော်တော်ယာဉ် နှစ်စီး၊ ထော်လာဂျီ တစ်စီး၊ ဆိုင်ကယ် လေးစီးနှင့် ကျည်မျိုးစုံ ၁၁၇၉ တောင့် သိမ်းဆည်းရမိခဲ့သည်။

(KKO) ခွဲထွက်အဖွဲ့သည် ထိုသို့ တိုက်ပွဲဖြစ်ပွားမှုများကြောင့် တပ်မတော်စစ်ကြောင်းများအား အာရုံလွှဲရန် မြဝတီ၊ ကော့ကရိတ်မြို့ပေါ်ရှိ စစ်ရေးနှင့် မသက်ဆိုင်သည့် နေရာများနှင့် မြိုင်ကြီးငူ-မဲသဝေါ ကားလမ်းတစ်လျှောက် တိုက်ပွဲရှောင် အပြစ်မဲ့ဒေသခံတိုင်းရင်းသားများ နေရပ်ပြန်စဉ် မိုင်းထောင် ဖောက်ခွဲတိုက်ခိုက်ရန် ဆောင်ရွက်ခဲ့ရာ မြဝတီမြို့တွင် စက်တင်ဘာ ၁၄ ရက်နှင့် ၂၀ ရက်က လက်လုပ်မိုင်း နှစ်လုံးကို အချိန်မီ ရှင်းလင်းနိုင်ခဲ့ပြီး ဝါးဘိုးတောင်-ကျုံထော်နယ်မြေအတွင်းမှ အသက်သွင်းရန် အသင့်ဖြစ်သည့် မိုင်းမျိုးစုံ ၂၃၈ လုံး၊ မဲသဝေါပြန့် နယ်မြေအတွင်းမှ မိုင်းမျိုးစုံ ၃၇၁ လုံး၊ စုစုပေါင်း မိုင်းမျိုးစုံ ၆၀၉ လုံးတို့ကို ဖော်ထုတ်ရှင်းလင်းသိမ်းဆည်းရမိခဲ့သည်။

ယခုအခါ မြိုင်ကြီးငူ-မဲသဝေါကားလမ်းတစ်လျှောက် နယ်မြေတည်ငြိမ်အေးချမ်းခဲ့ပြီဖြစ်သောကြောင့် မြိုင်ကြီးငူသို့ တိမ်းရှောင်လာခဲ့သော ဒေသခံပြည်သူများကို တပ်မတော်မော်တော်ယာဉ်များဖြင့် ပြန်လည်ပို့ဆောင်နေရာချထားပေးခြင်း၊ စားနပ်ရိက္ခာ ထောက်ပံ့ကူညီပေးခြင်းနှင့် လမ်းကြောင်းတစ်လျှောက် မိုင်းအန္တရာယ်ကင်းရှင်းရေးလုပ်ငန်းများကို တပ်မတော်ကကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# ၂၀၁၆ ခုနှစ် ပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ စတုတ္ထပွဲစဉ် တောင်ငူမြို့တွင် ကျင်းပ

**တောင်ငူ စက်တင်ဘာ ၂၂**

ထူးချွန်သော ဂေါက်သီးအားကစားသမားများ ပေါ်ထွက်လာစေရေးအတွက် CB ဘဏ်မှ အဓိကကူညီပံ့ပိုးသော မြန်မာပြည်တွင်းပတ်လည်ဂေါက်သီးရိုက်ပြိုင်ပွဲ (စတုတ္ထ)ပွဲစဉ်ကို စက်တင်ဘာ ၂၂ ရက် နံနက်ပိုင်းတွင် ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့ Southern Star ဂေါက်ကွင်း၌ ကျင်းပသည်။

ပြိုင်ပွဲဝင် ဂေါက်သီးအားကစားသမားများသည် သတ်မှတ်ထားသည့် အမှတ်(၁) တီခုံ၌ နေရာယူကြပြီး ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးဝင်းသိန်း၊ တောင်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ်မြတ်ကျော်၊ CB ဘဏ်ဥက္ကဋ္ဌ ဦးခင်မောင်အေး၊ မြန်မာနိုင်ငံဂေါက်သီးအဖွဲ့ချုပ်နှင့် မြန်မာပီဂျီအေဥက္ကဋ္ဌ ဦးကိုကိုအေးတို့က အလှည့်ကျဂေါက်သီးရိုက်ကာ ဖွင့်လှစ်ပေးကြပြီး ပထမနေ့ ၁၈ ကျင်းကို စတင်ယှဉ်ပြိုင်ကစားကြသည်။

ပြိုင်ပွဲတွင် ပညာရှင် အဆင့် ၂၅ ဦး၊ ဝါသနာရှင်အဆင့် အမျိုးသား ၈၉ ဦး၊ ဝါသနာရှင်အဆင့် အမျိုးသမီး ရှစ်ဦး စုစုပေါင်း ၁၂၂ ဦး ပါဝင်ယှဉ်ပြိုင်ခဲ့ကြပြီး စက်တင်ဘာ ၂၂ ရက်မှ ၂၅ ရက်အထိ ယှဉ်ပြိုင်ကစားမည်ဖြစ်သည်။

**(ဖိုးသော်ဇင်)**





(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စက်တင်ဘာ ၁၈ ရက်က ဒလပြည်သူ့ဆေးရုံဝင်းအတွင်း၊ အပြင်၌ ဒလမြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးရဲမြင့်၊ မြို့မရဲစခန်းမှူး ရဲအုပ်သက်နိုင်၊ ပျော်ဘွယ်ကြီးနယ်မြေရဲစခန်းမှူး ရဲအုပ်မြစိုးနှင့် ရဲတပ်ဖွဲ့ဝင်မိသားစုများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်အဖွဲ့များ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးရဲဝင်းနှင့် ဆေးရုံဝန်ထမ်းများက ချုံနွယ်၊ မြက်နှင့်အမှိုက်များ ခုတ်ထွင်ရှင်းလင်းသန့်ရှင်းရေးဆောင်ရွက်ကြစဉ်။ သန်းဌေး(ဒလ)

# မှူခင်းအသိပညာပေးယာဉ်ဖြင့် အသိပညာပေးဟောပြောခြင်းနှင့် နံရံကပ်စာစောင်များ ပြသခြင်းဆောင်ရွက်

**သရက် စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး သရက်မြို့တွင် မကွေးတိုင်းဒေသကြီး ရဲတပ်ဖွဲ့က မှုခင်းအသိပညာပေးယာဉ်ဖြင့် မှုခင်းအသိပညာပေးခြင်း၊ မူးယစ်ဆေးဝါးတားဆီးကာကွယ်ရေးနှင့် မူးယစ်ဆေးဝါးဆိုင်ရာပြစ်ဒဏ်များအကြောင်း၊ လူကုန်ကူးမှုဆိုင်ရာနှင့် ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးနံရံကပ်စာစောင်များ ပြသဆောင်ရွက်ခြင်းနှင့် အသိပညာပေးဟောပြောခြင်းကို စက်တင်ဘာ ၁၇ ရက်က အမှတ်(၁) အခြေခံပညာအထက်တန်းကျောင်းနှင့် အမှတ်(၃) အခြေခံပညာအထက်တန်းကျောင်းတို့တွင် ဆောင်ရွက်ခဲ့ကြသည်။

မှုခင်းအသိပညာပေးယာဉ်ဖြင့် နံရံကပ်စာစောင်များ ပြသခြင်းအခမ်းအနားတွင် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး တင်မောင်အေးက အဖွင့်အမှာစကားပြောကြားပြီး ဒုခရိုင်ရဲတပ်ဖွဲ့မှူး ရဲမှူးကျော်ဝင်းချစ်က မှုခင်းပညာပေးပြခန်းယာဉ်ဖြင့် လှည့်လည်ပြသရသည့် ရည်ရွယ်ချက်ကို အကျယ်တဝင့် ပြောကြားသည်။

ထို့နောက် ရဲမှူးအုန်းဟန်ဦးက မှုခင်းကျဆင်းရေး အသိပညာပေးဟောပြောခြင်းနှင့် ပရိုဂျက်တာဖြင့် ကျောင်းသား ကျောင်းသူများအား မှုခင်းဖြစ်ပွားစေတတ်သည့် အကြောင်းအရာများကို ရှင်းလင်းဆွေးနွေးသည်။ ဒုရဲမှူးကျော်ဌေးက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာများကို အသိပညာပေးဟောပြောပြီး ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးလက်ကမ်းစာစောင်နှင့် မှုခင်းကျဆင်းရေး အသိပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။ ယင်းနောက် အထက(၁)မှ ကျောင်းသားကျောင်းသူများ၊ အထက(၃)မှ ကျောင်းသားကျောင်းသူလေးများက အသိပညာပေးယာဉ်တွင် ပြသဆောင်ရွက်ထားသည့် ပြခန်း၊ ပြဘုတ်များကို စိတ်ဝင်တစား ကြည့်ရှုကြပြီး သိလိုသည်များကို မှတ်သားလေ့လာကြသည်။ အလားတူ မင်းလှ၊ မင်းတုန်း၊ ကံမမြို့နယ်များတွင်လည်း လှည့်လည်အသိပညာပေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ဇော်ထက်(သရက်)**



(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် မွန်ပြည်နယ် ရဲတပ်ဖွဲ့မှူး၏ စီစဉ်ကြီးကြပ်မှုဖြင့် စက်တင်ဘာ ၁၈ ရက်က မွန်ပြည်နယ် မော်လမြိုင်မြို့ရှိ အထွေထွေရောဂါကုဆေးရုံ သွေးလှူဘဏ်တွင် မွန်ပြည်နယ်ရဲတပ်ဖွဲ့အရာရှိ၊ အကြပ်/တပ်သား၊ အမျိုးသမီးရဲတပ်ဖွဲ့များ စုစုပေါင်း ၄၈ ဦးတို့ သွေးလှူဒါန်းရာ မွန်ပြည်နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးကြီး ဘိုဘိုဦးနှင့် တာဝန်ရှိသူများက သွေးလှူဒါန်းသူများအား ကြည့်ရှုအားပေးပြီး ဂုဏ်ပြုလက်ဆောင်များ ပေးအပ်စဉ်။ (၃၀၇)

# ဧည့်စာရင်းတိုင်ရတာ ကောင်းသလား၊ ဧည့်စာရင်း မတိုင်ရတာ ကောင်းသလား

## စုစည်းတင်ပြသူ - ဝင်းဝင်းမော်၊ နန္ဒာဝင်း
## ဓာတ်ပုံ - ဝင်းနန္ဒာ

ရပ်ကွက်(သို့မဟုတ်) ကျေးရွာအုပ်စု အုပ်ချုပ်ရေးဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော်ဒုတိယပုံမှန် အစည်းအဝေး (၃၅)ရက်မြောက်နေ့တွင် လွှတ်တော်ကိုယ်စားလှယ်များက ဆွေးနွေးခဲ့ကြပြီး ဧည့်စာရင်းတိုင်ကြားရသည့်စနစ်ကို ပယ်ဖျက်ရန် ပြည်သူ့လွှတ်တော်က အတည်ပြုခဲ့သည်။

ဧည့်စာရင်းတိုင်ကြားရသည့်စနစ် ပယ်ဖျက်မှုအပေါ် ပြည်သူအများစုကြားတွင် ဝိဝါဒကွဲပြားမှုများလည်းရှိနေသည်။ တစ်ချိန်တစ်ခါက ဧည့်စာရင်းတိုင်ကြားမှုကိုအကြောင်းပြု၍ ရပ်ကွက်အုပ်ချုပ်ရေးမှူးအချို့၏ အနိုင်ကျင့်ခံရသူ ပြည်သူအချို့နှင့် လွတ်လပ်မှုကို မြတ်နိုးသူ ပြည်သူအချို့က သဘောကျနှစ်ခြိုက်ထောက်ခံသမှုပြုကြသလို ဒုစရိုက်မှုခင်းများ မကြာခဏဖြစ်ပွားနေသည့် ပစ္စက္ခတွင် လုံခြုံရေးစည်း ပိုမိုကျိုးပေါက်မည်ကို အကြောင်းပြု၍ စိုးရိမ်သောကဖြစ်နေကြသူများလည်း ရှိနေသည်။

သို့ဖြင့် ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ ပြည်သူအချို့၏ သဘောထားအမြင်များကို မြန်မာ့သတင်းစဉ်က ကောက်နုတ်တင်ပြလိုက်ရပါသည်-


ဦးကျော်သင်။


ဦးသောင်းရွှေ။


ဦးဝေလင်း။


ကိုဝင်းမောင်မောင်။

**ဦးကျော်သင် (အင်းစိန်မြို့နယ်)**

ကျွန်တော်က မွန်ပြည်နယ် ဘီလူးကျွန်း ချောင်းဆုံမြို့နယ် ရွာလွတ်ရွာက ပြောင်းလာတာ၊ အခုဆို ၁၂ နှစ်ရှိပါပြီ။ ဟိုက သန်းခေါင်စာရင်းထဲကထုတ်ပြီး ဒီမှာပြန်လုပ်ရမှာဆိုတော့ သွားလိုက်၊ ပြန်လိုက်နဲ့ အလုပ်ရှုပ်တယ်။ အလုပ်ရှုပ်တဲ့အတွက် ဧည့်စာရင်းနဲ့နေပါတယ်။ ဧည့်စာရင်းတိုင်ရတာ ဝန်ပိုပေမယ့် အခုလို မတိုင်ရတော့ဘူးဆိုရင် ရပ်ကွက်ထဲမှာ ဧည့်ဝင်၊ ဧည့်ထွက်၊ လူဝင်၊ လူထွက်တွေကိုမသိတော့ မှုခင်းတွေဖြစ်လာနိုင်ပါတယ်။ ကျွန်တော်တို့ကတော့ မှုခင်းတွေ ပိုများလာမှာကိုပဲ စိုးရိမ်ပါတယ်။

**ဦးသောင်းရွှေ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်**

ဧည့်စာရင်းရှိတာ ကောင်းတယ်။ လူတစ်ယောက်က ဘယ်ကလာပြီး ဘာကြောင့်မှန်းမသိ ဟုတ်တာလုပ်လာတာလား၊ မဟုတ်တာ လုပ်လာတာလားဆိုတာ ပတ်ဝန်းကျင်နဲ့ ရပ်ကွက်က မသိနိုင်တော့ အကြောင်းကိစ္စရှိရင်မလွယ်ဘူး။ ရပ်ကွက်အတွင်း လူဝင်၊ လူထွက်၊ လူဆိုး၊ လူကောင်းဆိုတာလည်း သိနေရမယ်။ လူသတ်ဓားပြတိုက်ပြီး ပုန်းခိုနေတဲ့သူဆိုလည်း မသိနိုင်ဘူး။ မသိနိုင်တာကြောင့် ဧည့်စာရင်းရှိတာကောင်းတယ်။ ဧည့်စာရင်းနဲ့ဆိုတော့ အကြောင်းတစ်စုံတစ်ရာရှိရင် ဆက်စပ်လို့ရနိုင်တယ်။ ဒါကြောင့် ဧည့်စာရင်းတိုင်ကြားတာရှိသင့်တယ်လို့မြင်တယ်။

**ဦးမျိုးမြင့် ဒဂုံမြို့သစ် (တောင်ပိုင်း)မြို့နယ်**

ဧည့်စာရင်းရှိတာတော့ ကောင်းလည်းကောင်း၊ မကောင်းလည်း မကောင်းဘူး။ ကိုယ့်ရဲ့အိမ်ကို သူငယ်ချင်း၊ မိတ်ဆွေတွေလာတဲ့အခါ လက်ခံတယ်။ သူက အပြင်မှာဘာတွေဖြစ်ခဲ့တယ်ဆိုတာ ကိုယ်ကသိချင်မှသိမှာလေ။ အကြောင်းတစ်စုံတစ်ရာဖြစ်ရင် နေရင်းထိုင်ရင်း ကိုယ်ကလည်း ကြံရာပါဖြစ်သွားနိုင်တယ်။ ဒါမျိုးကလည်း ရှိသေးတယ်။ ဧည့်စာရင်းတိုင်ဖို့အတွက် ရုံးကိုသွားရင် ရုံးက ၆ နာရီဖွင့်တယ်ဆိုပေမယ့် ဥက္ကဋ္ဌက ၇ နာရီ၊ ၈ နာရီမှလာတယ်။ ဒါမျိုးတွေကလည်း စိတ်ရှုပ်ရတယ်။

**ဦးဝေလင်း(၄၆ လမ်း၊ ဗိုလ်တထောင်မြို့နယ်)**

ဧည့်စာရင်းတိုင်ရတာကိုတော့ မကြိုက်ဘူး။ ဘာ့ကြောင့်မကြိုက်လဲဆိုတာက အလုပ်တစ်ခုလို သီးသန့်အချိန်ပေးပြီး လုပ်နေရတာကြောင့် မကြိုက်ဘူး။ ဧည့်စာရင်း တစ်ခါတိုင်ရင် စရိတ်စကပေးရတယ်။ ငွေကြေးခက်ခဲရတဲ့ကြားထဲ တစ်လစာ ခွင့်ပြုဖို့ရအောင် အနည်းဆုံး ငွေသုံး၊ လေးထောင်ပေးရတယ်။ ဒါမျိုးကျတော့ မကောင်းဘူးပေါ့။ တကယ်တော့ ဧည့်စာရင်းမရှိလို့လည်း မဖြစ်ပြန်ဘူး။ ရပ်ကွက်အတွင်း လူဦးရေအတိုး၊ အလျော့၊ အိမ်ငှားဆိုတာကအစ ရပ်ကွက်အတွင်း တာဝန်ရှိသူတွေကို အသိပေးသင့်တယ်။ (ဥပမာ) မဲပေးတဲ့အခါမျိုးကျရင်၊ ပြဿနာတွေကြုံလာရင် စကားပြောရပြီ။ ဧည့်စာရင်းတိုင်ရတာ ဒုက္ခတစ်ခုအနေနဲ့တော့ မကောင်းဘူး။ ရပ်ကွက်အတွင်း နေထိုင်တဲ့ကာလမှာ သက်ဆိုင်ရာတာဝန်ရှိသူတွေကို ဧည့်စာရင်းရှိသင့်တယ်ဆိုတဲ့အကြောင်း အသိပေးသင့်တယ်လို့မြင်တယ်။

**ကိုဝင်းမောင်မောင် (ကျောက်တန်းမြို့နယ်)**

ပြည်သူ့လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်ကို ကြိုဆိုပါတယ်။ ဘာဖြစ်လို့လဲဆိုတော့ မြန်မာနိုင်ငံမှာ မှတ်ပုံတင်ရှိတဲ့သူတွေ မည်သည့်နေရာမဆို လွတ်လွတ်လပ်လပ် သွားလို့ရတဲ့ အနေအထားလိုချင်တယ်။ မှတ်ပုံတင်ရှိပြီး ဧည့်စာရင်းတိုင်ရတယ်ဆိုတာတော့ မဖြစ်သင့်ဘူးလေ။

# အလှူငွေနှင့် ပစ္စည်းများ လှူဒါန်းနိုင်

**ရန်ကုန် စက်တင်ဘာ ၂၂**

၂၀၁၆ ခုနှစ် အောက်တိုဘာ ၁၅ ရက်သည် နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ဖြစ်ပြီး ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီမှ ရန်ကုန်မြို့နှင့် ဒေသအသီးသီးမှ မျက်မမြင်ကျောင်းများ၊ အလုပ်ရုံများမှ မျက်မမြင်များအား ဖိတ်ကြား၍ နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ်လမ်းလျှောက်ပွဲကို ၁၉၉၂ ခုနှစ်မှစတင်ပြီး နှစ်စဉ်ကျင်းပ၍ အလှူရှင်များလှူဒါန်းသည့် အလှူငွေနှင့်ပစ္စည်းများကို အချိုးကျမျှဝေလှူဒါန်းပေးလျက်ရှိသည်။

ယခုနှစ်တွင်လည်း နိုင်ငံတကာမျက်မမြင်လမ်းလျှောက်တုတ်နေ့ အထိမ်းအမှတ်လမ်းလျှောက်ပွဲကို အစဉ်အလာမပျက် ပြုလုပ်သွားမည်ဖြစ်ရာ ကရုဏာထား မေတ္တာတရားဖြင့် အဝတ်အထည်၊ အစားအသောက်၊ ငွေကြေးများ လှူဒါန်းလိုပါက ဒေါ်နီနီအေး ဌာနမှူး ဘတ်ဂျက်နှင့် ငွေစာရင်းဌာန ဖုန်း-၀၁-၂၅၁၄၁၄၇၊ ဦးရွှေစင် ဒုတိယဌာနမှူး စီမံရေးရာဌာန ဖုန်း-၀၁၂၅၁၉၈၉၊ ဦးစစ်မင်းဟန် လက်ထောက်ဌာနမှူး စီမံရေးရာဌာန ဖုန်း-၀၁-၂၅၂၁၀၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

# မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**နေပြည်တော် စက်တင်ဘာ ၂၂**

အောက်တိုဘာ ၁ ရက်နေ့တွင်ကျရောက်မည့် (၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်-မန္တလေးအမြန်လမ်းမကြီး ရဲတပ်ဖွဲ့စခန်းမှ တပ်ဖွဲ့မှူး ရဲမှူးကြီးဇော်ထွန်းအောင်နှင့် တပ်ဖွဲ့ဝင် ၄၅ ဦးတို့သည် အောက်တိုဘာ ၁၉ ရက်က နေပြည်တော် ခုတင်(၁၀၀၀) ပြည်သူ့ဆေးရုံကြီးတွင် စုပေါင်းသွေးလှူဒါန်းခဲ့ကြကြောင်း သိရသည်။ **သန်းဦး(လေးမျက်နှာ)**




# မြန်မာနိုင်ငံစာပေထုတ်ဝေသူနှင့် ဖြန့်ချိသူများအသင်းက စုစည်းတင်ပြသော စက်တင်ဘာ ၁၃ ရက်မှ ၁၉ ရက်အထိထွက်ရှိသော စာအုပ်စာရင်း

**ယမန်နေ့မှအဆက်**

| | | | |
|---|---|---|---|
| ၄၁ | ကလောင်စုံ | ဗမာသမိုင်းဟင်းလေးအမှတ်(၃)ဆရာကြီး ဒေါက်တာသန်းထွန်း | ၃၀၀၀ိ/-ရုပ်ပြောင်စာပေ |
| ၄၂ | ညိုမင်းဇံသာ | ဇေက်ာ့သီတာနှင့်မြသိန်းတန်ရာဇဝင် | ၂၀၀၀ိ/-GPG စာပေ |
| ၄၃ | ဒေါက်တာသိန်းမြင့် | ယောဂနှင့်အာယုဗ္ဗေဒ | ၃၀၀၀ိ/-ပကတိရုပ်ဝန်းစာပေ |
| ၄၄ | ဦးဖရက်သိန်းဖေ | ရာသီဥတုပြောင်းလဲခြင်း၊ ဖိစီးဟော်မုန်းနှင့် အခြားစိုက်ပျိုးရေးဆောင်းပါးများ | ၃၀၀၀ိ/-ပုလဲစာပေ |
| ၄၅ | မောင်သာနိုး | ထင်းရှူးပင်ရိပ် | ၄၀၀၀ိ/-စိတ်ကူးချိုချို |
| ၄၆ | ထန်းတပင်စန်းလွင် | မီလျှံများကိုဖြတ်ကျော်ခြင်း | ၁၂၀၀ိ/-မေတ္တာရှင်စာပေ |
| ၄၇ | နန်းနန္ဒာ | စဉ်းလဲသောမြေခွေးနှင့် ကြက်နီမလေး | ၁၂၀၀ိ/- ပန်းဆက်လမ်းစာပေ |
| ၄၈ | နန်းနန္ဒာ | ဟမ်မလင်မြို့မှ ပလွေနတ်ဝိဇ္ဇာ | ၁၂၀၀ိ/-ပန်းဆက်လမ်းစာပေ |
| ၄၉ | AungMyint | Power Point 2016+CD | ၅၀၀၀ိ/-အောင်မြင်စာပေ |
| ၅၀ | The Key Collection | စာစဉ်(၃၆)ချားလ်ဒ်ဒါဝင် | ၁၅၀၀ိ/-The key collection |
| ၅၁ | တိုက်ပွဲဝင်တပ်မှူးများ | ကိုယ်တိုင်တိုက် ကိုင်တိုင်ရေးတိုက်ပွဲများ(ဆဋ္ဌမတွဲ) | ၃၀၀၀ိ/-ဟန်သာဆုစာပေ |
| ၅၂ | AungThura | The Rhizomaic Militant | ၂၅၀၀၀ိ/-ဝါးလည်စာပေ |
| ၅၃ | တက္ကသိုလ်ဝင်းမွန် | ခေတ်သစ်ကဗျာမိတ်ဖွဲ့ | ၄၀၀၀ိ/-ရာပြည့်စာပေ |
| ၅၄ | နန္ဒာသိန်းဇံ | ခရောင်းလမ်းကိုဖြတ်ကျော်ခြင်း | ၂၅၀၀ိ/-GPG စာပေ |
| ၅၅ | ဆွေကြည်အေး နန်းရွှေလီကြိုင် သျှိ(အင်ကြင်း)ဝါဝါထင်လင်း | အလှပဆုံးလေးရောင်ခြယ်ဝတ္ထုတိုစုစည်းမှု | ၂၀၀၀ိ/-ရွှေသစ္စာစာပေ |
| ၅၆ | အသေမဦးခင် ပန်းချီဝင်းဇင်(မြိတ်) | သောတာပန်တရားများစုစည်းမှုအတွဲ(၁) | ၂၀၀၀ိ/- သစ္စာအလင်း |
| ၅၇ | အသေမဦးခင် ပန်းချီဝင်းဇင်(မြိတ်) | သောတာပန်တရားများစုစည်းမှုအတွဲ(၂) | ၂၀၀၀ိ/- သစ္စာအလင်း |
| ၅၈ | The Key Collection | စာစဉ်(၃၅)အိုက်ဇက်နယူတန် | ၁၅၀၀ိ/-The Key Collection |
| ၅၉ | ကျော်ဇင်လတ် | ဂျပန်-မြန်မာအခြေခံ သဒ္ဒါမှတ်စု | ၁၆၀၀ိ/- ဆောင်းညပြာသို |
| ၆၀ | နီမိုလှိုင် | ၉၈ ကျွန်းတိုက်ထဲကပင်တိုင်စံနှင့် တစ္ဆေသို့ပြောသောပုံပြင်များ | ၂၀၀၀ိ/- မိတ်ဆွေများစာပေ |
| ၆၁ | တင့်နိုင် | ဒေါ်အောင်ဆန်းစုကြည်စကား ဒေါ်အောင်ဆန်းစုကြည်စိတ်ထား | ၂၀၀၀ိ/-လမ်းသစ်စာပေ |
| ၆၂ | ဒေါက်တာဒေါ်ခင်မြင့် | မြန်မာ့ဆယ့်နှစ်လရာသီပွဲတော်များနှင့် နေ့ထူးနေ့မြတ်စာစီစာကုံးများ | ၃၀၀၀ိ/-ဂန္ထဝင်စာပေ |
| ၆၃ | အေးရွှေ(ကေတုမတီ) | နွေးနွေးထွေးထွေးနဲ့အေးအေးချမ်းချမ်းကလေး | ၂၂၀၀ိ/-မျိုးဆက်သစ်စာပေ |
| ၆၄ | ဒေါက်တာဒေါ်ခင်မြင့် | ရှမ်းရိုးရာပုံပြင်များလေ့လာချက် | ၁၅၀၀ိ/-ဂန္ထဝင်စာပေ |
| ၆၅ | သီတဂူဒေါက်တာ သုတာစရာလင်္ကာရ | ဓမ္မပဒမာလာသံပေါက်ကဗျာများ | ၂၅၀၀ိ/-မျိုးဆက်သစ်စာပေ |
| ၆၆ | ကလောင်စုံ | သေနင် 27 Oct,2016 Vol.2 | ၅၀၀၀ိ/- ပြည့်စုံစာပေ |
| ၆၇ | ပါမောက္ခ ခင်မောင်ဝင်း | အသည်းရောင်အသားဝါဘီရောဂါကုလို့ရပါပြီနှင့် အသည်းရောင်အသားဝါစီပိုးလုံးဝပျောက်အောင်ကုလို့ရပါပြီ | ၃၀၀၀ိ/- |
| ၆၈ | ဖိုးကျော့ | ဆင်လုပ်သား | ၂၂၀၀ိ/-စိတ်ကူးချိုချို |
| ၆၉ | မြမြဆွေ(စိတ်ပညာ) | စိတ်လူမှုဆက်ဆံရေး အိမ်ကလေး | ၁၂၀၀ိ/- လင်းလွန်းခင် |
| ၇၀ | ဌါန် | နပိုလီယမ်ယေးလ်၏ သိပ္ပံနည်းကျအောင်မြင်ရေး | ၂၀၀၀ိ/-စိတ်ကူးချိုချို |
| ၇၁ | ချစ်နိုင်(စိတ်ပညာ) | ပျော်ရွှင်နိုင်ပါစေ | ၂၀၀၀ိ/- |
| ၇၂ | ပုညခင် | ချစ်သူသာပန်းတစ်ပွင့်ဖြစ်ခဲ့လျှင် | ၂၅၀၀ိ/- ပုညခင် |
| ၇၃ | ဒေါက်တာစောယုနွယ် | ခုနစ်ရက်သားသမီးများအတွက် ရာသက်ပန်ဟောစာတမ်း | ၁၅၀၀၀ိ/-လာဘ်မိုးဆွေစာပေ |

## ပြည်တွင်းရေးရာ

# ဗဟိုအဆင့် လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ကမ္ဘာ့ကျန်းမာရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သော ဗဟိုအဆင့်လူထုကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း ဆန်းစစ်ဆွေးနွေးပွဲ (၂၀၁၅) ဖွင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက် ၈ နာရီခွဲက နေပြည်တော်ရှိ ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဖွင့်ပွဲအခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီး ဒေါက်တာမြင့်ထွေးက ပြည်နယ်/တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးမှူးများက ဦးဆောင်ပြီး မိမိတို့၏ဒေသများရှိ ပြည်သူလူထု၏ ကျန်းမာရေးအဆင့်အတန်း ပိုမိုတိုးတက်မြင့်မားစေရေး၊ အခြေခံကျန်းမာရေး စောင့်ရှောက်မှုကို လူတိုင်းလက်လှမ်းမီရရှိစေရေးအတွက် မိမိဒေသ၏အခြေခံလိုအပ်ချက်၊ လက်ရှိကြုံတွေ့နေရသည့် အားနည်းချက်၊ အားသာချက်များကို စနစ်တကျဖော်ထုတ်၍ လိုအပ်ချက်များကို ဖြည့်ဆည်းဆောင်ရွက်နိုင်ရန်၊ အရည်အသွေးပြည့်ဝသည့် ကျန်းမာရေးစောင့်ရှောက်မှုကို လူတိုင်းလက်လှမ်းမီရရှိစေရန်အတွက် မိမိတို့ လက်ဝယ်ရှိ လူ့စွမ်းအားအရင်းအမြစ် (Human Resource)၊ ဘဏ္ဍာငွေအရင်းအမြစ် (Financial Resource )၊ Material Resource များကို အကျိုးရှိရှိ ထိရောက်စွာအသုံးချနိုင်စေရန်အတွက် Regional Plan စနစ်တကျ ရေးဆွဲဆောင်ရွက်ကြရန် လိုအပ်ပါကြောင်း။

ဝေးလံခက်ခဲသည့် ဒေသများအတွက် လက်ရှိ ကျန်းမာရေးစောင့်ရှောက်မှုပေးနေသည့် အခြေအနေ၊ အဓိကလိုအပ်သည့် ကျန်းမာရေးစောင့်ရှောက်မှုများကို ဆန်းစစ်ဖော်ထုတ်ပြီး အထူးအစီအစဉ်များ ရေးဆွဲဆောင်ရွက်ကြရန်ဖြစ်ပါကြောင်း၊ ပြည်သူလူထုကို ထိရောက်စွာ ကျန်းမာရေးစောင့်ရှောက်မှုပေးနိုင်ရန် ကုသရေးလုပ်ငန်းနှင့် ပြည်သူ့ကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းများကို ဟန်ချက်ညီညီပူးပေါင်းကာ Team တစ်ခုအနေဖြင့် ဆောင်ရွက်ကြရန် ဖြစ်ပါကြောင်း ပြောကြားသည်။

ယင်းနောက် ပြည်သူ့ကျန်းမာရေးဦးစီးဌာန၏ ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းများနှင့် ပတ်သက်၍ ညွှန်ကြားရေးမှူးချုပ် ဒေါက်တာစိုးလွင်ငြိမ်းက ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် တိုင်းဒေသကြီး၊ ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးမှူးများက မိမိတို့ဒေသများအလိုက် လူထုကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆောင်ရွက်မှုအခြေအနေများကို ရှင်းလင်းတင်ပြရာ တက်ရောက်လာသူများက ဝိုင်းဝန်းဆွေးနွေးကြသည်။

ဗဟိုအဆင့် လူထုကျန်းမာရေးစောင့်ရှောက်မှု လုပ်ငန်းဆန်းစစ်ဆွေးနွေးပွဲကို စက်တင်ဘာ ၂၀ ရက်မှ ၂၂ ရက်အထိ သုံးရက်တာ ကျင်းပခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# အိမ်ရာအကြောင်းသိကောင်းစရာ ဟောပြောမည်

**ရန်ကုန် စက်တင်ဘာ ၂၂**

အိမ်ရာအဆောက်အအုံနှင့် ဆောက်လုပ်ရေးဆိုင်ရာပြပွဲ(၂၀၁၆)ကို စက်တင်ဘာ ၂၃ ရက်မှ ၂၅ ရက်အထိ ရန်ကုန်မြို့ ဦးဝိစာရလမ်း တပ်မတော်ခန်းမ၌ ကျင်းပမည်ဖြစ်ရာ ဦးခင်မောင်ညို (ဘောဂဗေဒ)က အိမ်ခြံမြေဈေးကွက်နှင့် အလားအလာခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂၃ ရက် မွန်းလွဲ ၂ နာရီတွင် လည်းကောင်း၊ ဦးစိုင်းခွန်နောင်(စိုင်းခွန်နောင် အိမ်ခြံမြေ အကျိုးဆောင်)၊ ဦးကိုကိုလေး (Three Friends Construction) နှင့် ဦးသိန်းမြင့်ဝေ (Trade Traning Institute) တို့က အိမ်ခြံမြေနှင့် စီးပွားရေးရှေ့အလားအလာခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂၄ ရက် မွန်းလွဲ ၂ နာရီတွင်လည်းကောင်း၊ ဒေါ်လှလှအောင် (မြန်မာနိုင်ငံမြေလျှင်ကော်မတီ)၊ ဦးစောထွေးဇော်(မြန်မာနိုင်ငံအင်ဂျင်နီယာအသင်း)တို့က မြေငလျင်ဘေးကြောင့် ထိခိုက်ဆုံးရှုံးနိုင်ခြေနှင့် ဘေးကင်းလုံခြုံသော ဆောက်လုပ်မှုအလေ့အကျင့်များ ခေါင်းစဉ်ဖြင့် စက်တင်ဘာ ၂၅ ရက် နံနက် ၁၀ နာရီခွဲတွင် လည်းကောင်း၊ မွန်းလွဲ ၂ နာရီတွင် ဦးဝင်းဇော် (CHD Bank)၊ ဦးသက်နိုင်ဦး (Mavrick Management)နှင့် ဦးမျိုးမြင့် (MKT Construction) တို့က အိမ်ရာဖွံ့ဖြိုးရေးနှင့် အိမ်ရာစုဆောင်းငွေ ခေါင်းစဉ်ဖြင့်လည်းကောင်း ဟောပြောဆွေးနွေးမည်ဖြစ်ကြောင်း ထပ်မံသိရသည်။

**(ကြေးမုံ)**



# အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာ ဥပဒေကြမ်းပြုစုရေးဆွဲရန်အတွက် မြန်မာနိုင်ငံအတွင်းရှိ အိမ်ခြံမြေလုပ်ငန်းရှင်များအသင်းများ ပူးပေါင်းဆောင်ရွက်ရန်လိုအပ်

**ရန်ကုန် စက်တင်ဘာ ၂၂**

အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာ ဥပဒေကြမ်းပြုစုရေးဆွဲရန်အတွက် မြန်မာနိုင်ငံအတွင်းရှိ အိမ်ခြံမြေလုပ်ငန်းရှင်များအသင်း သုံးသင်းစလုံးက ပူးပေါင်းဆောင်ရွက်ကြရန်လိုအပ်ကြောင်း မြန်မာနိုင်ငံအတွင်းရှိ အိမ်ခြံမြေအကျိုးဆောင်များ၏ ပြောပြချက်အရ သိရသည်။

ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်းမှ အတွင်းရေးမှူး ဒေါ်ရွှေရည်ဝင်းက "နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုတွေ ဝင်လာပြီဆိုရင် ဒီလို အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာဥပဒေက ထွက်ပေါ်ဖို့လိုအပ်နေပါပြီ။ နိုင်ငံခြားသားတွေကလည်း ရင်းနှီးမြှုပ်နှံမှုတွေ ပြုလုပ်တော့မယ်ဆိုရင် တိကျခိုင်မာတဲ့ဥပဒေကို ကြည့်တော့မှာလေ။ အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာဥပဒေကြမ်း ပြုစုရေးဆွဲဖို့ဆိုတာကလည်း သက်ဆိုင်ရာတာဝန်ရှိသူတွေအပါအဝင် စိတ်ပါဝင်စားသူ မည်သူမဆို ပါဝင်ရေးဆွဲဖို့ သင့်ပါတယ်ဆိုပြီး နိုင်ငံတော်အစိုးရတာဝန်ရှိသူတွေက ပြောထားပါတယ်။ ပြီးတော့ လက်ရှိဥပဒေမူကြမ်းဆိုတာ အတည်မဖြစ်သေးပါဘူး။ နိုင်ငံတော်အစိုးရကနေ မြန်မာနိုင်ငံအတွင်းမှာရှိတဲ့ အိမ်ခြံမြေလုပ်ငန်းရှင်များအသင်း တစ်သင်းတည်းကို အိမ်ခြံမြေအကျိုးဆောင် လိုင်စင်ချပေးမယ်ဆိုပြီး သတင်းတွေထွက်နေပါတယ်။ ဒါက မဟုတ်ပါဘူး။ အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာ ဥပဒေကြမ်းဆိုတာ ခုမှစမယ်ရှိသေးတယ်။ လိုင်စင်ကိစ္စဆိုတာက အဝေးကြီးလိုပါသေးတယ်။ ပြီးတော့ အိမ်ခြံမြေအကျိုးဆောင်လိုင်စင်ကိစ္စက လက်ရှိမြန်မာနိုင်ငံအနေအထားအရ ကန့်သတ်ဖို့ အချိန်စောလွန်းနေပါသေးတယ်။ အစိုးရမဟုတ်တဲ့ သာမန်အိမ်ခြံမြေအသင်းအနေနဲ့ ပါဝင်ချုပ်ချယ်ဖို့ လုံးဝမဖြစ်နိုင်ပါဘူးလို့ အိမ်ခြံမြေအကျိုးဆောင်တွေကို အသိပေးလိုပါတယ်။ အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာဥပဒေကြမ်း ပြုစုရေးဆွဲဖို့အတွက် လာမယ့် အောက်တိုဘာလမှာ ဥပဒေနှင့် အထူးလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က အသင်းအားလုံးကို ခေါ်ထားပါသေးတယ်"ဟု ရှင်းပြသည်။

မြန်မာနိုင်ငံအတွင်းရှိ အိမ်ခြံမြေအကျိုးဆောင်တစ်ဦးက "သူတို့ရေးဆွဲထားတဲ့ အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာ ဥပဒေကြမ်းထဲမှာ အိမ်ခြံမြေအကျိုးဆောင်လိုင်စင်မရှိဘဲ အကျိုးဆောင်ပွဲခအလုပ်ဖြစ်သွားတယ်ဆိုရင် ထောင်ဒဏ်အပြင် ငွေဒဏ်များပါ ဒီဥပဒေကြမ်းထဲမှာ ထည့်သွင်းရေးဆွဲထားတာဆိုတော့ ဒီလိုမဖြစ်သင့်ပါဘူး။ ကိုယ့်အိမ် အနီးအနားပတ်ဝန်းကျင်မှာ အရောင်းအဝယ်ဖြစ်မှာရှိနေတော့ ဘယ်သူမှမသိဘူး။ ဒီတော့ ကိုယ်ကိုယ်တိုင်ကသိတော့ အကျိုးဆောင်လုပ်ဖြစ်တယ်။ ဒါကို အိမ်ခြံမြေအကျိုးဆောင်လိုင်စင်မရှိရင် အလုပ်လုပ်လို့မရဘူးဆိုပြီး သတ်မှတ်ထားတယ်။ နိုင်ငံတော်အစိုးရကလည်း ဒီလိုချမှတ်ထားတာမရှိဘူး။ အိမ်ခြံမြေအကျိုးဆောင်ဆိုတာ လူတိုင်းလုပ်နေကြတာပါ။ အခြားနိုင်ငံတွေမှာဆိုရင် နိုင်ငံတော်အသိအမှတ်ပြု အိမ်ခြံမြေအကျိုးဆောင်လိုင်စင်ရဖို့ကို လနဲ့ချီပြီး သင်တန်းတက်ရတာပါ။ ခုလို သုံးရက်သင်တန်းတက်ပြီး လိုင်စင်ရလို့ အိမ်ခြံမြေအကျိုးဆောင်လုပ်စားလို့ရမယ်ဆိုတာ မဖြစ်နိုင်ပါဘူး။ အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာ ဥပဒေကြမ်းဆိုတာ ခုမှစမယ်ရှိသေးတာဆိုတော့ လိုင်စင်ကိစ္စဆိုတာက အဝေးကြီးလိုပါသေးတယ်။ အိမ်ခြံမြေလုပ်ငန်းမှာ တကယ်တမ်းက အတွေ့အကြုံနဲ့သာ စကားပြောတာပါ"ဟု ဆိုသည်။

ပြီးခဲ့သည့် စက်တင်ဘာ ၈ ရက်က နေပြည်တော်ရှိ ပြည်သူ့လွှတ်တော်ရေးရာဆောင်၌ အိမ်ခြံမြေဝန်ဆောင်မှုဆိုင်ရာ ဥပဒေကြမ်း ရေးဆွဲပြဋ္ဌာန်းနိုင်ရေးအတွက် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်၏ ဖိတ်ကြားချက်အရ သက်ဆိုင်ရာဝန်ကြီးဌာနများ၊ ရှေ့နေချုပ်ရုံး၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ တတ်သိပညာရှင်များ၊ မြန်မာနိုင်ငံအတွင်းရှိ အိမ်ခြံမြေဝန်ဆောင်မှုအသင်းများ ဖြစ်ကြသော မြန်မာနိုင်ငံအိမ်ခြံမြေဝန်ဆောင်မှုအသင်း၊ ရန်ကုန်တိုင်း ဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်းနှင့် မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့က တက်ရောက်ပါဝင်ဆွေးနွေးခဲ့ကြရာ သက်ဆိုင်ရာတာဝန်ရှိသူများ အပါအဝင် အိမ်ခြံမြေစိတ်ပါဝင်စားသူ ပြည်သူများအားလုံးက ဥပဒေကြမ်း ရေးဆွဲရာတွင် ပါဝင်ပြီး အဆင့်ဆင့် အကြိမ်ကြိမ်ဆွေးနွေးသုံးသပ် တည်းဖြတ်ပြီးမှသာလျှင် ဥပဒေကြမ်းအဆင့်ကို ရောက်ရှိမည်ဖြစ်ကြောင်း ကော်မရှင်က ပြောကြားခဲ့ကြောင်းဖြင့် ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၏ပြောကြားချက်အရ သိရသည်။

လက်ရှိညီနောင်အသင်းများဖြစ်ကြသော ရန်ကုန်တိုင်းဒေသကြီး အိမ်ခြံမြေလုပ်ငန်းရှင်များအသင်းနှင့် မန္တလေးတိုင်းဒေသကြီး အိမ်ခြံမြေကိုယ်စားလှယ်များ ဖွံ့ဖြိုးတိုးတက်ရေးအသင်းတို့၌ အသင်းဝင်ပေါင်း ၁၀၀၀ ကျော်ရှိကြောင်း သိရသည်။

**စိုးဝင်း(MLA)**

## ရွှေဈေး၊ စက်သုံးဆီဈေးနှင့် နိုင်ငံခြားငွေလဲလှယ်နှုန်း

**ရန်ကုန် စက်တင်ဘာ ၂၂**

ရန်ကုန်(ရွှေဈေး) ၈၇၅၀၀၀ - ၈၇၅၀၀၀ မန္တလေး(ရွှေဈေး) ၈၇၅၀၀၀ - ၈၇၅၀၀၀

| စက်သုံးဆီဈေးနှုန်း | | ရန်ကုန် | မန္တလေး |
|---|---|---|---|
| (က) ဒီဇယ် | တစ်လီတာ | ၅၅၀/၅၆၀ ကျပ်၊ | ၅၆၀/၅၈၀ ကျပ် |
| (ခ) အောက်တိန်း 95 | တစ်လီတာ | ၆၂၀/၆၃၀ ကျပ်၊ | ၆၈၀ ကျပ် |
| (ဂ) အောက်တိန်း 92 | တစ်လီတာ | ၅၅၀/၅၆၀ ကျပ်၊ | ၅၈၀/၆၀၀ ကျပ် |
| (ဃ) အဆင့်မြင့်ဒီဇယ် | တစ်လီတာ | ၅၈၀/၅၉၀ ကျပ်၊ | ၆၂၀/၆၃၀ ကျပ် |

**ရန်ကုန် လက်ကားဈေး**

ဒီဇယ် တစ်လီတာ ၅၀၅ ကျပ်၊ အဆင့်မြင့်ဒီဇယ် တစ်လီတာ ၅၄၅ ကျပ်၊ အောက်တိန်း 92 တစ်လီတာ ၅၁၅ ကျပ်

**နိုင်ငံခြားငွေလဲလှယ်နှုန်း**

| | | | | | | | |
|---|---|---|---|---|---|---|---|
| (က) အမေရိကန် | တစ်ဒေါ်လာ | = | ၁၂၃၂. ၀ | (စ) အိန္ဒိယ | တစ်ရူပီး | = | ၁၈. ၄၂၀ |
| (ခ) ဥရောပ | တစ်ယူရို | = | ၁၃၇၉. ၇ | (ဆ) ဂျပန် | တစ်ရာယန်း | = | ၁၂၃၀. ၃ |
| (ဂ) တရုတ် | တစ်ယွမ် | = | ၁၈၄. ၆၅ | (ဇ) တောင်ကိုရီးယား | တစ်ရာဝမ် | = | ၁၁၁. ၈၄ |
| (ဃ) ထိုင်း | တစ်ဘတ် | = | ၃၅. ၅၇၆ | (ဈ) သြစတြေးလျ | တစ်ဒေါ်လာ | = | ၉၄၀. ၄၆ |
| (င) မလေးရှား | တစ်ရင်းဂစ် | = | ၃၀၀. ၅၂ | (ည) စင်ကာပူ | တစ်ဒေါ်လာ | = | ၉၁၁. ၉၂ |

**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဗဟိုဘဏ်သတ်မှတ်ရည်ညွှန်းနှုန်း**

# ကျွန်းစုမြို့နယ်အတွင်း မိမိသဘောဆန္ဒအလျောက် ဆေးဖြတ်သူဦးရေ ၁၀၀ ကျော်ရှိ

**ကျွန်းစု စက်တင်ဘာ ၂၂**

ကျွန်းစုမြို့နယ်တွင် မြို့နယ်ပြည်သူ့ဆေးရုံ၊ ကံမော်တိုက်နယ်ပြည်သူ့ဆေးရုံနှင့် မြိတ်မြို့ ပြည်သူ့ဆေးရုံတို့တွင် စက်တင်ဘာ ၅ရက်မှ ၂၀ရက်အထိ ကတန်ကျေးရွာ၊ မြေနီတောင်ကျေးရွာ၊ ရေကန်တောင်ကျေးရွာ၊ ကံမော်ကျေးရွာနှင့် ကော်မယ်(အရှေ့)ကျေးရွာများမှ မိမိဆန္ဒအလျောက် စာရင်းပေးသွင်းပြီး မူးယစ်ဆေးဝါးဖြတ်သူ ဦးရေမှာ ၁၀၁ ဦးရှိကြောင်း ကျွန်းစုမြို့နယ် ရဲတပ်ဖွဲ့၏စာရင်းအရ သိရသည်။

ကျွန်းစုမြို့နယ်အတွင်း မူးယစ်ဆေးဝါး သုံးစွဲမှုလျော့နည်းပပျောက်စေရေး မြန်မာနိုင်ငံရဲတပ်ဖွဲ့၊ ကျန်းမာရေးဦးစီးဌာန၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများ အန္တရာယ် တားဆီးကာကွယ်ရေးအဖွဲ့များ၊ မူးယစ်ဆေးဝါး ဆန့်ကျင်ရေးအသင်းများက မြို့နယ်အတွင်း ကျေးရွာများသို့ ကွင်းဆင်းကာ မူးယစ်ဆေးဝါး အသိပညာပေးဟောပြောခြင်းလုပ်ငန်းများပြုလုပ်၍ ကျေးရွာအတွင်း မူးယစ်ဆေးဝါးသုံးစွဲ၍ မိမိသဘောဆန္ဒအလျောက် ဆေးဖြတ်ချင်သူများကို သက်ဆိုင်ရာအဖွဲ့အစည်း အသီးသီးအား စာရင်းပေးသွင်းနိုင်ပြီး ဆေးဖြတ်ပေးနိုင်ရေးဆောင်ရွက်လျက်ရှိသည်။

ဆက်လက်၍ ကျန်ကျေးရွာများ၌လည်း ကျွန်းစုမြို့နယ်ရဲတပ်ဖွဲ့နှင့် ပူးပေါင်းအဖွဲ့များက မူးယစ်ဆေးဝါးနှင့် ပတ်သက်၍ အသိပညာပေးခြင်းများ စဉ်ဆက်မပြတ်ပြုလုပ်၍ ကျေးရွာများအတွင်း ဆေးဖြတ်သူစာရင်းများကို ကျေးရွာအုပ်ချုပ်ရေးမှူးများ၊ ကျေးရွာ MANA အဖွဲ့များနှင့် သက်ဆိုင်ရာအဖွဲ့အစည်းအသီးသီးထံ စာရင်းပေးသွင်းနိုင်ကြောင်းနှင့် ဆေးကုသမှုခံယူနိုင်ရေးအတွက် စီစဉ်ဆောင်ရွက်လျက်ရှိကြောင်း ကျွန်းစုမြို့နယ် ရဲတပ်ဖွဲ့မှ သိရသည်။

**ရန်နိုင်(မြို့နယ်ပြန်/ဆက်)**

## ရုပ်မြင်သံကြားအစီအစဉ်များ

[၂၃- ၉ -၂၀၁၆ (သောကြာနေ့)]

### မြန်မာ့ရုပ်မြင်သံကြား News Channel

၆း၀၀ တောင်တန်းသာသနာပြု ဆရာတော်ကြီး၏ ပရိတ်တရားတော်
၇း၃၅ ပြည်သူတို့ရဲ့စကားသံများ
၈း၃၅ ၂၀၁၆ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် (အဆိုဘာသာရပ်) (အမျိုးဂုဏ် ဇာတိဂုဏ်မြှင့်တင်တေး) (အဆင့်မြင့်ပညာအဆင့်) (အမျိုးသား)
၈း၄၅ "မူလတန်း ဆရာအတတ်သင် (၃) နှစ်သင်တန်း အမှတ်စဉ်(၄၅) လေ့လာရေးခရီး"
၉း၃၅ အနုပညာသတင်းအစီအစဉ်
၁၀း၃၅ Weekly Sport Info
၁၁း၃၅ အလုပ်သမားရေးရာအစီအစဉ်
၁၂း၅၀ နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ" (အပိုင်း-၃)
၁း၃၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို"(အပိုင်း-၄)
၂း၂၀ အတီးပြိုင်ပွဲ
၂း၄၀ မြန်မာ့ဓလေ့ရိုးရာလက်ဝှေ့ (ရဲမာန်ဟိန်းနှင့်ကြယ်စင်)
၃း၃၅ လက်တွေ့အသုံးချ ဘဏ္ဍာရေးသုတများ
၄း၁၅ ၂၀၁၆ခုနှစ် (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ ပြိုင်ပွဲဝင်များလေ့လာနိုင်ရန် (အဆိုဘာသာရပ်) (ခေတ်ဟောင်း တေးနှင့်ကာလပေါ်တေး) (ဝါသနာရှင်(ပထမတန်း)အဆင့်) (အမျိုးသမီး)
၄း၃၅ Football Magazine (ရတနာပုံယူနိုက်တက်အသင်း)
၅း၁၅ Catch Asia News
၅း၃၅ Hyper Sport
၆း၂၀ "ရုပ်ရှင်ရိုက်မယ်"(လူ့အခွင့်အရေးလူ့ဂုဏ်သိက္ခာ နိုင်ငံတကာ ရုပ်ရှင်ပွဲတော်)မျှော်လင့်ခြင်း၊ "အခုအချိန်ထိအမှောင်ထဲမှာ"
၇း၁၅ နိုင်ငံခြားဇာတ်လမ်းတွဲ "တံ့မယူလို" (အပိုင်း-၅)
၈း၀၀ ပြည်တွင်းသတင်း နိုင်ငံတကာသတင်း မိုးလေဝသအခြေအနေ
၈း၃၅ "ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများဖွံ့ဖြိုးရေးတက္ကသိုလ်"
၉း၀၀ ပြည်တွင်းသတင်း
-နိုင်ငံခြားဇာတ်လမ်းတွဲ "ဘုရင်မရဲ့ပန်းရွှေကြာ"(အပိုင်း-၄)
သမိုင်းကိုဖော်ပြသော ဝါကျများ (အငြိမ့်မင်းသမီး ဒေါ်ခင်မာချိုနှင့် တွေ့ဆုံခြင်း) (အပိုင်း-၂)

**မှတ်ချက်။ နာရီစဉ်တိုင်းတွင် ပြည်တွင်းသတင်းနှင့် နိုင်ငံတကာသတင်းများ ထုတ်လွှင့်ပေးပါသည်။**

### မြဝတီရုပ်မြင်သံကြား

၆း၀၃ တရားတော်
၇း၁၅ မေတ္တာပို့
၇း၂၅ ဓမ္မပူဇာတေး
၈း၀၅ အမျိုးသားရေးတေးကဗျာ
၈း၁၀ စိုက်ပျိုးသုတ
၈း၂၅ DVD Hits
၈း၃၅ နှစ်(၈၀)ကျော်ကြားတေးများ
၉း၂၀ အမှတ်တရနေ့ရက်လေးများ
၉း၄၀ ကျန်းမာသုတ
၉း၅၀ ရင်မှာစွဲလမ်းတော်ဝင်ပန်း
၁၀း၁၅ Books Guide
၁၀း၂၅ မြဝတီရုပ်မြင်သံကြား မဂ္ဂဇင်းကဏ္ဍ
၁၀း၄၅ သီချင်းလက်ဆောင်
၁၁း၁၀ ဘောလုံးကန်ကြမယ်
၁၁း၂၀ မြန်မာ့ရှုခင်း
၁၁း၃၅ Sportcast
၁၁း၄၅ သာယာသီကြွေးခေတ်ဆန်းတေး
၁၁း၅၅ ဇာတ်လမ်းတို
၁၂း၁၀ မြန်မာသံစဉ်ချိုနားဝင်
၁၂း၂၅ Cooking Art
၁၂း၃၅ DVD Hits
၄း၂၅ ခံစားနားဆင် လက်ာ၀တ်ရည် တေးသံစဉ်
၄း၄၀ သာယာသီကြွေးခေတ်ဆန်းတေး
၄း၄၅ Sportcast
၅း၂၅ ယနေ့ရန်ကုန်မြင်ကွင်းစုံ
၅း၃၅ ရောင်စုံဖြာဝေဂျပန်မြေ
၅း၄၅ လည်မယ်. . . စားမယ်ကမ္ဘာ တစ်ခွင်ဝယ်
၆း၁၀ ရှုမောဖွယ်ရာရွှေရုပ်လွှာ
၆း၃၀ "ရွာ"ဟာသဇာတ်လမ်းတွဲ ဒါရိုက်တာ မိုးဇော်ကို
၇း၀၀ ရသစုံလင်ရုပ်မြင်ဇာတ်လမ်း မစ္စကိုရီးယား အပိုင်း(၈)
-VOA အင်္ဂလိပ်စာသင်ခန်းစာ
-သံစဉ်များနှင့်ကမ္ဘာ
-ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင်
-Lucky Door

### MRTV-4

၅း၀၀ ပဌာန်းပါဠိတော်+ အာဋာနာဋိယသုတ်
၅း၄၀ "ကိုယ်တွင်းမီးဘယ်လိုငြိမ်းမလဲ" တရားတော်[ဆရာတော် အရှင်ဒေဝိန္ဒာဘိဝံသ (သီတဂူကထိက)]
၈း၀၀ "မင်္ဂလာပါ"The Morning show
၁၀း၁၅ ခေတ်သစ်ပျိုမေ
၁၁း၁၅ Food & Decor
၁၁း၄၀ ရန်ကုန်မြင်ကွင်းကျယ် (မေရီ ချက်(ပ်)မင်း နားမကြားသောကလေးများ ကျောင်းအဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနား)
၁၂း၃၅ အနုပညာမိုးကောင်းကင်
၃း၄၅ ရန်ကုန်မြင်ကွင်းကျယ်
-DJ RUN FESTIVAL
Myanmar Press Conference 2016
- WoW Pop Pow Event
၄း၀၅ Cartoon Series (English Play Ground)
၅း၀၀ ခေတ်သစ်ပျိုမေ
၆း၀၀ Health Fix
၆း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "ချစ်သူပေးတဲ့ကတိစကား" (အပိုင်း-၇၃)
၇း၂၀ မြန်မာရုပ်သံဇာတ်လမ်းတွဲ "ကိုလူပျို" (အပိုင်း-၅၆)
၈း၁၀ ရသစုံညွှန်းတမ်းများ
၈း၃၀ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အချစ်သစ္စာတည်စေသော်" (အပိုင်း-၁၁၈)
၉း၁၅ MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သူရသတ္တိမိန်းမလှလေး" (အပိုင်း-၃၉)
၉း၅၀ အနုပညာမိုးကောင်းကင်
၁၀း၁၀ MRTV-4 Stage
၁၀း၄၀ World Of Knowledge (Ground War : Warrior Weapon)

# ရှန်ဟဲမယ် မေရီမြင့်

မြန်မာ့ရုပ်ရှင်လောကမှာ တစ်ခေတ်တစ်ခါက အင်မတန်ချော၊ အင်မတန်လှပြီး အင်မတန်မှ နာမည်ကြီးသည့် မင်းသမီးတစ်လက် ရှိခဲ့ဖူးပါသည်။ သူမရှိတော့သည်မှာ နှစ်ပေါင်း ၆၀ နီးပါးကြာခဲ့ပြီဖြစ်သော်လည်း သူ၏ ဂုဏ်ပုဒ်များကိုဖြင့် ယနေ့တိုင် မမေ့နိုင်။ သူ့ဘဝ အားကျဖို့အလွန်ကောင်းသော်လည်း ကံကြမ္မာဂြိုဟ်ဆိုးက နှိပ်စက်သည့်အတွက် လူ့လောက၌ ကြာကြာနေခွင့်မရ။ အနုပညာလုပ်ငန်းများကို အားသွန်ခွန်စိုက်ဖန်တီး၍ ကောင်းနေဆဲ "လှော်ကောင်းတုန်း တက်ကျိုး" ဆိုသလို ငယ်ငယ်ရွယ်ရွယ်ဖြင့် ကွယ်လွန်သွားခဲ့သည်။

သံသရာဖြင့် နှိုင်းဆကြည့်ပါက လျှပ်တစ်ပြက်မျှသာ ခဏတာဆိုပေမယ့် သူ၏စွမ်းဆောင်ချက်များက ဩချလောက်စရာ။ "သေသောသူ ကြာလျှင်မေ့" ဆိုရိုးစကားရှိသည့်အတွက် မြန်မာ့ရုပ်ရှင်ကို ဂုဏ်တက်စေခဲ့သူတစ်ယောက်ကိုဖြင့် မေ့ပျောက်သွားမှာစိုးသည်။ ထိုသို့သော ခံစားချက်ဖြင့် မျိုးဆက်သစ်လူငယ်များ၊ သူ့ခေတ် သူ့ကာလကို သိမီလိုက်သည့် ပရိသတ်များ ပြန်လည်အမှတ်ရစိမ့်သောငှာ ဤဆောင်းပါးကို ဆက်လက်ရေးရသည်ရှိသော်-

"ရှန်ဟဲမယ်-မေရီမြင့်" အမည်ရင်း မသိန်းရှင်၊ ရှမ်းတိုင်းရင်းသူလေး၊ အဖ ဦးလုံခမ်းမော၊ အမိ ဒေါ်နန်းဆွယ်ခန်းတို့က ၁၉၂၈ ခုနှစ်တွင် ရှမ်းပြည်နယ်မြောက်ပိုင်း ရွှေလီမြစ်ကမ်းနံဘေးရှိ "နမ့်ခမ်း"မြို့၌ မွေးဖွားခဲ့သည်။ ၁၉၃၂ ခုနှစ်တွင် မိသားစုအားလုံး နမ္မတူမြို့သို့ပြောင်းရွှေ့နေထိုင်ကြသည်။ ထိုမြို့ရောက်မှ မအေးစံအမည်သို့ ပြောင်းပြီး ပညာသင်ယူရာ ခုနစ်တန်းအထိ ရောက်ရှိခဲ့သည်။ ၁၉၄၃ ခုနှစ် ဒုတိယကမ္ဘာစစ်အတွင်း "မေရီ" အမည်သို့ပြောင်းပြီး တရုတ်ပြည်သို့သွားရောက်ကာ ရှန်ဟဲမြို့ အဆို၊ အက သိပ္ပံကျောင်းတွင် တက်ရောက်သင်ကြားခဲ့သည်။ တရုတ်ပြည်၌ လေးနှစ်တာနေထိုင်ခဲ့ပြီး ထိုသို့နေထိုင်စဉ်အတွင်း အချိန်ရှိခိုက်လုံ့လစိုက် အနုပညာရပ်များကို စွမ်းစွမ်းတမံ လေ့လာဆည်းပူးရင်း မယ်ရွေးပွဲများတွင် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ အရပ်အမောင်း၊ အသားအရေ၏ ကောင်းခြင်း၊ နက်မှောင်သော ဆံကေသာ၊ ပုလဲသွယ်အသွင် ဖြူစင်ညီညာသော သွား၊ ရွှန်းလဲ့တောက်ပသည့်မျက်လုံး၊ မျက်ခုံးမှအစ တင်၊ရင်၊ ခါး အချိုးအစား ညီညွတ်မှုတ၊ အပြစ်ဆိုဖွယ် မရှိလောက်အောင် ချောမောလှပသည့်အတွက် နိုင်ငံရပ်ခြားလူမျိုးခြားတို့၏အလယ် ဝင့်ထည်စွာဖြင့် "ရှန်ဟဲမယ်"ဘွဲ့ကို ဆွတ်ခူးရရှိခဲ့သည်။

၁၉၄၇ခုနှစ်တွင် မြန်မာပြည်သို့ ပြန်လည်ရောက်ရှိကာ တရုတ်ပြည်မှ တတ်မြောက်ခဲ့သော အနုပညာရပ်များကိုအခြေခံလျက် မြန်မာ့ရုပ်ရှင်နယ်တွင်ခြေချရန် ရည်ရွယ်ချက်ဖြင့် အေဝမ်းရုပ်ရှင်ကုမ္ပဏီသို့ မင်းသမီးသွားလျှောက်ရာ ရုပ်ရည်ရူပကာ ပြောစရာမလိုလောက်အောင် သဘောကျသော်လည်း ရှမ်းသံဝဲနေသည့်အတွက် အကြောင်းမညီညွတ် လှည့်ပြန်ခဲ့ရသည်။

သို့သော် ဖွဲမလျှော့၊ ဒါရိုက်တာရွှေဒိုးဘီအောင်နှင့် အဆက်အသွယ်ရရှိသွားပြီး ရွှေဒိုးဘီအောင်၏ "ဝမ်းနှင့်မလွယ်၊ သားမမယ်" ပြဇာတ်တွင် ပါဝင်ခွင့်ရခဲ့သည်။ ရွှေဒိုးဘီအောင်၏ နောက်ပြဇာတ်တစ်ပုဒ်ဖြစ်သော "သစ္စာပန်းနှစ်ခိုင်" ပြဇာတ် ကပြသောအခါ ထိုစဉ်က နာမည်ကျော် မင်းသမီး မေမြင့်နှင့် ရုပ်ချင်းဆင်သဖြင့် ဒါရိုက်တာ ရွှေဒိုးဘီအောင်က "မေရီ"၏ နောက်တွင် "မြင့်" တစ်လုံးကို တိုးကာ "မေရီမြင့်" အမည်ဖြင့် ကပြစေသည်။

အကြောင်းတိုက်ဆိုင်၍လားမသိ "မေရီမြင့်" အမည်ရပြီးကတည်းက ပြဇာတ်ဝါသနာအိုးတို့လောကအလယ် "မေရီမြင့်" သည် ထင်ပေါ်ကျော်ကြားလေတော့သည်။

ထို့နောက် ဒါရိုက်တာဦးဘဇင်၏ "တီးတီးတို့" ပြဇာတ်၊ ဒါရိုက်တာရွှေဒိုးဘီအောင်၏ "မိန်းမလိမ္မာ၊ အသွင်မတူ" ပြဇာတ်၊ ဒါရိုက်တာဒဂုန်ဆရာတင်၏ "နေရီရီ" ပြဇာတ်စသည်ဖြင့် ပြဇာတ်ပေါင်း ၃၀ ခန့်ကပြခဲ့ရာ မေမြင့်၊ မေရီမြ၊ မေမေဝင်းတို့နှင့် တွဲဖက်ကပြရသည့်အတွက် ၎င်းတို့နှင့် တန်းတူ လူသိများထင်ရှားလေတော့သည်။



**ခရေပန်းသည် နွမ်းကြွေသွေ့ခြောက်သွားသော်လည်း ရနံ့မပြယ်။ စန္ဒကူးပင်၏ မွှေးသောရနံ့သည် တောလုံးအနှံ့ပျံ့၏။ ထိုသဘောနှယ် မင်းသမီး မေရီမြင့်၏ ဂုဏ်သတင်းတို့သည်လည်း မှေးမှိန်ပျောက်ကွယ်သွားဖွယ်ရာမရှိ။ အခြေမြင့်စွာ အတွေးဖက်ရလျှင်ဖြင့် လေသင့်ရာ မွှေးလျက်. . . ။**

ထိုသို့ပြဇာတ်များ ဆက်တိုက်ကပြရင်း သမ္မာရင့်လာသောအခါ မေရီမြင့်၏ ဝဲနေသောရှမ်းသံမှာ မြန်မာသံစစ်သို့ ကူးပြောင်းလာသဖြင့် ရုပ်ရှင်လောကသို့ ကူးပြောင်းခြေချရန် အခွင့်အလမ်းပေါ်လာတော့သည်။

ပထမဦးစွာ တက်နေဝန်းရုပ်ရှင်မှ ဒါရိုက်တာမျိုးအောင် ရိုက်ကူးသော "ကျိုက်ထီးရိုးသမိုင်း" သံစုံသွင်းဇာတ်ကားတွင် ပါဝင်သရုပ်ဆောင်ခွင့်ရပြီး အောင်မြင်မှုရသော ပြဇာတ်မင်းသမီးဘဝမှ ရုပ်ရှင်ပိတ်ကားပေါ်သို့ရောက်လာသောမေရီမြင့်ကို ပရိသတ်ကလည်း တစ်ခဲနက် ဆက်လက်အားပေးပြန်သည်။ ဒုတိယဇာတ်ကားဖြစ်သော အောင်ဇေယျညွှန့်ရုပ်ရှင်မှ ဒါရိုက်တာ အေးမြင့် ရိုက်ကူးသည့် "လူရမ်းကား" အသံတိတ်ဇာတ်ကားတွင် မင်းသားရွှေဘ၊ ဇော်ဝင်းတို့နှင့် တွဲဖက်ရိုက်ကူးပြီးသောအခါ ရုပ်ရှင်ကုမ္ပဏီများက အလုအယက် ကမ်းလှမ်းလာသည့်အတွက် နေ့မအားညမနား အသံတိတ်၊ အသံထွက် ရုပ်ရှင်ဇာတ်ကားပေါင်းများစွာ ဆက်လက်ရိုက်ကူးရလေတော့သည်။

မေရီမြင့် ပါဝင်ရိုက်ကူးခဲ့သည့် ရုပ်ရှင်ဇာတ်ကားများကို လက်လှမ်းမီသမျှဖော်ပြရသည်ရှိသော် ကျိုက်ထီးရိုးသမိုင်း၊ လူရမ်းကား၊ မဲဇာတောင်ခြေ၊ ဥမ္မာဒန္တီ၊ ဖာတစ်လုံးခေါင်းကျား၊ ဘို့မယ်တက်ခါး၊ ဆည်တော်သခင်မ၊ ကျားဗဟိန်း၊ ငွေဒေါသ၊ မိုက်ဧကရီ၊ ဆွေသီဟာ၊ စွဲပေါ့သက်လယ်၊ မဟာရန်သူ၊ ဗိုလ်တကာ့ဘုရင်၊ မုန်တိုင်းနဲ့မာလာ၊ ချစ်ရိပ်သာ၊ ချစ်ခွင့်ရယ်မကြုံ၊ ဆူးနဲ့မာလာ၊ ချစ်မီးတဏှာ၊ သမုဒယ၊ မုန်းပါနဲ့မေရယ်၊ ချမ်းမြေ့ရိပ်မြုံ၊ နေရီရီ၊ မုန်းရခက်တယ်၊ တွေ့ဆုံသည့်တိုင်၊ ချစ်သံသရာ၊ အချစ်ဇာတ်ခုံ၊ မေ့သက်ပိုင်၊ နှစ်ဖက်ချွန်၊ ဒေါက်တာအောင်ကျော်ဦး၊ မိမွေ့ဖမွေ့၊ ချစ်ဖေဖေ၊ မေသရဖူနှင့် မာယာကြာခြည်။

မေရီမြင့်သည် ရုပ်ရှင်ကုမ္ပဏီပေါင်းများစွာနှင့် ဒါရိုက်တာပေါင်းများစွာ၏ သင်ကြားပြသမှုကိုခံယူရင်း ဇေယျ၊ ဖိုးပါကြီး၊ မျိုးချစ်၊ ကျော်ဆွေ၊ ကျော်ဖေ၊ ရွှေဘ၊ တင်ညွန့်၊ ခင်မောင်မြင့်၊ ခင်မောင်ညွန့်၊ မြင့်စိုး၊ မြင့်အောင်၊ မောင်မောင်တာ၊ ရွှေကို၊ ခင်မောင်၊ မောင်မောင်အေး၊ ဇာတ်မင်းသား စိန်အောင်မင်း စသည့် မင်းသားများနှင့်အတူ တွဲဖက်သရုပ်ဆောင်ခဲ့ရာ ရိုက်ကူးခဲ့သမျှ ဇာတ်ကားပေါင်း ၄၀ ကျော်ထဲမှ ဗြိတိသျှဘားမား ရုပ်ရှင်က ထုတ်လုပ်သည့် ဒါရိုက်တာရွှေဒိုးဘီအောင်၏လက်ရာ ဒေါက်တာအောင်ကျော်ဦးနှင့် ဒါရိုက်တာ ဒဂုန်ဆရာတင်၏ "မိမွေ့ဖမွေ့" အသံထွက်ဇာတ်ကားတို့သည် အထူးအောင်မြင်ခဲ့သည်။

မေရီမြင့်သည် ပြဇာတ်၊ ရုပ်ရှင်ကိုသာမက စာပေကိုလည်း အလွန်ချစ်မြတ်နိုးပြီး ၁၉၅၁ ခုနှစ်တွင် "စောရှင်မွန်" ကလောင်အမည်ကို ခံယူကာ စာရေးဆရာမကြီး ဒေါ်ဒဂုန်ခင်ခင်လေးဦးစီးသော "မြန်မာပြည်အမျိုးသမီးများကလောင်ရှင်" အဖွဲ့ကြီးသို့ဝင်ရောက်၍ ကဗျာ၊ ဝတ္ထုတိုနှင့် ဆောင်းပါးများရေးသားခဲ့သည်။

"ယုဝတီ၊ ကလောင်ရှင်၊ စောရှင်မွန်" အမည်ဖြင့်လည်း စာပေလောကတွင် ကျော်ကြားသူဖြစ်သည်။ တစ်ဖန် "ပင်မြင့်မာလာ" ဝတ္ထုဇာတ်ညွှန်းကို ကိုယ်တိုင်ရေးသားပြီး ကိုယ်တိုင်ဒါရိုက်တာအဖြစ်နှင့်ရုပ်ရှင်ရိုက်ကူးခဲ့ပြန်ရာ မြန်မာရုပ်ရှင်သမိုင်းတွင် ဒုတိယမြောက် အမျိုးသမီးဒါရိုက်တာအဖြစ် မှတ်တမ်းတင်ကျန်ရစ်စေခဲ့သည်။

ပထမဦးဆုံးအမျိုးသမီးဒါရိုက်တာမှာ စစ်ကြိုခေတ်က "မိုးခေါင်ကျော်စွာ" အသံထွက်ဇာတ်ကား ရိုက်ကူးခဲ့သော ဒေါ်ခင်ညွန့်ဖြစ်သည်။

၁၉၅၄ ခုနှစ်တွင် "ဗမာ့ခေတ်" သတင်းစာတိုက်ပိုင်ရှင်၊ ဗမာ့ခေတ် ဦးအုန်းခင် ဒေါ်ဒဂုန်ခင်ခင်လေးတို့နှင့်အတူ မေရီမြင့်သည် အရှေ့အာရှ၊ အနောက်ဥရောပနှင့် အမေရိကန်ခရီးစဉ်တို့တွင် လိုက်ပါသွားခဲ့ရာ ဟာဝေယံကျွန်း၊ ဂျပန်နိုင်ငံ တိုကျိုမြို့တော်၊ ကမ္ဘာကျော် ဖူဂျီမီးတောင်၊ အမေရိကန်နိုင်ငံ နယူးယောက်မြို့၊ အီတလီ၊ ဆွစ်ဇာလန်၊ ပြင်သစ်၊ ဆွီဒင်၊ နော်ဝေး၊ ဟိုနိုလူလူနှင့် ဟောင်ကောင်မြို့များသို့ ရောက်ရှိခဲ့သည်။

မေရီမြင့်သည် ၂၃. ၄. ၁၉၅၅ ရက်တွင် တပ်မတော် (ရေ)မှ ဗိုလ်ကြီး မင်းဦးနှင့် လက်ထပ်ခဲ့ပြီး အူထဲတွင် သန္ဓေတည်သည့် ရောဂါဆန်း (Ectopic Pregnacy) ကြောင့် စံပြသားဖွားခန်း၌ တက်ရောက်၍ ခွဲစိတ်ကုသမှု ခံယူခဲ့သော်လည်း ကံကြမ္မာက မျက်နှာသာမပေးသည့်အတွက် ၂၅. ၄. ၁၉၅၇ ရက် (ကြာသပတေးနေ့)တွင် ကွယ်လွန်အနိစ္စရောက်ရရှာသည်။

သူပါဝင် သရုပ်ဆောင်ခဲ့သော နာမည်ကြီးရုပ်ရှင် "ဒေါက်တာအောင်ကျော်ဦး"အသံထွက်ဇာတ်ကား ရုံတင်ပြသရန် လေးရက်အလို၊ ပဒေသာဖလင်မှထုတ်လုပ်ပြီး ဒါရိုက်တာ ဦးညာဏရိုက်ကူးနေသည့် "မာယာကြာခြည်" အသံထွက်ဇာတ်ကား ရိုက်ကူးနေဆဲ ကွယ်လွန်သွားခဲ့ခြင်း ဖြစ်သည်။

အကြွေစော၍ နှမြောဖွယ်ကောင်းလှသည့် အနုပညာကြယ်တစ်ပွင့် ကြွေလွင့်သွားခဲ့သည်မှာ နှစ်ပေါင်း ၆၀ နီးပါးကြာခဲ့ပါပြီ။ ယနေ့တိုင် မမေ့နိုင်သည်က ရုပ်ရှင်ချစ်ပရိသတ်များ။ ခရေပန်းသည် နွမ်းကြွေသွေ့ခြောက်သွားသော်လည်း ရနံ့မပြယ်။ စန္ဒကူးပင်၏ မွှေးသောရနံ့သည်တောလုံးအနှံ့ပျံ့၏။ ထိုသဘောနှယ် မင်းသမီး မေရီမြင့်၏ ဂုဏ်သတင်းတို့သည်လည်း မှေးမှိန်ပျောက်ကွယ်သွားဖွယ်ရာမရှိ။ အခြေမြင့်စွာ အတွေးဖက်ရလျှင်ဖြင့် လေသင့်ရာမွှေးလျက်. . ။

မှီငြမ်း။ ။ တက္ကသိုလ်ခင်မောင်ဇော်၏ နှစ်ဆယ်ရာစု မြန်မာ့ရုပ်ရှင်ရေစီးကြောင်းနှင့် မြန်မာ့ဂန္ထဝင်ရုပ်ရှင်ပညာရှင်(၂၀)

**တင့်လွင်ဦး(စီးပွားရေးတက္ကသိုလ်)**

# အသက်(၁၈)နှစ်အောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြေးခုန်ပစ်ပြိုင်ပွဲ နောက်ဆုံးပိုလ်လုပွဲနှင့် ဆုပေးပွဲကျင်းပ



**နေပြည်တော် စက်တင်ဘာ ၂၂**

အသက်(၁၈)နှစ်အောက် တိုင်းဒေသကြီးနှင့် ပြည်နယ် ပြေးခုန်ပစ်ပြိုင်ပွဲ နောက်ဆုံးနေ့ပွဲစဉ်များကို နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်း၌ ယနေ့နံနက် ၇ နာရီမှ စတင်၍ ကျင်းပသည်။

အမျိုးသားလှံတံပစ်ပြိုင်ပွဲတွင် ကချင်ပြည်နယ်မှ ပြည့်ဖြိုးအောင်သည် ၂၀၁၄ခုနှစ်တွင် မကွေးတိုင်းဒေသကြီးမှ ခင်ရှင်းစမ့်တင်ထားခဲ့သည့် ၄၈. ၉၁ မီတာ စံချိန်ကို ၅၂. ၆၀ မီတာဖြင့် စံချိန်သစ်တင်ကာ ပထမဆုကိုလည်းကောင်း၊ အမျိုးသမီးလှံတံပစ်ပြိုင်ပွဲတွင် ကယားပြည်နယ်မှ ခရစ်စတီးနားသည် ၂၀၀၅ ခုနှစ်တွင် မကွေးတိုင်းဒေသကြီးမှ စိုးစိုးထွေးတင်ထားခဲ့သည့် ၃၅. ၄၅မီတာ စံချိန်ကို ၃၆. ၁၁ မီတာဖြင့် စံချိန်သစ်တင်ကာ ပထမဆုကိုလည်းကောင်းရရှိခဲ့သည်။

အမျိုးသားသုံးဆင့်ခုန်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ သူရိန်ထွန်းသည် ၂၀၁၄ခုနှစ်တွင် ပြည်ထောင်စုနယ်မြေနေပြည်တော်မှ အောင်ကျော်မင်းတင်ထားခဲ့သည့် ၁၃. ၄၉ မီတာစံချိန်ကို ၁၃. ၅၅ မီတာဖြင့် စံချိန်သစ်တင်ကာ ပထမဆုကို လည်းကောင်း၊ အမျိုးသမီးသုံးဆင့် ခုန်ပြိုင်ပွဲတွင် မြတ်သဥ္ဇာဝင်း(မန္တလေးတိုင်းဒေသကြီး)မှ ၁၁. ၀၂ မီတာဖြင့် ပထမဆုကို လည်းကောင်း ရရှိခဲ့သည်။

အမျိုးသားမီတာ (၈၀၀) အပြေးပြိုင်ပွဲတွင် မင်းမင်းဇော် (မန္တလေးတိုင်းဒေသကြီး)မှ ၂ မိနစ် ၀၃. ၁၇ စက္ကန့်ဖြင့် ပထမဆုကိုလည်းကောင်း၊ အမျိုးသမီးမီတာ (၈၀၀) အပြေးပြိုင်ပွဲတွင် အေးခမ်း (ရှမ်းပြည်နယ်)မှ ၂ မိနစ် ၄၀. ၄၀ စက္ကန့် ဖြင့် ပထမဆုကို လည်းကောင်း အသီးသီး ဆွတ်ခူးရရှိခဲ့သည်။

အမျိုးသား မီတာ (၁၀၀)အပြေးပြိုင်ပွဲတွင် ကရင်ပြည်နယ်မှ မျိုးမြင့်အောင်သည် ၂၀၀၆ခုနှစ် စစ်ကိုင်းတိုင်းဒေသကြီးမှ အောင်ဖြိုးကျော် တင်ထားခဲ့သည့် ၁၁. ၃၀ စက္ကန့် စံချိန်ကို ၁၁. ၂၂ စက္ကန့်ဖြင့် စံချိန်သစ်တင်ကာ ပထမဆုကိုလည်းကောင်း၊ အမျိုးသမီး မီတာ (၁၀၀) အပြေးပြိုင်ပွဲတွင် ချစ်အားပို (မွန်ပြည်နယ်)မှ ၁၃. ၉၀ စက္ကန့်ဖြင့် ပထမဆုကို လည်းကောင်း ဆွတ်ခူးရရှိပါသည်။

အမျိုးသား တန်းမြင့်ခုန်ပြိုင်ပွဲတွင် စစ်ကိုင်းတိုင်းဒေသကြီးမှ အောင်လင်းထွန်းသည် ၂၀၁၅ခုနှစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်မှ နေမျိုးအောင်ထက် တင်ထားခဲ့သည့် ၁. ၇၅ မီတာစံချိန်ကို ၁. ၈၀ မီတာဖြင့် စံချိန်သစ်တင်ကာ ပထမဆုကိုလည်းကောင်း၊ အမျိုးသမီး တန်းမြင့် ခုန်ပြိုင်ပွဲတွင် ဖြူလဲ့လဲ့ဦး (မွန်ပြည်နယ်)သည် ၁. ၃၆ မီတာဖြင့် ပထမဆုကိုလည်းကောင်းရရှိခဲ့သည်။

အမျိုးသား မီတာ (၄၀၀) x လေးယောက် လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် မန္တလေးတိုင်းဒေသကြီးအသင်းမှ ၃ မိနစ် ၃၆. ၁၀ စက္ကန့်ဖြင့် ပထမဆု၊ အမျိုးသမီး မီတာ (၄၀၀) x လေးယောက် လက်ဆင့်ကမ်းအပြေးပြိုင်ပွဲတွင် ဧရာဝတီတိုင်းဒေသကြီးအသင်းမှ ၄ မိနစ် ၁၇. ၉၈ စက္ကန့်ဖြင့် ပထမဆုကိုလည်းကောင်း ဆွတ်ခူးရရှိခဲ့သည်။

ထို့နောက် ရွှေ လေးခု၊ ငွေ နှစ်ခုဖြင့် အမျိုးသမီးတံခွန်စိုက်ဆုဖလားရရှိသော ဧရာဝတီတိုင်းဒေသကြီးအသင်း၊ ရွှေ ခြောက်ခု၊ ငွေ တစ်ခု၊ ကြေး လေးခုဖြင့် အမျိုးသား တံခွန်စိုက်ဆုဖလားရရှိသည့် စစ်ကိုင်းတိုင်းဒေသကြီးအသင်း၊ ရွှေ ခြောက်ခု၊ ငွေ ခြောက်ခု၊ ကြေး သုံးခုဖြင့် စုပေါင်း တံခွန်စိုက်ဆုဖလားရရှိသည့် မန္တလေးတိုင်းဒေသကြီးအသင်းတို့အား ကျန်းမာရေးနှင့်အားကစားဝန်ကြီးဌာန၊ အားကစားနှင့်ကာယ ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်ဦးမျိုးလှိုင်မှ တံခွန်စိုက်ဆုဖလားများကို ချီးမြှင့်ခဲ့ကြောင်း သိရသည်။

**မောင်မောင်ဇော်**

## စက်တင်ဘာ ၂၂ ရက် အနိုင်/အရှုံးရလဒ်များ

**အင်္ဂလန်လိဂ်ဖလား တတိယအဆင့်**

| | | | | |
|---|---|---|---|---|
| ကျူပီအာ | ၁ | - | ၂ | ဆန်းဒါးလန်း |
| ဝက်စ်ဟမ်း | ၁ | - | ၀ | အက္ကရင်တန် |
| ဆောက်သမ်တန် | ၂ | - | ၀ | ခရစ္စတယ်ပဲလေ့စ် |
| ဆွမ်ဆီး | ၁ | - | ၂ | မန်စီးတီး |
| ဖူလ်ဟမ် | ၁ | - | ၂ | ဘရစ္စတိုးလ် |
| နော်သမ်တန် | ၁ | - | ၃ | မန်ယူ |
| စပါး | ၅ | - | ၀ | ဂီလင်ဂမ် |
| စတုတ်စီးတီး | ၁ | - | ၂ | ဟားလ်စီးတီး |

**လာလီဂါ ပွဲစဉ်-၅**

| | | | | |
|---|---|---|---|---|
| ရီးယဲလ်မက်ဒရစ် | ၁ | - | ၁ | ဗီလာရီးယဲလ် |
| ဆယ်လ်တာဗီဂို | ၂ | - | ၁ | စပို့တင်းဂီဂျွန် |
| ဆိုစီဒက် | ၄ | - | ၁ | လက်စ်ပါမက်စ် |
| ဂရန်နာဒါ | ၁ | - | ၂ | ဘီဘာအို |
| ဘာစီလိုနာ | ၁ | - | ၁ | အက်သလက်တီကို |

**စီးရီးအေ ပွဲစဉ်-၅**

| | | | | |
|---|---|---|---|---|
| အတ္တလန်တာ | ၀ | - | ၁ | ပါလာမို |
| ချီယေဗို | ၂ | - | ၁ | ဆာဆူအိုလို |
| အမ်ပိုလီ | ၀ | - | ၂ | အင်တာမီလန် |
| ဂျီနိုအာ | ၀ | - | ၀ | နာပိုလီ |
| ဂျူဗင်တပ် | ၄ | - | ၀ | ကက်ကလီယာရီ |
| ပက်စ်ကာရာ | ၀ | - | ၀ | တိုရီနို |
| ရိုးမား | ၄ | - | ၀ | ခရိုတိုနီ |
| အူဒီးနိစ် | ၂ | - | ၂ | ဖီအိုရင်တီးနား |

**ဘွန်ဒက်စ်လီဂါ ပွဲစဉ်-၄**

| | | | | |
|---|---|---|---|---|
| ဘိုင်ယန်မြူးနစ် | ၃ | - | ၀ | ဟာသာဘာလင် |
| လေဗာကူဆင် | ၀ | - | ၀ | အော့စ်ဘတ် |
| ရှော်ကေး | ၁ | - | ၃ | ကိုလုံး |
| ဝါဒါဘရီမင် | ၁ | - | ၂ | မိန့်ဇ် |
| လိုက်ပ်ဇစ် | ၁ | - | ၁ | မိုချင်ဂလက်ဘတ် |

မောင်မောင်ဇော်



# ဘာစီလိုနာတိုက်စစ်မှူး မက်ဆီ ဒဏ်ရာပြဿနာကြောင့် သုံးပတ်ကြာအနားယူရမည်

ဘာစီလိုနာတိုက်စစ်မှူး လီယွန်နယ်မက်ဆီသည် ဘာစီလိုနာအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ ယှဉ်ပြိုင်ကစားခဲ့သည့် လာလီဂါပွဲစဉ်တွင် ဒဏ်ရာပြဿနာကြုံခဲ့ခြင်းကြောင့် သီတင်းသုံးပတ်ကြာအနားယူရမည်ဖြစ်ကြောင်းသိရသည်။

ဘာစီလိုနာအသင်းနှင့် အက်သလက်တီကိုမက်ဒရစ်အသင်းတို့ တစ်ဖက်တစ်ဂိုးစီသရေပွဲဖြစ်ခဲ့သည့် လာလီဂါပွဲစဉ်တွင် ဒဏ်ရာရရှိခဲ့ခြင်းကြောင့် တိုက်စစ်မှူး မက်ဆီသည် ပွဲကစားချိန် ၅၉ မိနစ်တွင် လူစားလဲကစားခြင်းခံခဲ့ရသည်။

တိုက်စစ်မှူးမက်ဆီသည် ဒဏ်ရာပြဿနာကြောင့် ဗင်နီဇွဲလားအသင်းနှင့် အာဂျင်တီးနားအသင်းတို့ ယှဉ်ပြိုင်ကစားမည့် ၂၀၁၈ ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်တွင် လွဲချော်လိမ့်မည်ဖြစ်သော်လည်း ဘာစီလိုနာအသင်းအတွက်မူ ယခုနှစ်ဘောလုံးရာသီအစပိုင်းတွင် လာလီဂါပွဲစဉ်ငါးပွဲစလုံး ပါဝင်ကစားပေးနိုင်ခဲ့သည်။

ရက်သတ္တသုံးပတ်ကြာအနားယူရမည်ဖြစ်သော်လည်း တိုက်စစ်မှူး မက်ဆီသည် အောက်တိုဘာ ၁၉ ရက်တွင် မန်စီးတီးအသင်းနှင့် ယှဉ်ပြိုင်ကစားရမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် ဘာစီလိုနာအသင်းနှင့်အတူ ပြန်လည်ပါဝင်လာနိုင်ကြောင်းသိရသည်။

သို့ရာတွင် ဘာစီလိုနာအသင်းနှင့် မိုချန်ဂလာဘတ်ချ်အသင်းတို့ ယှဉ်ပြိုင်ကစားမည့် ချန်ပီယံလိဂ်ပွဲစဉ်တွင် တိုက်စစ်မှူး မက်ဆီလွဲချော်လိမ့်မည်ဖြစ်သည့်အပြင် လာလီဂါပွဲစဉ်များဖြစ်သည့် စပို့တင်းဂီဂျွန်အသင်း၊ ဆယ်လ်တာဗီဂိုအသင်းတို့နှင့် ယှဉ်ပြိုင်ကစားမည့် ပွဲစဉ်များတွင်လည်း လွဲချော်မည်ဖြစ်သည်။

ထို့ပြင် အာဂျင်တီးနားအသင်းယှဉ်ပြိုင်ကစားရမည့် ကမ္ဘာ့ဖလားခြေစစ်ပွဲစဉ်များဖြစ်သည့် ပီရူးအသင်း၊ ပါရာဂွေးအသင်းတို့နှင့် ပွဲစဉ်များတွင်လည်း တိုက်စစ်မှူးမက်ဆီပါဝင်လာနိုင်မည်မဟုတ်ကြောင်းသိရသည်။

တိုက်စစ်မှူး မက်ဆီသည် အောက်တိုဘာ ၁၅ ရက်တွင် ယှဉ်ပြိုင်ကစားရမည့် ဒီပို့တီဗိုအသင်းနှင့် ပွဲစဉ်တွင် ဘာစီလိုနာအသင်းနှင့် ပါဝင်လာဖွယ်ရှိကြောင်းသိရသည်။

**(ငွေကြယ်)**

# ဂျူဗင်တပ်အသင်း အမှတ်ပေးဇယားထိပ်တက်လှမ်း

ဂျူဗင်တပ်အသင်းသည် အီတလီစီးရီးအေပွဲစဉ်(၅)တွင် ကာဂလီယာရီအသင်းအား အနိုင်ရရှိခဲ့ပြီးနောက် ရမှတ်(၁၂)မှတ်ဖြင့် အမှတ်ပေးဇယားထိပ်ဆုံးသို့ တက်လှမ်းသွားခဲ့ပြီဖြစ်သည်။

ဂျူဗင်တပ်အသင်းသည် ကာဂလီယာရီအသင်းနှင့် ပွဲစဉ်တွင် ရူဂါနီ၊ ဟီဂူအင်၊ ဒန်နီအဲလ်ဗက်တို့၏ သွင်းဂိုးများဖြင့် ပထမပိုင်းအပြီးတွင် သုံးဂိုးပြတ်ဖြင့် ဦးဆောင်နိုင်ခဲ့ပြီး ဒုတိယပိုင်းပွဲကစားချိန် ၈၃ မိနစ်တွင် ကိုယ့်ဂိုးကိုသွင်းယူမိသည့် ကတ်ပီတယ်လီ၏ သွင်းဂိုးပါ ထပ်မံရရှိခဲ့ခြင်းကြောင့် အိမ်ကွင်းတွင် လေးဂိုးပြတ်ဖြင့် အနိုင်ရရှိခဲ့ခြင်းဖြစ်သည်။

ယင်းပွဲစဉ်တွင် ဒန်နီအဲလ်ဗက်သည် ဂျူဗင်တပ်အသင်းအတွက် ပထမဆုံးဂိုးသွင်းယူပေးနိုင်ခဲ့ခြင်းဖြစ်သည်။ အီတလီစီးရီးအေ၏ အခြားပွဲစဉ်တစ်ပွဲဖြစ်သည့် နာပိုလီအသင်းနှင့် ဂျီနိုအာအသင်းတို့ပွဲစဉ်တွင် ဂိုးမရှိသရေရလဒ်သာထွက်ပေါ်ခဲ့ခြင်းကြောင့် နာပိုလီအသင်းမှာ အမှတ်ပေးဇယားဦးဆောင်နိုင်မည့်အခွင့်အရေးနှင့် လွဲခဲ့ရသည်။

ထို့ကြောင့် နိုင်ပွဲရရှိခဲ့သည့် ဂျူဗင်တပ်အသင်းက ဒုတိယနေရာမှ နာပိုလီအသင်းကို တစ်မှတ်ဖြတ်ကာ အမှတ်ပေးဇယားကို ထိပ်ဆုံးမှဦးဆောင်နိုင်ခဲ့ခြင်းဖြစ်သည်။ လက်ရှိအမှတ်ပေးဇယားတွင် ဂျူဗင်တပ်အသင်းသည် အဆင့်(၁)၊ နာပိုလီအသင်းသည် အဆင့်(၂)နှင့် ရိုးမားအသင်းနှင့် ချီယေဗိုအသင်းတို့မှာ ရမှတ်တူ ဂိုးကွာခြားချက်ကြောင့် ရိုးမားအသင်းက အဆင့်(၃)နှင့် ချီယေဗိုအသင်းက အဆင့်(၄) စသည်ဖြင့် အသီးသီးရပ်တည်လျက်ရှိကြောင်း သိရသည်။

**(ငွေကြယ်)**



## ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း၌ အသိပညာပေးဟောပြောပွဲများ ကျင်းပ

**နေပြည်တော် စက်တင်ဘာ ၂၂**

နေပြည်တော် ဇမ္ဗူသီရိမြို့နယ် အမှတ်(၁၁)အခြေခံပညာအထက်တန်းကျောင်း၌ စက်တင်ဘာ ၂၀ ရက် မွန်းလွဲပိုင်းက စာဖတ်ခြင်းအကျိုးကျေးဇူး၊ လူကုန်ကူးမှုတားဆီးကာကွယ်ရေး၊ ယာဉ်စည်းကမ်း၊လမ်းစည်းကမ်းနှင့် မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြောပွဲအခမ်းအနားကို ကျင်းပသည်။

အခမ်းအနားတွင် နေပြည်တော် အမှတ်(၁) လူကုန်ကူးမှုတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ရဲအုပ်ရဲဝင်းလွင်က လူကုန်ကူးမှုတားဆီးကာကွယ်ရေးဆိုင်ရာ ပြဋ္ဌာန်းဥပဒေများနှင့် ဖြစ်ပွားတတ်သည့်အကြောင်းအရင်းများနှင့် သိရှိလိုက်နာဆောင်ရွက်သင့်သည့်အချက်များကို ရှင်းလင်းပြောကြားခြင်း၊ မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနဦးစီးမှူး ဦးအောင်ရဲချိုက စာအုပ်စာပေဖတ်ရှုရခြင်း၏ အကျိုးကျေးဇူးများကို ဟောပြောဆွေးနွေးခြင်း၊ နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ ဒုရဲမှူးမိုညွန့်ထွန်းက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးခြင်းနှင့် နေပြည်တော် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ ဒုရဲမှူးအောင်ကိုနိုင်က မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အသိပညာပေးဟောပြောကြရာ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူ စုစုပေါင်း ၄၇၇ ဦး တက်ရောက်ကြသည်။

ဆက်လက်၍ အခမ်းအနားတွင် တက်ရောက်လာကြသည့် ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများအား နေပြည်တော်ယာဉ်ထိန်းရဲတပ်ဖွဲ့မှ တာဝန်ရှိသူများက ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေး လက်ကမ်းစာစောင်များကို ဖြန့်ဝေပေးခဲ့ပြီး မြို့နယ်ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ခင်းကျင်းပြသထားသော မူးယစ်ဆေးဝါးအန္တရာယ်နှင့် မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေး အသိပညာပေးနံရံကပ်ဘုတ်များကို ကြည့်ရှုခဲ့ကြကြောင်းသိရသည်။ **သန့်မောင်**

## ပြည်သူ့အကျိုးပြုလုပ်ငန်းများဆောင်ရွက်

**ရမ်းဗြဲ စက်တင်ဘာ ၂၂**

၅၂နှစ်မြောက် မြန်မာနိုင်ငံ ရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် စက်တင်ဘာ ၁၆ ရက် နံနက် ၇ နာရီက ရမ်းဗြဲမြို့ အမှတ် ၃ ရပ်ကွက် တန်းနားပြင်ရပ်ရှိ မြို့ပေါ်ရပ်ကွက်များသို့ သောက်သုံးရေများပေးဝေလျက်ရှိသည့် ကန်တော်ကြီးရေကန်ပေါင်အား ရေကျော်တက်မှုမရှိစေရေးနှင့် ရေရှည်တည်တံ့ခိုင်မြဲစေရေးအတွက် မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးသိန်းလှိုင် ဦးစီးသော တပ်ဖွဲ့ဝင် ၄၀၊ မြို့နယ်ရေပေးရေးကော်မတီဥက္ကဋ္ဌ ဦးကံကောင်းနှင့် အဖွဲ့ဝင် ၁၅ ဦးတို့သည် ရေတာပေါင်နှင့် ရေလွှဲပေါက်များအား မြေသယ်ခြင်း၊ မြေဖို့ခြင်းများပြုလုပ်ကာ ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **၅၂၂**



## ညောင်တုန်းမြို့နယ်ရှိ ရေဘေးသင့်ပြည်သူများအား သဘာဝခေါ်သံဖောင်ဒေးရှင်းက ဆေးဝါးကုသပေးခြင်းနှင့် ကျောင်းသုံးစာအုပ်များလှူ

**ရန်ကုန် စက်တင်ဘာ ၂၂**

တက္ကသိုလ်ခြေလျင်နှင့် တောင်တက်အသင်း သဘာဝခေါ်သံဖောင်ဒေးရှင်း ရေဘေးသင့်ဒေသ ပြန်လည်ထူထောင်ရေးအဖွဲ့သည် စက်တင်ဘာ ၁၇ ရက်နှင့် ၁၈ ရက်တို့တွင် ဧရာဝတီတိုင်းဒေသကြီး ညောင်တုန်းမြို့နယ် အင်းမကျေးရွာအုပ်စုသို့ သွားရောက်ပြီး ရေဘေးသင့်ဒေသခံ ၃၄၅ ဦးကို အခမဲ့ ကျန်းမာရေးစောင့်ရှောက်ပေးခဲ့ကြကာ ကျေးရွာအလယ်တန်းကျောင်းခွဲရှိ အခြေခံပညာအလယ်တန်းနှင့် မူလတန်း ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၆၆၄ ဦးတို့အား ဗလာစာအုပ်နှင့် စာရေးကိရိယာများ ပေးအပ်လှူဒါန်းခဲ့ကြသည်။

အသင်းဥက္ကဋ္ဌ ရန်ကုန်တက္ကသိုလ် မြန်မာစာဌာနတွဲဖက်ပါမောက္ခ (ငြိမ်း) ဦးမျိုးသန့် ဦးဆောင်ပြီး အထူးကုဆရာဝန်တစ်ဦး၊ လက်ထောက်ဆရာဝန်တစ်ဦး၊ သူနာပြုနှစ်ဦး၊ ဆေးဝါးကျွမ်းကျင်သုံးဦး၊ သူနာပြုအကူတစ်ဦး အပါအဝင် စုစုပေါင်းအသင်းဝင် ၂၀ ပါဝင်သည့် အဆိုပါအဖွဲ့သည် ရေဘေးဒဏ်သင့် အင်းမကျေးရွာအုပ်စုအတွင်းရှိ ကျေးရွာလေးရွာမှ ဒေသခံလူနာ စုစုပေါင်း ၃၄၅ ဦးကို စိတ်ကျန်းမာရေး၊ မျိုးဆက်ပွားကျန်းမာရေးနှင့် အထွေထွေရောဂါများ အခမဲ့ဆေးဝါးကုသပေးခြင်း၊ ကျန်းမာရေးအသိပညာပေး ဟောပြောခြင်း၊ ဆေးရုံသို့ တက်ရောက်ကုသရမည့် လူနာသုံးဦးကို စရိတ်ထောက်ပံ့ခြင်းများ ဆောင်ရွက်ခဲ့သည်။

ယင်းအပြင် အနတ္တကျောင်းတိုက်ဆရာတော် ဦးပညာသီရိအား ဝါဆိုသင်္ကန်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ ကပ်လှူခဲ့ပြီး ကျေးရွာအခြေခံပညာအလယ်တန်းကျောင်းခွဲနှင့် မူလတန်းကျောင်းလေးကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူ စုစုပေါင်း ၆၆၄ ဦးတို့အား ဗလာစာအုပ်၊ လေ့ကျင့်ခန်းမျဉ်းစာအုပ်၊ စာရေးကိရိယာ၊ အားကစားပစ္စည်း၊ မုန့်များ ပေးအပ်လှူဒါန်းခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြရာ အင်းမကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူး ဦးမောင်မောင်ညွန့်နှင့် ရပ်မိရပ်ဖများ၊ ကျေးရွာ ကျေးလက်ကျန်းမာရေးဌာန လက်ထောက်ကျန်းမာရေးမှူး ဦးဝင်းဇော်ဦးနှင့် သားဖွားဆရာမများက ဝိုင်းဝန်းပံ့ပိုးကူညီခဲ့ကြသည်။

အဆိုပါရေဘေးသင့်ဒေသ လူမှုအကျိုးပြုအစီအစဉ်ကို စက်တင်ဘာလဆန်းတွင် အသင်းက ပြုလုပ်ခဲ့သော ခါကာဘိုရာဇီသူရဲကောင်း အောင်မြင့်မြတ်ရိုက်ကူးခဲ့သည့် ရေခဲတောင်ဒေသ ဓာတ်ပုံပြပွဲ၌ ဓာတ်ပုံများ ရောင်းချရသည့် ရန်ပုံငွေဖြင့် ဆောင်ရွက်ခြင်းဖြစ်ကြောင်း၊ ယင်းကျေးရွာသို့ ၂၀၁၅ ခုနှစ် ရေဘေးကျရောက်စဉ်ကလည်း တစ်ကြိမ်သွားရောက်၍ ဆေးကုသပေးခဲ့ကြဖူးကြောင်း၊ ယခုတစ်ကြိမ်မှာ ဒုတိယအကြိမ်ဖြစ်ကြောင်း အသင်းအမှုဆောင်ဦးကျော်နိုင်က ပြောသည်။

"ကျွန်တော်တို့ရွာမှာ ဒီတစ်ခေါက်ရေကြီးတာက မနှစ်ကထက်ပိုဆိုးပြီး အချိန်လည်းပိုကြာတယ်။ ဒါပေမယ့် ကယ်ဆယ်ရေးအဖွဲ့တွေ လာရောက်ကူညီကြတာက မနှစ်ကထက် အရေအတွက် သိသိသာသာလျော့သွားတယ်။ ဆေးကုသပေးတဲ့ ပရဟိတအဖွဲ့အနေနဲ့ ဒီနှစ်မှာ ဒါ ပထမဆုံးလာတာပဲ။ နောင်နှစ်တွေ အဲဒီလိုသာရေကြီးနေဦးမယ်ဆို ရေရှည်မလွယ်တော့ဘူး" ဟု ကျေးရွာဒေသခံတစ်ဦးဖြစ်သူ ဦးသိန်းမြင့်ကဆိုသည်။

အင်းမကျေးရွာသည် ညောင်တုန်းမြို့နယ် ပန်းလှိုင်မြစ်ကမ်းအနီးတွင်တည်ရှိပြီး နှစ်စဉ်လိုလို ရေကြီးရေလျှံမှုကြုံတွေ့ရလေ့ရှိကာ ၂၀၁၅ ခုနှစ်နှင့်၂၀၁၆ ခုနှစ်တို့တွင် ရေကြီးမှုဒဏ်ကို အဆိုးရွားဆုံး ခံစားခဲ့ကြရသည်။ **ကြေးမုံ**

## ကျောက်မဲမြို့တွင် (၂၂)ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပ

**ကျောက်မဲ စက်တင်ဘာ ၂၂**

ရှမ်းပြည်နယ် (မြောက်ပိုင်း) ကျောက်မဲခရိုင် ကျောက်မဲမြို့တွင် ၂၀၁၆ ခုနှစ် (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးဖွင့်ပွဲနှင့် ပြိုင်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက် ၉ နာရီက မြို့ကျက်သရေဆောင်ခန်းမ၌ ကျင်းပခဲ့ရာ ကျောက်မဲခရိုင် အုပ်ချုပ်ရေးမှူး ဦးထင်ကျော်အေး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ ဒေါ်ညိုညိုလွင်၊ ဒိုင်ချုပ်ခရိုင်ဦးစီးအရာရှိ ဦးသန်းဌေးတို့က ဖဲကြိုးဖြတ်၍ အခမ်းအနားကို ဖွင့်လှစ်ပေးခဲ့သည်။

ဆက်လက်၍ ခရိုင်အုပ်ချုပ်ရေးမှူးက အဖွင့်အမှာစကား ပြောကြားရာတွင် ရိုးရာယဉ်ကျေးမှု ထုံးတမ်းအစဉ်အလာများ မပျောက်မပျက်စေရေး ယဉ်ကျေးမှုအမွေအနှစ်ကို ထိန်းသိမ်းရန်အတွက် ယခုကဲ့သို့ မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲကျင်းပရခြင်းဖြစ်ကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ (၂၂) ကြိမ်မြောက် အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲကို ကျင်းပရာ အခြေခံပညာအဆင့် အသက် (၁၀-၁၅)နှစ် မဟာဂီတ အဆိုပြိုင်ပွဲတွင် အမျိုးသားတစ်ဦး၊ အမျိုးသမီးတစ်ဦး၊ အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ် အမျိုးသားအဆိုပြိုင်ပွဲတွင် ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး လေးဦး၊ အမျိုးသမီးအဆိုပြိုင်ပွဲတွင် ငါးဦး၊ အခြေခံပညာအဆင့်(၁၅-၂၀) နှစ် အမျိုးသမီး အဆိုပြိုင်ပွဲတွင် ခေတ်ဟောင်းတေးနှင့် ကာလပေါ်တေး သုံးဦး၊ အခြေခံပညာအဆင့် (၁၀-၁၅)နှစ် အမျိုးသမီး ကဗျာလွတ်အကနှင့် ဝါသနာရှင်အကပြိုင်ပွဲတွင် အမျိုးသားနှစ်ဦး၊ ဝါသနာရှင်အဆင့် အဆိုပြိုင်ပွဲတွင် အမျိုးသားနှစ်ဦး၊ အမျိုးသမီးသုံးဦးတို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။



အဆိုပြိုင်ပွဲတွင် အခြေခံပညာအဆင့် အသက်(၁၀-၁၅)နှစ်နှင့် အခြေခံပညာအဆင့် (၁၅-၂၀) နှစ်၊ ဝါသနာရှင်အဆင့် အဆိုပြိုင်ပွဲနှင့် အကပြိုင်ပွဲများတွင် ပထမ၊ ဒုတိယ၊ တတိယ ဆုရရှိသူများ၊ နှစ်သိမ့်ဆု ရရှိသူများနှင့် ပါဝင်ယှဉ်ပြိုင်ဆု ရရှိသူများကို ခရိုင်အုပ်ချုပ်ရေးမှူး၊ ခရိုင်အမျိုးသမီးရေးရာအဖွဲ့ဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများက အသီးသီး ဂုဏ်ပြုဆုများချီးမြှင့်ခဲ့ကြောင်း သိရသည်။ **ကျောက်မဲခရိုင်ပြန်/ဆက်**

## မြင်းမူမြို့တွင် နည်းပညာအထောက်အကူပြု အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲကျင်းပ

**မြင်းမူ စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းခရိုင် မြင်းမူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနနှင့် ရွှေလမင်းနဂါးကုမ္ပဏီ ကွန်ပျူတာသင်ကြားရေးစင်တာတို့ ပူးပေါင်းဖွင့်လှစ်သော ကျေးလက်လူငယ်များအတွက် နည်းပညာအထောက်အကူပြု အခြေခံကွန်ပျူတာသင်တန်းဆင်းပွဲကို စက်တင်ဘာ ၂၀ ရက်က ပြုလုပ်ခဲ့ကြောင်း သိရသည်။

"အခုသင်ကြားခဲ့တဲ့ ကွန်ပျူတာအခြေခံဘာသာရပ်တွေကို မေ့မသွားအောင် ဆက်လက်လေ့လာရမယ်။ နယ်မှာတော့ ကွန်ပျူတာမရှိဘူး။ လောလောဆယ် လက်တော့လေးဝယ်ပြီး သင်တန်းအတူတက်ခဲ့တဲ့ သူငယ်ချင်းနဲ့ လေ့ကျင့်မှာပါ။ ဝါသနာလည်းပါတယ်။ ကိုယ်တတ်ရင်လည်း ရွာကသူငယ်ချင်းတွေကို ပြန်ပြီးသင်ပေးဖို့ စိတ်ကူးထားပါတယ်" ဟု သင်တန်းသူ မနုနုအေးက ပြောပြသည်။

သင်တန်းဆင်းပွဲတွင် မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ ဦးကိုကိုဦးက သင်တန်းဆင်းအမှာစကားပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်စီမံကိန်းဦးစီးဌာန ဦးစီးအရာရှိ ဒေါ်မြင့်မြင့်သန်း၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးဝင်းမြင့်အောင်တို့က သင်တန်းဆင်းလက်မှတ်များ အသီးသီးပေးအပ်ခဲ့ကြသည်။ ယခုသင်တန်းတွင် Microsoft word, Microsoft Excel နှင့် Microsoft Powerpoint ဘာသာရပ်များကို တစ်လကြာသင်ကြားပေးခဲ့ပြီး မြို့နယ်အတွင်းရှိ ကျေးရွာရှစ်ရွာမှ သင်တန်းသား၊ သင်တန်းသူ ၄၀ တက်ရောက်ခဲ့ကြောင်း သိရသည်။

မြင်းမူမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနအနေဖြင့် ယခုနှစ်အတွင်း ကျေးလက်ဒေသအထောက်အကူပြု အသက်မွေးဝမ်းကျောင်း ပညာရပ်များအဖြစ် စိုက်ပျိုးရေးပညာပေး သင်တန်း (၁/၂၀၁၆)၊ မွေးမြူရေးနှင့် ကုသရေးသင်တန်း (၂/၂၀၁၆)၊ ဂျုံရိုးဦးထုပ်ပြုလုပ်မှုသင်တန်း (၃/၂၀၁၆)နှင့် ယခုကွန်ပြူတာသင်တန်း အပါအဝင်သင်တန်းလေးခုမှ သင်တန်းသား၊ သင်တန်းသူ ၁၀၀ တို့အား လေ့ကျင့်သင်ကြားပေးခဲ့ကြောင်း သိရသည်။ **အောင်စိုးဖေ**(IPRD)

## မိုင်းဆတ်မြို့၌(၂၂)ကြိမ်မြောက်အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲနှင့်ဆုချီးမြှင့်ပွဲကျင်းပ




**မိုင်းဆတ် စက်တင်ဘာ ၂၂**
ရှမ်းပြည်နယ်(အရှေ့ပိုင်း) မိုင်းဆတ်မြို့၌ ၂၀၁၆ခုနှစ် (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ခရိုင်/မြို့နယ်အဆင့်ပြိုင်ပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် မွန်းလွဲ ၁ နာရီက အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန သီရိရတနာခန်းမ၌ ကျင်းပရာ ခရိုင်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌ၊ ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေ တက်ရောက် အမှာစကား ပြောကြားသည်။

ဆက်လက်၍ အဆို၊ အကပြိုင်ပွဲများကို ယှဉ်ပြိုင်ရာ ဝါသနာရှင်အဆို ကိုးဦး၊ တပင်တိုင်အက လေးဦး၊ လားဟူစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ ရှမ်းစာပေနှင့် ယဉ်ကျေးမှုအဖွဲ့၊ အာခါစာပေနှင့် ယဉ်ကျေးမှုအဖွဲ့နှင့် ကျောင်းသား၊ ကျောင်းသူအဖွဲ့ ခြောက်ဖွဲ့တို့ ပါဝင်ယှဉ်ပြိုင်ခဲ့ကြသည်။ ယင်းနောက် ဆုရရှိသူများအား ခရိုင်အုပ်ချုပ်ရေးမှူး ဦးနိုးဝေနှင့် တာဝန်ရှိသူများက ဆုများအသီးသီး ချီးမြှင့်ပေးအပ်ခဲ့ကြောင်း သိရသည်။ **ခရိုင်ပြန်/ဆက်**

## အရာတော်မြို့နယ်တွင် မိုးစိုက်ချည်မျှင်ရှည်ဝါ နည်းပညာပေး စံပြကွက် ကွင်းဆင်း သရုပ်ပြ

**အရာတော် စက်တင်ဘာ ၂၂**
လူအများ နေ့စဉ် ဝတ်ဆင်နေသည့် အဝတ်အထည်များ ရက်လုပ်ရာတွင် ကုန်ကြမ်း ရရှိစေရန်နှင့် ဝါစိုက်ပျိုးမှုအား အခြားသီးနှံများ နည်းတူ ဈေးကွက်ဝင်သီးနှံအဖြစ် ပြန်လည်စိုက်ပျိုးထုတ်လုပ် ရောင်းချနိုင်စေရန် ရည်ရွယ်၍ စစ်ကိုင်းတိုင်းဒေသကြီး မုံရွာခရိုင် အရာတော်မြို့နယ် ကမ်းပြူကျေးရွာ ကွင်းအမှတ်(၅၆၂) ဦးပိုင်မြေ တောင်သူ ဦးသိန်းငွေ၏ စိုက်ပျိုးအောင်မြင်ဖြစ်ထွန်းနေသည့် မိုးစိုက် ချည်မျှင်ရှည်ဝါ ငွေချည်(၉) မျိုးသန့် မျိုးပွား စံပြနှစ်ဧကသို့ စက်တင်ဘာလ တတိယပတ်က ကွင်းဆင်းပြီး တောင်သူဦးကြီးများအား အသိပညာပေး သရုပ်ပြသခဲ့ကြောင်း သိရသည်။

ယင်းသရုပ်ပြပွဲတွင် ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမျိုးကြည်က ငွေချည်(၉)ဝါ တစ်ဧကလျှင် ဝါပိဿာ ၁၀၀၀ နှင့် အထက် ထွက်ရှိအောင် စိုက်ပျိုးထားရှိရမည့် အခြေအနေနှင့် သိပ္ပံနည်းကျ စိုက်ပျိုးရမည့် အဓိကနည်း (၁၀)ချက်ကို တောင်သူများအား ရှင်းလင်းပြောကြားပြီး ပြည်ပပို့ကုန်အဖြစ် စီးပွားဖြစ် ပြန်လည်အသက်သွင်းကာ အခြားသီးနှံများနည်းတူ သီးထပ်သီးညှပ် စိုက်ပျိုးထုတ်လုပ်ကြရန် လိုအပ်ကြောင်း ဆွေးနွေးပြောကြားခဲ့သည်။

အဆိုပါ စံပြစိုက်ကွင်းတွင် ကျင်းပသည့် သရုပ်ပြပွဲသို့ ခရိုင်စိုက်ပျိုးရေးဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဦးမျိုးကြည်နှင့် ဦးစီးအရာရှိ ဦးရဲမင်းလှ၊ ထွေ/အုပ်ဌာနမှ ဒုတိယဦးစီးမှူး ဦးအောင်မျိုးကျော်၊ မြို့နယ်စိုက်ပျိုးရေးဌာနမှ ဒေါ်တင်တင်စိန်နှင့် ဝန်ထမ်းများ၊ တောင်သူဦးကြီးများ တက်ရောက်ခဲ့ကြသည်။ **(မြို့နယ်ပြန်/ဆက်)**

## ဖယ်ခုံ စိုက်ပျိုးရေးဦးစီးဌာနမှ သီးနှံမျိုးစေ့နှင့်ဓာတ်မြေဩဇာထောက်ပံ့

**ဖယ်ခုံ စက်တင်ဘာ ၂၂**
ဖယ်ခုံမြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ သဘာဝဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးခဲ့သည့် သီးနှံများအတွက် မျိုးစေ့နှင့် ဘိန်းအစားထိုးသီးနှံမျိုးစေ့နှင့် ဓာတ်မြေဩဇာထောက်ပံ့ပေးအပ်ပွဲအခမ်းအနားကို စက်တင်ဘာ ၂၀ ရက် နံနက်က မြို့နယ်စိုက်ပျိုးရေးဦးစီး ဌာနရုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန မြို့နယ်အုပ်ချုပ်ရေးမှူး ဦးသန်းအေးဆွေက အမှာစကားပြောကြားပြီး စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သင်းသင်းထက်က မျိုးစေ့များနှင့် ဓာတ်မြေဩဇာ ထောက်ပံ့ပေးအပ်ရခြင်း ရည်ရွယ်ချက်များနှင့် စိုက်နည်းစနစ်များကို ရှင်းလင်းပြောကြားသည်။

အဆိုပါအခမ်းအနားတွင် သဘာဝဘေးအန္တရာယ်ကြောင့် သီးနှံများထိခိုက်ပျက်စီးသွားသော သိကျိတ်ကျေး ရွာအုပ်စုရှိ ရေကန်ဖူးလောကျေးရွာ၊ ကယောကျေးရွာအုပ်စုရှိ ဆူးပြောင်းကျေးရွာနှင့် အလယ်ကယန်းကျေးရွာ အုပ်စုရှိ ဆီးဘူးကျေးရွာတို့အတွက် မျိုးစပါးတင်း ၁၅၀၊ ဘိန်းအစားထိုးသီးနှံအတွက် ဆောင်ရာသီသီးနှံ စိုက်ပျိုးနိုင်ရန်အတွက် နေကြာမျိုးစေ့ ကီလို ၃၀၀ နှင့် ဓာတ်မြေဩဇာ ဧက ၁၀၀ အတွက် တစ်ဧက အိတ်တစ်ဝက်နှုန်းတို့ဖြင့် တာဝန်ရှိသူများက တောင်သူများထံ ပေးအပ်ခဲ့ကြသည်။

ထောက်ပံ့ပေးအပ်ပွဲအခမ်းအနားသို့ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူးနှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများ၊ ကျေးရွာအုပ်စုများမှ တောင်သူများ တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကိုထွေး**




## စံနမူနာရောင်းဝယ်ရေးသမဝါယမအသင်းလီမိတက် အရောင်းမြှင့်တင်ရေးဆိုင်ဖွင့်ပွဲကျင်းပ

**ရန်ကုန် စက်တင်ဘာ ၂၂**
ရန်ကုန်မြောက်ပိုင်းခရိုင် လှိုင်သာယာမြို့နယ် အမှတ် ၂၀ ရပ်ကွက် စံနမူနာ ရောင်းဝယ်ရေးသမဝါယမအသင်း လီမိတက် အရောင်းမြှင့်တင်ရေး ကုန်မျိုးစုံလက်လီလက်ကားအရောင်းဆိုင်ဖွင့်ပွဲကို စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီက ကျင်းပရာ မြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ဦးသန်းညွန့်နှင့် တိုင်းသမဝါယမအသင်းစုချုပ် ဒုတိယဥက္ကဋ္ဌ ဦးမြင့်သန်းတို့ တက်ရောက်ဖွင့်လှစ်ပေးခဲ့ကြောင်း သိရသည်။ **၃၂၉**

## ဂျပန်ဦးနှောက်ရောင်ရောဂါ အကြောင်းနှင့်လူကုန်ကူးမှု အန္တရာယ်အကြောင်း အသိပညာပေး

**ကမမောင်း စက်တင်ဘာ ၂၂**
ကရင်ပြည်နယ် ကမမောင်းမြို့ ရေပူကျေးရွာ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ)၌ ဂျပန်ဦးနှောက်ရောင်ရောဂါအကြောင်းနှင့် လူကုန်ကူးမှု အန္တရာယ်အကြောင်း အသိပညာပေးခြင်းကို စက်တင်ဘာ ၂၀ ရက် နံနက် ၁၀ နာရီခွဲက ကျင်းပသည်။

ရှေးဦးစွာ ကျောင်းသား၊ ကျောင်းသူများနှင့် ကျေးရွာနေ ဒေသခံပြည်သူများအား လူကုန်ကူးမှုအန္တရာယ် တိုက်ဖျက်ရေးဆိုင်ရာများ၊ မိုင်းအန္တရာယ် အသိပညာများအား ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးမှူး ဦးသော်တာလင်းသန့်က ဟောပြောပြီး နံရံကပ်စာစောင်များ၊ ဓာတ်ပုံများကို ရှင်းလင်းပြသပေးခြင်းနှင့် ပညာပေး လက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့သည်။

ဆက်လက်၍ ကျန်းမာရေးဦးစီးဌာနမှ ကျန်းမာရေးမှူး ဒေါ်တင်နီလာဝင်းနှင့် သူနာပြု/ သားဖွားဆရာမများက ဂျပန်ဦးနှောက်ရောင်ရောဂါ လက္ခဏာ၊ ရောဂါကူးစက်ခံရပုံများနှင့် ကာကွယ်တားဆီး နှိမ်နင်းခြင်းနည်းလမ်းများကို အသိပေးရှင်းလင်းကြရာ အသိပညာပေးပွဲသို့ ကျောင်းသား၊ ကျောင်းသူများ၊ ကျေးရွာနေ ဒေသခံပြည်သူ ၂၇၀ ခန့် တက်ရောက်ခဲ့ကြကြောင်း သိရသည်။ **ကမမောင်း(ပြန်/ဆက်)**

## ရဲတပ်ဖွဲ့နေ့ကိုကြိုဆိုဂုဏ်ပြု ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်

**ရန်ကုန် စက်တင်ဘာ ၂၂**
၅၂ နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရန်ကုန်အရှေ့ပိုင်းခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးမြင့်ထွေး၏ ကြီးကြပ်ဆောင်ရွက်မှု ဖြင့် သယ်န်းကျွန်းမြို့နယ် ရဲတပ်ဖွဲ့မှ ရဲမှူး သက်နိုင်ထွန်း ဦးစီးတပ်ဖွဲ့ဝင် ၅၀၊ ဒဂုံတောင်မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးမြင့်ဌေး ဦးစီးတပ်ဖွဲ့ဝင် ၂၅ ဦး၊ သာကေတ မြို့နယ်ရဲတပ်ဖွဲ့မှ ရဲမှူးဝင်းကျော် ဦးစီးတပ်ဖွဲ့ဝင် ၂၅ ဦးစုစုပေါင်းအင်အား ၁၀၀ တို့သည် သယ်န်းကျွန်း စံပြဆေးရုံကြီးမှ ဆေးရုံအုပ်ကြီး ဒေါက်တာ ညွန့်ညွန့်ဝေတို့နှင့်အတူ စက်တင်ဘာ ၁၈ ရက် နံနက် ၇ နာရီက သယ်န်းကျွန်းမြို့နယ် စံပြဆေးရုံဝင်း အတွင်းရှိ ချုံနွယ်များ၊ မြက်ပင်များ၊ အမှိုက်သရိုက်များအား ခုတ်ထွင်ရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့ ကြကြောင်း သိရသည်။ **၁၁၈**



## နတ်တလင်းမြို့နယ်၌ နယ်လှည့်မှုခင်းကျဆင်းရေးအသိပညာပေးဟောပြော

**နတ်တလင်း စက်တင်ဘာ ၂၂**
ပဲခူးတိုင်းဒေသကြီး ရဲတပ်ဖွဲ့မှ ဒုတိယရဲမှူးဇော်ထွန်း ဦးစီးသောအဖွဲ့၏ နယ်လှည့်မှုခင်းပြခန်းယာဉ်သည် နတ်တလင်းမြို့နယ် မီးသတ်စခန်းရှေ့၌ စက်တင်ဘာ ၂၀ ရက် နံနက် ၈နာရီက မြို့နယ်ရဲတပ်ဖွဲ့ရဲမှူး အောင်မိုး ဦးဆောင်သောတပ်ဖွဲ့ဝင်များ ဝိုင်းဝန်းကူညီဆောင်ရွက်၍ မှုခင်းသတင်းပြခန်းယာဉ်အားပြသခဲ့ရာ တိုင်းဒေသကြီး (၁) လွှတ်တော်ကိုယ်စားလှယ် ဦးမောင်မောင်ဦး၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇေဝဏ္ဏလှိုင်း၊ ဌာနဆိုင်ရာဝန်းထမ်းများ၊ NGO အဖွဲ့များနှင့် ဒေသခံပြည်သူများ စုစုပေါင်း ၇၀၀ ကျော် တက်ရောက်ကြသည်။

အဆိုပါမှုခင်းသတင်းပြသသောယာဉ်သည် နံနက် ၉ နာရီ ၂၅ မိနစ်တွင် အခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြသဟောပြောခဲ့ရာ မြို့နယ်ပညာရေးမှူး ဦးသန်းရိုန်၊ ကျောင်းအုပ်ဆရာကြီး ဦးတင်ရွှေ၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသား စုစုပေါင်း ၁၃၀၀ ကျော် ကြည့်ရှုနားထောင်ကြသည်။ ဆက်လက်၍ မြို့မအခြေခံပညာအထက်တန်းကျောင်းသို့ သွားရောက်ပြီး မှုခင်းပညာပေးပြသမှုပြုလုပ်ခဲ့ရာ ခေတ္တကျောင်းအုပ်ဆရာမကြီး ဒေါ်မာမာပြုံး၊ ဆရာ၊ ဆရာမများနှင့် ကျောင်းသူ၊ ကျောင်းသားများ စုစုပေါင်း ၁၅၈၀ ကြည့်ရှုနားထောင်ကြကြောင်း သိရသည်။ **ဝ၇၁**

## ကျောင်းသား၊ ကျောင်းသူများ ယာဉ်အန္တရာယ်ကင်းရှင်းရေး ကန်ကြီးထောင့်မြို့နယ်ရဲတပ်ဖွဲ့မှဆောင်ရွက်ပေး

**ကန်ကြီးထောင့် စက်တင်ဘာ ၂၂**
ဧရာဝတီတိုင်းဒေသကြီး ပုသိမ်ခရိုင် ကန်ကြီးထောင့်မြို့နယ်တွင်းရှိ အခြေခံပညာအထက်တန်းကျောင်း၊ အခြေခံပညာမူလတန်းကျောင်းနှင့် ကိုယ့်အားကိုယ်ကိုးမူလတန်းကြိုကျောင်းတို့မှ ကျောင်းသား၊ ကျောင်းသူလေးများ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ကန်ကြီးထောင့်မြို့နယ်ရဲတပ်ဖွဲ့မှ ဆောင်ရွက်ပေးလျက်ရှိရာ စက်တင်ဘာ ၂၀ ရက်က အမှတ် (၁) ရပ်ကွက်ရှိ အခြေခံပညာအထက်တန်းကျောင်းရှေ့၌ ယာဉ်အန္တရာယ်ကင်းရှင်းရေး ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ကန်ကြီးထောင့်မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူးမင်းဆွေ ဦးဆောင်သော မြို့နယ်ယာဉ်ထိန်းရဲတပ်ဖွဲ့ဝင်များနှင့် မြို့နယ်မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းကာ ယာဉ်အန္တရာယ်ကင်းရှင်းရေးအတွက် ကျောင်းတက် ကျောင်းဆင်းချိန်များတွင် ကျောင်းသား၊ ကျောင်းသူလေးများအား လမ်းကူးပေးခြင်း၊ ယာဉ်ကြောရှင်းလင်းပေးခြင်းတို့ကို ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့် မှုခင်းအသိပညာပေးဟောပြောပွဲများကိုလည်း မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများတွင် တစ်လတစ်ကြိမ်ဆောင်ရွက်ပေးလျက်ရှိသလို တရားဥပဒေစိုးမိုးရေး၊ နယ်မြေအေးချမ်းသာယာရေးနှင့် မှုခင်းများ လျော့နည်းကျဆင်းရေးတို့အတွက် ညအချိန်လှည့်ကင်းများဖြင့် စောင့်ကြပ်ကြည့်ရှု စစ်ဆေးခြင်းများကိုလည်း ဆောင်ရွက်ပေးလျက်ရှိကြောင်း မြို့နယ်ရဲတပ်ဖွဲ့မှ ဒုရဲမှူးမင်းဆွေက ပြောသည်။

ဆက်လက်၍ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ဌာနဆိုင်ရာများ ပူးပေါင်းအဖွဲ့မှ ရွှေဘိုတန်းလမ်းမနှင့် ဘုရားပတ်လမ်းဆုံတို့၌ မော်တော်ဆိုင်ကယ် စီးနင်းသူပြည်သူများအပါအဝင် ဌာနဆိုင်ရာဝန်ထမ်းများကိုလည်း ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းနှင့်ညီညွတ်မှု ရှိ-မရှိစစ်ဆေးခြင်း၊ စည်းကမ်းနှင့်မညီညွတ်သော ယာဉ်များအားကြပ်မတ်အရေးယူခြင်းတို့ ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **နန်းထိုက် (ပြန်/ဆက်)**

## အီတလီစီးရီးအေရာင်ခုန်သံ-၆

# ဖီအိုရင်တီးနားကိုအနိုင်ရဖို့ခက်တဲ့အေစီမီလန်

ရှိုး
မင်း
မင်း

အီတလီစီးရီးအေပွဲစဉ်-၆ ကိုလာမယ့် စက်တင်ဘာ ၂၄၊ ၂၅၊ ၂၆၊ ၂၇ နေ့တွေမှာကျင်းပသွားဖို့ရှိနေပါတယ်။ ဒီပွဲစဉ်မှာ ဖီအိုရင်တီးနားနဲ့ အေစီမီလန်တို့ဆုံတွေ့နေတာကြောင့်အေစီမီလန်အနေနဲ့ နိုင်ပွဲရယူနိုင်မလားဆိုတာကိုစောင့်ကြည့်သွားရဖို့ရှိနေကာ ဂျူဗင်တပ်ကတော့နိုင်ပွဲရယူသွားနိုင်ပါတယ်။

| ထိပ်တန်းဂိုးသွင်းရှင်များ | |
|---|---|
| ဘက်ကာ(အေစီမီလန်) | - ၅ ဂိုး |
| ကယ်လီဂွန်(နာပိုလီ) | - ၅ ဂိုး |
| ဘာလော့တီ(တိုရီနို) | - ၄ ဂိုး |
| အစ်ကာဒီ(အင်တာမီလန်) | - ၄ ဂိုး |
| ဘိုရီလို(ကာဂလီယာရီ) | - ၄ ဂိုး |
| မီလစ်(နာပိုလီ) | - ၄ ဂိုး |
| ဖရန့်ခ်ကတ်ဆီ | - ၄ ဂိုး |



### အီတလီစီးရီးအသင်းများ ရပ်တည်မှု အမှတ်ပေးဇယား

| စဉ် | အသင်း | ပွဲ | နိုင် | သရေ | ရှုံး | ရဂိုး | ပေးဂိုး | ဂိုးကွာ | ရမှတ် |
|---|---|---|---|---|---|---|---|---|---|
| ၁ | နာပိုလီ | ၄ | ၃ | ၁ | ၀ | ၁၂ | ၅ | ၇ | ၁၀ |
| ၂ | ဂျူဗင်တပ် | ၄ | ၃ | ၀ | ၁ | ၇ | ၄ | ၃ | ၉ |
| ၃ | အေစီမီလန် | ၅ | ၃ | ၀ | ၂ | ၈ | ၇ | ၁ | ၉ |
| ၄ | ရိုးမား | ၄ | ၂ | ၁ | ၁ | ၉ | ၅ | ၄ | ၇ |
| ၅ | ချီယေဗို | ၄ | ၂ | ၁ | ၁ | ၅ | ၃ | ၂ | ၇ |
| ၆ | အင်တာမီလန် | ၄ | ၂ | ၁ | ၁ | ၅ | ၅ | ၀ | ၇ |
| ၇ | လာဇီယို | ၅ | ၂ | ၁ | ၂ | ၈ | ၇ | ၁ | ၇ |
| ၈ | ဂျီနိုအာ | ၃ | ၂ | ၀ | ၁ | ၆ | ၄ | ၂ | ၆ |
| ၉ | ဖီအိုရင်တီးနား | ၃ | ၂ | ၀ | ၁ | ၃ | ၂ | ၁ | ၆ |
| ၁၀ | ဆမ်ဒိုးရီးယား | ၄ | ၂ | ၀ | ၂ | ၅ | ၅ | ၀ | ၆ |
| ၁၁ | ဆာစူအိုလို | ၄ | ၂ | ၀ | ၂ | ၄ | ၆ | -၂ | ၆ |
| ၁၂ | အူဒီးနီးစ် | ၄ | ၂ | ၀ | ၂ | ၄ | ၆ | -၂ | ၆ |
| ၁၃ | ဘိုလော့နာ | ၄ | ၂ | ၀ | ၂ | ၅ | ၉ | -၄ | ၆ |
| ၁၄ | တိုရီနို | ၄ | ၁ | ၁ | ၂ | ၈ | ၆ | ၂ | ၄ |
| ၁၅ | ကယ်ဂလီယာရီ | ၄ | ၁ | ၁ | ၂ | ၇ | ၇ | ၀ | ၄ |
| ၁၆ | ပက်စ်ကာရာ | ၄ | ၁ | ၁ | ၂ | ၆ | ၇ | -၁ | ၄ |
| ၁၇ | အမ်ပိုလီ | ၄ | ၁ | ၁ | ၂ | ၂ | ၄ | -၂ | ၄ |
| ၁၈ | အတ္တလန္တာ | ၄ | ၁ | ၀ | ၃ | ၆ | ၁၀ | -၄ | ၃ |
| ၁၉ | ပါလာမို | ၄ | ၀ | ၂ | ၂ | ၂ | ၆ | -၄ | ၂ |
| ၂၀ | ခရိုတိုနီ | ၄ | ၀ | ၁ | ၃ | ၃ | ၇ | -၄ | ၁ |

### ပါလာမို - ဂျူဗင်တပ်
**ည ၁၀း၃၀ (၂၄-၉-၁၆)**

ဂျူဗင်တပ်က အင်တာမီလန်ကိုရှုံးနိမ့်ခဲ့ရတာကြောင့် နိုင်ပွဲပြန် လည်ရယူနိုင်ဖို့ အားစိုက် ကစားလာမှာသေချာနေပါတယ်။ ဂျူဗင်တပ် အနေနဲ့ ပွဲဆက်တွေများနေသလို ဒီပွဲစဉ်အပြီးမှာလည်း ချန်ပီယံလိဂ်ကစားရဖို့ ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့တော့ ခက်ခဲနိုင်ပါတယ်။ ဒါပေမယ့်လည်းပါလာမိုက ခြေ စွမ်းပိုင်းအားနည်းမှုတွေများနေပါတယ်။ ဒါကြောင့်လည်း အဝေးကွင်းမှာကစားရမှာဖြစ်ပေမယ့် ဂျူဗင်တပ်တို့ အခွင့်အရေးရနိုင်ကာ နိုင်ပွဲလည်းပြန်ရနိုင်ပါတယ်။

### တိုရီနို - ရိုးမား
**ညနေ ၅း၀၀ (၂၅-၉-၁၆)**

ရိုးမားကဒီပွဲအပြီးမှာ ယူရိုပါလိဂ်ကစားရဖို့ ရှိနေပါတယ်။ ဒါကြောင့် လည်းပွဲဆက်တွေများနေသလိုခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနိုင်ပါတယ်။ ဒါ့အပြင် အဝေးကွင်းလည်းဖြစ်နေပါတယ်။ ဒါပေမယ့် တိုရီနိုရဲ့ခြေ စွမ်းပိုင်းကလည်း အားနည်းမှုတွေရှိနေပါတယ်။ ဒါကြောင့် တိုရီနိုတို့အိမ်ကွင်းအားနဲ့ဖိအားပေးကစားလာမှာဖြစ်ပေမယ့်လည်း ရိုးမားကိုတော့ အသာရဖို့ခက်မယ်။ ပွဲဆက်တွေများနေပေမယ့် ခြေစွမ်းပိုင်း ပိုမိုကောင်းမွန်နေတဲ့ ရိုးမားတို့ ကပ်နိုင်ခြေရှိတယ်။

### အင်တာ - ဘလော့နာ
**ည ၇း၃၀ (၂၅-၉-၁၆)**

အင်တာမီလန်က နောက်ဆုံးကစားခဲ့တဲ့ပွဲမှာ ဂျူဗင်တပ်ကိုအနိုင်ရယူနိုင်ခဲ့သလို ခြေစွမ်းပိုင်းလည်းကောင်းမွန်မှုရှိခဲ့ပါတယ်။ ဒီပွဲ စဉ်မှာလည်း အိမ်ကွင်းဖြစ်တာကြောင့် နိုင်ပွဲရယူနိုင်ဖို့အားစိုက်လာမှာသေချာနေပါတယ်။ ဒါပေမယ့်လည်း ဒီပွဲအပြီးမှာအင်တာအနေနဲ့ ယူရိုပါလိဂ်ကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့တော့ခက်ခဲနိုင်ပါတယ်။ ဘလော့နာကလည်း အသင်းလိုက်အားနဲ့တုံ့ပြန်ကစားလာမှာဖြစ်တာကြောင့် အင်တာနိုင်ရင်တောင် ဂိုးမပြတ်ဘူး။

### ဆာစူအိုလို - အူဒီးနီးစ်
**ည ၇း၃၀ (၂၅-၉-၁၆)**

နှစ်သင်းစလုံးရဲ့ခြေစွမ်းပိုင်းက ကွာဟမှုသိပ်မရှိကြပါဘူး။ ဒါကြောင့်လည်း အကြိတ်အနယ်ရှိနိုင်ပါတယ်။ အထူးသဖြင့် ဆာစူအိုလိုက အိမ်ကွင်းပွဲစဉ်တွေမှာ ရှန်းအားကောင်းမွန်မှုရှိတာကြောင့် ဒီပွဲစဉ်မှာလည်း နိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာမှာသေချာနေပါ တယ်။ ဒါပေမယ့်လည်း ဆာစူအိုလိုက ဒီပွဲစဉ်အပြီးမှာ ယူရိုပါလိဂ်ရှိနေတာကြောင့်ခြေကုန် ထုတ်နိုင်ဖို့တော့ခက်ခဲနိုင်ပြီး အူဒီးနီးစ်ရဲ့တုန့် ပြန်ကစားကြောင့် သရေလောက်ပဲကစားနိုင်မယ်။

### ခရိုတိုနီ - အတ္တလန္တာ
**ည ၁၁း၃၀ (၂၆-၉-၁၆)**

အတ္တလန္တာရဲ့ခြေစွမ်းပိုင်းအားနည်းမှုတွေများနေပါတယ်။ ဒါ ကြောင့်လည်း ခရိုတိုနီကိုဖိအားပေးနိုင်ဖို့အခက်တွေ့နိုင်တယ်။ အ ထူးသဖြင့် အတ္တလန္တာဟာ အဝေးကွင်းပွဲတွေမှာဆိုရင်ခြေစွမ်းပိုင်းပို မိုအားနည်းမှုရှိတတ်ပါတယ်။ တန်းတက်ခရိုတိုနီကတော့ ခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေပေမယ့် အိမ်ကွင်းအားနဲ့ခံကစားလာမှာသေ ချာနေပါတယ်။ ဒါကြောင့်လည်း အတ္တလန္တာတို့ပိုမိုအခက်တွေ့နိုင်ကာ သရေလောက်ပဲကစားနိုင်မယ်။

### နာပိုလီ - ချီယေဗို
**နံနက် ၁း၁၅ (၂၅-၉-၁၆)**

နာပိုလီက ချန်ပီယံလိဂ်ကစားရဖို့ရှိနေတာကြောင့် ခြေကုန်ထုတ်နိုင်ဖို့ခက်ခဲနိုင်သလို ပွဲဆက်တွေလည်းများနေပေမယ့် ခြေစွမ်းပိုင်းက အကောင်းဆုံးပုံစံမှာရှိနေပါတယ်။ ဒါ့အပြင် အိမ်ကွင်းလည်းဖြစ်နေတာကြောင့် ရလဒ်ကောင်းဖို့ အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါကြောင့်လည်း ချီယေဗိုတို့ခြေစွမ်းပိုင်းကကောင်းမွန်မှုရှိနေ တယ်ဆိုပေမယ့်လည်း နာပိုလီရဲ့ ဖိအားပေးမှုကိုခံရနိုင်ပါတယ်။ နာပိုလီတို့ဂိုးမပြတ်နိုင်ပေမယ့် နိုင်ပွဲရသွားနိုင်ပါတယ်။

### ဂျီနိုအာ - ပက်စ်ကာရာ
**ည ၇း၃၀ (၂၅-၉-၁၆)**

ပက်စ်ကာရာရဲ့ခြေစွမ်းပိုင်းကအခုနောက်ပိုင်းမှာ ပြန်လည်ကျ ဆင်းနေပါတယ်။ အထူးသဖြင့် ခံစစ်ပိုင်းကစားပုံအားနည်းမှုတွေရှိလာတာကြောင့် ရလဒ်တွေဆိုးနေပါတယ်။ ဂျီနိုအာကတော့ ခြေစွမ်းပိုင်းအရသာမန်သာရှိပေမယ့်လည်း အိမ်ကွင်းအားနဲ့ဖိအားပေးကစားလာမှာသေချာနေပါတယ်။ ဒါကြောင့်လည်း ဒီပွဲမှာလည်းပက်စ်ကာ ရာတို့ရလဒ်ကောင်းဖို့ခက်ခဲနိုင်ပါတယ်။ အိမ်ကွင်းအားနဲ့ နိုင်ပွဲရအောင် အားစိုက်လာမယ့် ဂျီနိုအာပဲ အနိုင်ရနိုင်ပါတယ်။

### လာဇီယို - အမ်ပိုလီ
**ည ၇း၃၀ (၂၅-၉-၁၆)**

လာဇီယိုက အခုနောက်ပိုင်းမှာခြေစွမ်းပိုင်းပြန်လည်ကောင်းမွန်လာပါတယ်။ ဒီပွဲစဉ်ကလည်း အိမ်ကွင်းဖြစ်နေတာကြောင့်လာဇီယိုတို့ နိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒီပွဲအပြီးမှာ ဥရောပပွဲလည်း မရှိတာကြောင့် လာဇီယိုတို့ခြေကုန်ထုတ်ကစားလာနိုင်ပါတယ်။ အမ်ပိုလီကလည်းခြေစွမ်းပိုင်းအားနည်းမှုတွေရှိနေတာကြောင့် လာဇီယိုပဲ အနိုင်ရမယ်။

### ဖီအိုရင်တီးနား - အေစီမီလန်
**နံနက် ၁း၁၅ (၂၆-၉-၁၆)**

အေစီမီလန်က နိုင်ပွဲအချို့ပြန်လည်ရယူထားနိုင်တယ်ဆိုပေမယ့် ခြေစွမ်းပိုင်းကတော့ အားနည်းမှုတွေရှိနေဆဲဖြစ်ပါတယ်။ အထူးသဖြင့် တိုက်စစ်ပိုင်းက အားနည်းမှုတွေရှိနေတာကြောင့် ဖီအိုရင်တီးနားကို ဖိအားပေးနိုင်ဖို့ ခက်ခဲနိုင်ပါတယ်။ ဖီအိုရင်တီးနားကတော့ ခြေစွမ်းပိုင်းအရ အေစီမီလန်ထက်ပိုမိုကောင်းမွန်နေသလို အိမ်ကွင်းလည်းဖြစ် နေတယ်။ ဖီအိုရင်တီးနားတို့ ယူရိုပါလိဂ်ကစားရဖို့ရှိနေပေမယ့်လည်း အိမ်ကွင်းနိုင်ပွဲရသွားမှာသေချာနေပါတယ်။

### ကယ်ဂလီယာ -ဆမ်ဒိုးရီးယား
**နံနက် ၁း၃၀ (၂၇-၉-၁၆)**

ကယ်ဂလီယာရီဟာ အိမ်ကွင်းမှာကစားရမှာဖြစ်ပေမယ့်လည်း ခြေစွမ်းပိုင်းအရအားနည်းမှုတွေရှိနေပါတယ်။ ဆမ်ဒိုးရီးယားကတော့ အခုနောက်ပိုင်းပွဲတွေမှာ ရလဒ်ပိုင်းအရဆိုးရွားနေတာကြောင့် နိုင်ပွဲရယူနိုင်ဖို့အားစိုက်ကစားလာမှာသေချာနေပါတယ်။ ဒါကြောင့်လည်း ကယ်ဂလီယာရီတို့အိမ်ကွင်းဖြစ်ပေမယ့် ကစားရပိုမိုခက်ခဲနိုင်ပါတယ်။ ကယ်ဂလီယာရီတို့ အမြင့်ဆုံးသရေလောက်ပဲကစားနိုင်မယ်။

## အတ္တလန္တာကွင်းလယ်ကစားသမား ဖရန့်ခ်ကတ်ဆီအား ပရီမီယာလိဂ်အသင်းများက ခေါ်ယူရန်ပစ်မှတ်ထားနေ

ပရီမီယာလိဂ်၏ ထိပ်တန်းအဆင့်ရှိအသင်းများဖြစ်ကြသည့် အာဆင်နယ်အသင်း၊ ချယ်လ်ဆီးအသင်း၊ မန်စီးတီးအသင်းနှင့် မန်ယူအသင်းတို့သည် အီတလီစီးရီးအေကလပ် အတ္တလန္တာအသင်းမှ ကွင်းလယ်ကစားသမား ဖရန့်ခ်ကတ်ဆီအား ခေါ်ယူရန်ပစ်မှတ်ထားလျက်ရှိကြောင်းသိရသည်။

အိုင်ဗရီကို့စ်ကြယ်ပွင့် ကွင်းလယ်ကစားသမားဖရန့်ခ်ကတ်ဆီသည် ယခုနှစ်စီးရီးအေရာသီတွင် လေးပွဲကစား ပေးခဲ့ရာ လေးဂိုးအထိသွင်းယူပေးနိုင်ခဲ့ခြင်းကြောင့် ဥရောပ၏ ထိပ်တန်းအဆင့်အသင်းတော်တော်များ၏ စိတ်ဝင်စားမှုခံထားရသူဖြစ်သည်။

လက်ရှိတွင် ပရီမီယာလိဂ်ကလပ်အသင်းလေးသင်းက ခေါ်ယူရန် စိတ်ဝင်စားကြောင်း ထုတ်ဖော်ပြောကြား ထားသော်လည်း အတ္တလန္တာအသင်းကမူ အသက်(၁၉)နှစ်အရွယ်ရှိ လူငယ်ကွင်းလယ်ကစားသမား ဖရန့်ခ်ကတ်ဆီအား အသင်းတွင် ဆက်ထိန်းထားရန်မျှော်လင့်ထားကြောင်းသိရသည်။

ဖရန့်ခ်ကတ်ဆီအား ခေါ်ယူရန်အတွက် ပရီမီယာလိဂ်ကလပ်အသင်းလေးသင်းအပြင် အီတလီကလပ်အသင်း များဖြစ်ကြသည့် ဂျူဗင်တပ်အသင်းနှင့် နာပိုလီအသင်းတို့ကလည်း စိတ်ဝင်စားလျက်ရှိပြီး လာမည့်ဇန်နဝါရီအပြောင်းအရွှေ့ကာလတွင် အပြိုင်ခေါ်ယူမည်ဆိုသည့်သတင်းများထွက်ပေါ်နေသည်။

ဖရန့်ခ်ကတ်ဆီသည် ပြီးခဲ့သည့်နွေရာသီအပြောင်းအရွှေ့ကာလအတွင်းက ဆန်းဒါးလန်းအသင်း၏ ခေါ်ယူရန် ကမ်းလှမ်းလာမှုကို လက်ခံရရှိခဲ့သော်လည်း အလုပ်ပါမစ်မရရှိခဲ့ခြင်းကြောင့် ဆန်းဒါးလန်း၏ ကမ်းလှမ်းမှုမှာ ပျက်ပြယ်ခဲ့ရသည်။

သို့ရာတွင် လက်ရှိအနေအထားအရ လူငယ်ကစားသမားတစ်ဦးပီပီ ခြေစွမ်းကောင်းမွန်လျက်ရှိခြင်းကြောင့် အသင်းအတော်များများ၏ စောင့်ကြည့်ခြင်းကိုခံထားရပြီး လာမည့်အပြောင်းအရွှေ့ကာလတွင် မည်သည့်အသင်းသို့ ရောက်ရှိမည်လည်းဆိုတာ စိတ်ဝင်စားစရာကောင်းနေခဲ့သည်။

(ငွေကြယ်)

*နိုင်ငံတော်တည်ဆောက်ရာတွင် နိုင်ငံတော်အချုပ်အခြာအာဏာ၏ ခက်မသုံးဖြာဖြစ်သည့် ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဟူသည့် မဏ္ဍိုင်ကြီး သုံးရပ်ဖြင့် အချင်းချင်း အပြန်အလှန်ထိန်းကျောင်းဆောင်ရွက်သည်ဟု ဆိုထားရာ ဥပဒေဆိုင်ရာ အကြောင်းအရာများကို ပြည်သူများ သိရှိလေ့လာနိုင်ရန် စာရေးသူ မောင်စာဂ၏ ဥပဒေနှင့် စပ်ဆိုင်သောဆောင်းပါးများကို အပတ်စဉ် (သောကြာနေ့)တိုင်း ဖော်ပြပေးသွားပါမည်။ ဆောင်းပါးတွင် ပါရှိသည့် အကြောင်းအရာများသည် စာရေးသူအာဘော်သာ ဖြစ်ပါသည်။*

*(စာတည်းအဖွဲ့)*

# တရားခွင်နှင့်ရှေ့နေ (Bench and Bar)

**a**မောင်စာဂ

**ဂုဏ်ယူဝင့်ကြွားဖွယ်ရာ**

တရားခွင်ကို (Bench) ဟုခေါ်ပြီး ရှေ့နေကို (Bar) ဟူ၍ ခေါ်ဆိုကာ တရားခွင်နှင့်ရှေ့နေ (Bench and Bar)၊ ရှေ့နေနှင့်တရားခွင် (Bar and Bench) ဟူ၍ ဂုဏ်ယူဝင့်ကြွားစွာ ပြောဆိုနေကြသည်။ တရားခွင်နှင့်ရှေ့နေသည် အမြဲယှဉ်တွဲလျက်ရှိသည်။ တရားခွင်ရှိလျှင် ရှေ့နေရှိရသည်။ ရှေ့နေသည် တရားခွင်ကို အမှီသဟဲပြုလျက်ရှိသည်။ အပြန်အလှန် ရိုသေလေးစားမှု ရှိကြရသည်။ အပြန်အလှန် တန်ဖိုးထားကြရမည်။ အပြန်အလှန် နားလည်မှုရှိကြရမည်။ သို့မှသာ ဂုဏ်ယူဝင့်ကြွားဖွယ်ရာ ဖြစ်နေပေလိမ့်မည်။

**တရားဥပဒေစိုးမိုးရာနေရာ**

တရားခွင်သည် သန့်ရှင်းသောနေရာ၊ တရားသောနေရာ၊ မျှတသောနေရာ၊ မှန်ကန်သောနေရာ၊ အားကိုးအားထားထိုက်သောနေရာဖြစ်သည်။ ထို့ကြောင့် တရားဥပဒေစိုးမိုးရာနေရာများတွင် ထိပ်ဆုံးကရှိသောနေရာဟုဆိုချင်သည်။ အဘယ်ကြောင့်နည်း။ မြန်မာတို့၏ ဆိုရိုးစကား တစ်ခုရှိသည်။ "အသက်တစ်ရာမနေရ၊ အမှုတစ်ရာတွေ့ရတဲ့"။ ပြည်သူတွေ ဖြစ်ပွားလာကြသော၊ ပြည်သူတွေတွေ့လာကြရသော၊ ပြည်သူတွေ ကြုံလာကြရသော မှုခင်းကိစ္စအဝဝကို တရားခွင်တွင် ဖြေရှင်း ဆောင်ရွက်ကြရသည်။ ပြည်သူတွေက တရားခွင်ကို အားကိုးအားထားထိုက်ပြုကြရသည်။ တရားခွင်က သန့်ရှင်းသော ဆုံးဖြတ်ချက်၊ တရားသော ဆုံးဖြတ်ချက်၊ မျှတသော ဆုံးဖြတ်ချက်၊ မှန်ကန်သော ဆုံးဖြတ်ချက်တို့ကို ချမှတ်ပေးရသည်။ ထို့ကြောင့် တရားဥပဒေစိုးမိုးရာ နေရာများတွင် ထိပ်ဆုံးကရှိသောနေရာဖြစ်သည်ဟု ဆိုလိုက်ရခြင်းဖြစ်သည်။

**ညစ်နွမ်းသောနေရာမဖြစ်သွားစေလို**

သန့်ရှင်းသောနေရာတစ်ခု သို့မဟုတ် တရားဥပဒေစိုးမိုးရာနေရာတစ်ခုဖြစ်သည့် တရားခွင်ကို သန့်ရှင်းသောနေရာတစ်ခုအသွင် သို့မဟုတ် တရားဥပဒေစိုးမိုးရာနေရာတစ်ခု အသွင်ဖြင့်သာ ရှိနေစေချင်သည်။ ဖြစ်နေစေချင်သည်။ ပြည်သူတွေ အမှန်တကယ် အားကိုးထိုက်သောနေရာမျိုးသာ ဖြစ်စေချင်သည်။ မြင်တွေ့လိုချင်သည်။ သန့်ရှင်းသော၊ တရားဥပဒေစိုးမိုးရာဖြစ်သော၊ တရားခွင်နေရာတွင် ဩဇာအာဏာလွှမ်းမိုးမှုတွေ ရှိလာသည့်အခါ၊ အဂတိလိုက်စားမှုတွေ ထူပြောနေသည့်အခါ၊ အမှုပွဲစားတွေ ဝန်းရံနေသည့်အခါ၊ ဘက်လိုက်မှုတွေ၊ ခွဲခြားမှုတွေ၊ မသမာမှုတွေ၊ မမျှတမှုတွေ၊ မမှန်ကန်မှုတွေ၊ မတရားမှုတွေ ဖြစ်ထွန်းပေါ်ပေါက်လာသည့်အခါ သန့်ရှင်းသောနေရာ၊ တရားဥပဒေစိုးမိုးရာနေရာမဟုတ်တော့ဘဲ ညစ်နွမ်းသောနေရာအဖြစ်သို့ ရောက်ရှိသွားပေတော့မည်။ ပြည်သူတွေ အားကိုးအားထားပြုထိုက်သော နေရာမဟုတ်တော့ဘဲ ပြည်သူတွေမလိုလားသော နေရာအဖြစ်သို့ ရောက်ရှိသွားပေတော့မည်။ ဤသို့ မဖြစ်ပွားစေခြင်းအလို့ငှာ တရားခွင်နှင့်ရှေ့နေ (Bench and Bar) ဟု ခေါ်ဆိုဝင့်ကြွားထိုက်သည့် တရားခွင်ပညာရှိ တရားသူကြီးများနှင့် ပညာရှိရှေ့နေကြီးများ၏ အခန်းကဏ္ဍသည် အဓိကကျပေလိမ့်မည်။ အဓိကတာဝန်ရှိကြပေလိမ့်မည်ဟု ယုံကြည်နေမိသည်။ ပညာရှိရှေ့နေကြီးများဟု ဆိုရာတွင် ပညာရှိ အစိုးရရှေ့နေကြီးများဖြစ်ကြသော ဥပဒေအရာရှိများအပါအဝင် ဖြစ်ပါလိမ့်မည်။ အားလုံးပူးပေါင်းပါဝင်ဆောင်ရွက်ကြရပေလိမ့်မည်။

**တရားစီရင်ထုံးများက ပြောပြနေသော Bench and Bar**

တရားခွင်နှင့်ရှေ့နေ (Bench and Bar) တို့ မည်သို့သော ပုံစံလက္ခဏာများနှင့် ရပ်တည်နေပါသနည်း။မည်သို့သောအသွင်အပြင်ဆောင်နေပါသနည်း။ မည်သို့သော ဟန်ပန် ပုံသဏ္ဌာန်ရှိနေပါသနည်း။ ဤအမေးတို့ကို တရားစီရင်ထုံးများက ညွှန်ပြပြောဆိုနေသည်။ ခေတ်အဆက်ဆက် တရားရုံးစီရင်ထုံးများကို လေ့လာခြင်းအားဖြင့် သိရှိနိုင်ပေသည်။ ဤနေရာတွင် ၁၉၇၁/၇၂ ခုနှစ် မတိုင်မီကာလနှင့် ၁၉၇၁/၇၂ ခုနှစ် နောက်ပိုင်းကာလဟူ၍ အပိုင်းနှစ်ပိုင်းခွဲခြား၍ လေ့လာသင့်ကြပေသည်။

**၁၉၇၁ /၇၂ ခုနှစ် မတိုင်မီကာလ**

ယင်းကာလများ၏စီရင်ထုံးများကို လေ့လာကြည့်သည့်အခါ "မူလရုံးပညာရှိ တရားသူကြီးက" ဟူ၍လည်းကောင်း၊ "ပညာရှိခရိုင်ရာဇဝတ်တရားသူကြီးက" ဟူ၍လည်းကောင်း၊ "အယူခံရုံး ပညာရှိစက်ရှင်တရားသူကြီးက" ဟူ၍လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် ဆုံးဖြတ်ခဲ့သော စီရင်ထုံးများတွင်လည်း "The Learned District Judge" ဟူ၍ လည်းကောင်း၊ "The Learned Devisional Judge" ဟူ၍လည်းကောင်း၊ "The Learned Session Judge" ဟူ၍ လည်းကောင်း သုံးနှုန်းဖော်ပြပြီး အမြင့်ဆုံးတရားရုံးများက စီရင်ဆုံးဖြတ်ခဲ့ကြသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် အမြင့်ဆုံးတရားသူကြီးများက မိမိလက်အောက်ခံ တရားသူကြီးများအပေါ် လေးလေးစားစားရှုမြင်ခဲ့ကြသည်ကို တွေ့ရပေမည်။

ရှေ့နေကြီးများနှင့်ပတ်သက်၍ "ပညာရှိအယူခံတရားလို၏ရှေ့နေကြီး" ဟူ၍လည်းကောင်း၊ "ပညာရှိအယူခံတရားခံ၏ရှေ့နေကြီး" ဟူ၍လည်းကောင်း၊ အင်္ဂလိပ်ဘာသာဖြင့် ဆုံးဖြတ်ခဲ့သော စီရင်ထုံးများတွင်လည်း "Learned Advocate for the appellants" ဟူ၍ လည်းကောင်း၊ "Learned Advocate for the respondent" ဟူ၍လည်းကောင်း၊ "The Learned Counsel for the appellant" ဟူ၍လည်းကောင်း၊ "The Learned Advocate for the applicants" ဟူ၍လည်းကောင်း သုံးနှုန်းဖော်ပြပြီး အမြင့်ဆုံးတရားရုံးများက စီရင်ဆုံးဖြတ်ခဲ့ကြသည်။ ဤသည်ကိုကြည့်ခြင်းအားဖြင့် တရားခွင်သည် ရှေ့နေကြီးများအပေါ် လေးလေးစားစားရှုမြင်ခဲ့ကြသည်ကို တွေ့ရပေသည်။

အစိုးရရှေ့နေကြီးများနှင့်ပတ်သက်၍ "ပညာရှိအစိုးရရှေ့နေကြီး" ဟူ၍လည်းကောင်း၊ "ပညာရှိအစိုးရတရားရုံးချုပ်ရှေ့နေကြီး"ဟူ၍လည်းကောင်း အင်္ဂလိပ်ဘာသာဖြင့် ဆုံးဖြတ်ခဲ့သော စီရင်ထုံးများတွင်လည်း "The Learned Government Advocate" ဟူ၍လည်းကောင်း၊ "The Learned Attorney – General" ဟူ၍လည်းကောင်း၊ "The Learned Assistant Attorney – General" ဟူ၍လည်းကောင်း သုံးနှုန်းဖော်ပြကာ အမြင့်ဆုံးတရားရုံးများက စီရင်ဆုံးဖြတ်ခဲ့ကြသည်။ ဤသည်ကို ကြည့်ခြင်းအားဖြင့် တရားခွင်က အစိုးရရှေ့နေကြီးများအပေါ် လေးလေးစားစား ရှုမြင်ခဲ့ကြသည်ကို တွေ့ရပေသည်။

ဖော်ပြပါအတိုင်း စီရင်ဆုံးဖြတ်ခဲ့ကြောင်း ၁၉၆၆ ခုနှစ် စီရင်ထုံးအချို့ကို သာဓကအားဖြင့် ကောက်နုတ်ဖော်ပြပါမည်။

ဦးပုဂံပါ ၂ နှင့် ဦးလှမောင်ပါ ၂ (၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ- ၁၂၉၃) စီရင်ထုံးတွင် "ပညာရှိနယ်ပိုင်တရားမ တရားသူကြီးသည်" ဟူ၍လည်းကောင်း၊ "အယူခံ တရားလို၏ ပညာရှိရှေ့နေကြီး ဦးဘိုးသာက" ဟူ၍လည်းကောင်း၊ "အယူခံတရားခံတို့၏ ပညာရှိ ရှေ့နေကြီးဦးအောင်ရှိန်ဝန်းက" ဟူ၍လည်းကောင်း ခေါ်ဆိုသုံးနှုန်းခဲ့သည်။

ဦးမောင်ကလေးပါ (၄) နှင့် ဒေါ်စိန်နု(ခ) ဒေါ်နု (၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ-၁၃၀၉) စီရင်ထုံးတွင် "အောက်ရုံးပညာရှိတရားသူကြီး" ဟူ၍လည်းကောင်း၊ "နှစ်ဖက်သော ပညာရှိရှေ့နေကြီးများ" ဟူ၍လည်းကောင်း ခေါ်ဆိုသုံးစွဲခဲ့သည်။

မစ္စက်ဘာရာဝါဂျာကုမ္ပဏီနှင့် တွဲဖက်အမြတ်ခွန်မင်းကြီးရန်ကုန် (၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးစာ- ၉၆၉) စီရင်ထုံးတွင် "သုခမိန်ကြီးဦးချန်ထွန်းအောင်က" ဟူ၍လည်းကောင်း၊"ပညာရှိလက်ထောက် နိုင်ငံတော်ရှေ့နေချုပ် ဦးဘကျော်က" ဟူ၍လည်းကောင်း ခေါ်ဆိုသုံးနှုန်းခဲ့သည်။

ပြည်ထောင်စုမြန်မာနိုင်ငံနှင့်မောင်ထွန်းမြင့် (၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံး စာ- ၉၁၅) စီရင်ထုံးတွင် "ပညာရှိစက်ရှင်တရားသူကြီးက" ဟူ၍လည်းကောင်း၊ "ပညာရှိ အစိုးရ ရှေ့နေကြီး ဦးတိုးမောင်က" ဟူ၍လည်းကောင်း ခေါ်ဆိုသုံးနှုန်းခဲ့သည်။

ဦးအေးစိန်ပါ ၂ နှင့် ဦးနေဝင်း (၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံတရားစီရင်ထုံးစာ- ၈၈၂) စီရင်ထုံးတွင် "လျှောက်ထားသူများ၏ ပညာရှိရှေ့နေကြီး မစ္စတာအင်(န်)ဆင်းက" ဟူ၍လည်းကောင်း၊ "လျှောက်ထားခံရသူ၏ ပညာရှိရှေ့နေကြီး ဦးမောင်မောင်ခင်က" ဟူ၍လည်းကောင်း၊ "ပညာရှိ ခရိုင်တရားမ တရားသူကြီးက" ဟူ၍လည်းကောင်း ခေါ်ဆိုသုံးနှုန်းခဲ့သည်။

ဦးဘမောင်နှင့်မောင်စိန်ရပါ ၂ (၁၉၆၆ ခုနှစ်၊ မြန်မာနိုင်ငံ တရားစီရင်ထုံးစာ- ၁၀၇၅) စီရင်ထုံးတွင် "ရုံးသဟာရအဖြစ် လိုက်ပါဆောင်ရွက်သော ပညာရှိအစိုးရရှေ့နေကြီး ဦးလှသင်းက" ဟူ၍ခေါ်ဆိုသုံးနှုန်းခဲ့သည်။

**ဂါရဝါ၊ နိဝါတော စ မင်္ဂလာတရားများနှင့် လွှမ်းခြုံနေခြင်း**

၁၉၇၁/၇၂ ခုနှစ် မတိုင်ခင်က မြန်မာနိုင်ငံတရားစီရင်ထုံးများကို ဖတ်ရှုကြည့်သည့်အခါ ကျေနပ်မိသည်။ ပီတိစိတ်တွေဖြစ်ပေါ်ရသည်။ အဘယ့်ကြောင့်ပါနည်း။ ရှေ့နေကြီးများက တရားခွင်ကို ရိုသေကြသည်။ လေးစားကြသည်။ တရားခွင်ကလည်း ရှေ့နေကြီးများကို ပြန်လှန်၍ အလေးထားသည်။ အရိုအသေပြုသည်။ အမြင့်ဆုံး တရားလွှတ်တော်ချုပ်တရားသူကြီးများသည် ရှေ့နေကြီးများ၊ အစိုးရရှေ့နေကြီးများကိုသာမက မိမိ၏လက်အောက်ခံ တရားသူကြီးများကိုပါ အလေးထားသည်။ ချီးမြှင့်သည်။ ပညာရှိရှေ့နေကြီး၊ ပညာရှိအစိုးရရှေ့နေကြီး၊ ပညာရှိမူလတရားရုံး တရားသူကြီး ဟူ၍ပြောဆိုသည်။ သုံးနှုန်းသည်။ သူတို့၏ ဥပဒေပညာ၊ သူတို့၏ အကျင့်သိက္ခာကို တန်ဖိုးထားခြင်းဖြစ်သည်။ အသိအမှတ်ပြုခြင်း၊ လေးစားခြင်းဖြစ်သည်။

အရိုအသေပြုခြင်းသည် "ဂါရဝါစ" ဟူသည့် ရိုသေထိုက်သူကို ရိုသေခြင်းဖြစ်သည်။ ရိုသေခြင်းဆိုသည်မှာ လေးလေးစားစား အမြတ်တနိုးပြုမူဆောင်ရွက်ခြင်း၊ ဂရုစိုက်ခြင်းတို့ ဖြစ်သည်။ "နိဝါတောစ"ဟူသည် မာန်မာန မရှိခြင်းဖြစ်သည်။ မာန်မာနမရှိရခြင်းဆိုသည်မှာ ရိုသေလေးစားသော အမူအရာရှိရုံမျှသာမဟုတ်သေးဘဲ မိမိ၏ ကိုယ်၊ နှုတ်၊ စိတ် သုံးပါးလုံးကို နှိမ့်ချထားခြင်းဖြစ်သည်။

ဖော်ပြပါစီရင်ထုံးများ၏ ဆုံးဖြတ်ချက်ကိုကြည့်လျှင် အမြင့်ဆုံးတရားလွှတ်တော်ချုပ်မှာ ရုံးထိုင်ကြသော တရားသူကြီးများသည် မိမိတို့ကိုယ်ကို နှိမ့်ချထားရာရောက်သည်။ မာန်မာန တစ်စုံတစ်ရာမထား၊ လေးစားထိုက်သူကို လေးစားသည်။ ရိုသေထိုက်သူကို ရိုသေသည်။ ချီးမြှင့်ထိုက်သူကို ချီးမြှင့်သည်။ ထို့ကြောင့် ရှေးစီရင်ထုံးများကို ဖတ်ရှုလေ့လာခြင်းအားဖြင့် တရားခွင်နှင့်ရှေ့နေ (Bench and Bar ) ရှေ့နေနှင့်တရားခွင် (Bar and Bench)သည် ဂါရဝါစ၊ နိဝါတောစဆိုသည့် မင်္ဂလာတရားနှစ်ပါး လွှမ်းခြုံထားသည်ကို တွေ့ရပေလိမ့်မည်။

**အကျင့်သိက္ခာနှင့် ပြည့်စုံသောရှေ့နေကြီးများ**

ကျွန်ုပ်သည် ဒေါက်တာမောင်မောင် [တရားရေးဝန်ကြီး (ငြိမ်း)၊ နိုင်ငံတော်သမ္မတ(ငြိမ်း)]၏ လမ်းညွှန်ဩဝါဒပေးမှုများကို အကြိမ်ကြိမ်နာယူခွင့်ရခဲ့သည်။

ဥပဒေပညာသင်ယူစဉ်က အချိန်ပိုင်းကထိကများဖြစ်ကြသော ဆရာဦးချန်ထွန်းအောင် (ဝတ်လုံတော်ရ၊ တရားရုံးချုပ် တရားသူကြီး-ငြိမ်း)၊ ဆရာဦးချွန်ဖောင်း (ဝတ်လုံတော်ရ၊ တရားရုံးချုပ် တရားသူကြီး-ငြိမ်း)၊ ဆရာဦးမြသိန်း (ဝတ်လုံတော်ရ၊ တရားရုံးချုပ်တရားသူကြီး-ငြိမ်း)၊ ဆရာဦးအောင်ရှိန်ဝန်း (ဝတ်လုံတော်ရ)၊ ဆရာဦးမြင့်စိုး (ဝတ်လုံတော်ရ)၊ ဆရာဦးမျိုးထွန်းလင်း (တရားရုံးချုပ် တရားသူကြီး-ငြိမ်း)၊ ဒေါက်တာကျော်ရင် (ဗဟိုလုံခြုံရေးနှင့် အုပ်ချုပ်မှုကော်မတီ အတွင်းရေးမှူး)၊ ဦးထွန်းရွှေ (လက်ထောက်နိုင်ငံတော်ရှေ့နေချုပ်) စသော ဥပဒေပညာရှင်ကြီးများ၊ ရှေ့နေကြီးများ၊ ဥပဒေပညာဌာနမှ ပါမောက္ခ ဆရာဦးလှအောင် (ရှေ့နေချုပ်-ငြိမ်း)၊ ပါမောက္ခ ဦးတင်အုန်း၊ ကထိကများဖြစ်ကြသော ဆရာဦးခိုင်၊ ဆရာမကြီး ဒေါ်ကျင်သန်း၊ ဒေါ်ခင်ခင်သီ၊ ဒေါ်မေမျိုးငွေ၊ ဒေါက်တာဒေါ်သန်းနွဲ့စသော ဥပဒေပညာရှင်ကြီးများထံမှ ဥပဒေပညာသင်ယူဆည်းပူးခွင့်ရခဲ့သည်။ ဥပဒေပညာရပ်၏ စာတွေ့သဘော၊ လက်တွေ့သဘောများကို အတော်လေး ယဉ်ပါးခဲ့ရသည်။ တရားခွင်ကို ရိုသေရမည်။ တရားခွင်ကို လေးစားရမည်ဆိုသည်ကို စွဲစွဲမြဲမြဲ မှတ်သားလာခဲ့မိသည်။

လုပ်ငန်းခွင်ဝင်ရောက်သည့်အခါ ဝါရင့်ရှေ့နေကြီးများဖြစ်ကြသော ဒေါက်တာဦးအေးမောင်၊ ပန်းတနော် ဦးအေးမောင်၊ ဦးဘတင်၊ ဦးတီပီဝမ်း၊ ဦးမောင်မောင်(၆)၊ ဦးသန်းမောင် (ကြည့်မြင်တိုင်)၊ ဦးမြစိန် (မန္တလေး)၊ ဦးတင်မောင် (မန္တလေး)၊ ဦးသန်းတင်၊ ဦးအုန်းမောင်၊ ဦးကျား၊ ဒေါက်တာလှကျော်၊ ဒေါက်တာမောင်မောင်ကျော်၊ ဦးဘသန်း၊ ဦးလှသင်း၊ ဦးခွန်ဝင်းလှိုင်၊ ဒေါ်မြင့်မြင့်ခင်၊ ဒေါ်ကြည်ကြည်ဝင်း၊ ဒေါ်မမလေးစသည့်နာမည်ကြီး ရှေ့နေကြီးများနှင့် တစ်ဖက်စီအမှုများ လိုက်ပါဆောင်ရွက်ခဲ့ဖူးသည်။ ကျွန်တော်မှတ်မိသမျှ ရှေ့နေကြီးများဖြစ်သည်။ အများကြီးကျန်နေပါသေးသည်။ ဖော်ပြမပေးနိုင်သည်ကို ခွင့်ပြုပေးစေလိုပါသည်။ သူတို့အားလုံးသည် ရှေ့နေရှေ့ရပ်တို့၏ ကျင့်ဝတ်သိက္ခာနှင့် ပြည့်စုံကြသည်။ လေးစားထိုက်သည်။ ဂုဏ်ယူထိုက်သည်။ တရားခွင်ကို အလွန်ရိုသေလေးစားကြသည်။ ရှေ့နေအချင်းချင်းလည်း အလေးထားကြသည်။ ဥပဒေပညာကို တန်ဖိုးထားသည်။ ဥပဒေပညာသက်သက်ဖြင့်သာ လုပ်ငန်းဆောင်ရွက်ကြသည်။ အဂတိတရားများလိုက်စားပြီး လုပ်ကိုင်ဆောင်ရွက်ရမည်ကို ရှက်ကြသည်။ ကြောက်ကြသည်။ ကျွန်တော်သည် လက်တွေ့လုပ်ငန်းနယ်ပယ်တွင် အတော်ကလေး အတွေ့အကြုံရခဲ့သည်။ တရားခွင်ကို ပို၍ပို၍ရိုသေရမှန်း သိလာမြင်လာရသည်။ တရားခွင်ကို ပို၍ပို၍လေးစားရမှန်း နှစ်နှစ်ကာကာသိခွင့်ရခဲ့သည်။ ထိုထိုသော ဆရာကြီး၊ ရှေ့နေကြီးများအား အမြဲထာဝရဂါရဝပြုနေမိတာအမှန်ပါ။

**၁၉၇၁/၇၂ ခုနှစ် နောက်ပိုင်းကာလ**

၁၉၇၁/၇၂ ခုနှစ် နောက်ပိုင်းမှစ၍ ယနေ့အချိန်ထိဖြစ်သည်။ နှစ်စဉ် ထွက်ရှိလာသော မြန်မာနိုင်ငံတရားစီရင်ထုံးများကို လေ့လာဖတ်ရှုကြည့်ရာတွင် ယခင်က စီရင်ထုံးများကဲ့သို့ မဟုတ်တော့ပါ။ ပညာရှိရှေ့နေကြီး၊ ပညာရှိ အစိုးရရှေ့နေကြီး၊ ပညာရှိ မူလရုံးတရားသူကြီး၊ ပညာရှိ အယူခံရုံးတရားသူကြီးဟူ၍ မသုံးနှုန်းတော့ပါ။ မပြောဆိုကြတော့ပါ။ အဘယ်ကြောင့်ပါနည်း။ အပြန်အလှန် လေးစားမှု မရှိကြတော့တာလား။ အပြန်အလှန်တန်ဖိုးမထားတတ်ကြတာလား။ ဤသည်မှာ ကျွန်ုပ်၏ထင်မြင်ယူဆချက် သက်သက်မျှသာဖြစ်သည်။ ခေတ်အဆက်ဆက် တရားစီရင်ထုံးများကို ဖတ်ရှုကြည့်မိရာမှ ပေါ်ပေါက်လာရသည့် အတွေးသက်သက်မျှသာဖြစ်သည်။

မကြာမကြာ တရားသူကြီး၊ အငြိမ်းစားရှေ့နေကြီးများ၊ ဥပဒေအရာရှိ အငြိမ်းစားရှေ့နေကြီးများ၊ ဝါရင့်ရှေ့နေကြီးများနှင့် တွေ့ဆုံတတ်သည်။ ဤသို့တွေ့ဆုံလျှင်မာကြောင်း၊ သာကြောင်းနှင့် ရှေ့နေလိုက်ရတာ အဆင်ပြေလား မေးမြန်းကြည့်မိသည်။ အချို့က အဆင်ပြေသည်ဟု ပြောသည်။ အချို့က "ရှေ့နေလုပ်ငန်း မလုပ်ချင်တော့ဘူး၊ စိတ်ကုန်တယ်၊ ကုမ္ပဏီအဖွဲ့အစည်းတွေမှာပဲ ဥပဒေအကြံပေး သက်သက်ပဲ လုပ်တော့တယ်" ဟု ပြောသည်။ အချို့က "အောက်တရားရုံးတွေ လိုက်ရတာ မလွယ်ဘူး၊ ရှုပ်တယ်၊ တရားရုံးချုပ်မှာ အယူခံမှု၊ ပြင်ဆင်မှုတွေပဲ လိုက်နေတယ်" ဆိုပြီး ပြန်ပြောသည်။ ဘာကြောင့်လဲဆိုသည်ကိုတော့ ဆက်မမေးဖြစ်ခဲ့။

ကျွန်ုပ်စဉ်းစားမိသည်မှာ ဘာကြောင့်ဒီလိုတွေပြောကြသလဲ။ အောက်ရုံးတရားသူကြီးတွေက သူတို့ကို လေးလေးစားစား ဆက်ဆံမှုနည်းလို့လား။ သူတို့ကရော ကိုယ့်ထက်အသက်ငယ်ရွယ်သည့် တရားသူကြီးများကို လေးလေးစားစား ဆက်ဆံကြရမှာ မဝံ့မရဲဖြစ်နေကြလို့လား၊ ဘယ်လို အခက်အခဲတွေ တွေ့ရှိနေလို့လဲ။ အဂတိလိုက်စားမှုများကို မြင်တွေ့နေရလို့လား။ စသည် စသည် အတွေးစိတ်တွေ ပေါ်လာရပြန်သည်။

အဓိကပြောပြလိုသည်ကတော့ ၁၉၇၁/၇၂ ခုနှစ် နောက်ပိုင်း နှစ်စဉ် နှစ်စဉ် ထွက်ရှိလာသော စီရင်ထုံးများကို ဖတ်ရှုလေ့လာခြင်းအားဖြင့် တရားခွင်နှင့်ရှေ့နေ (Bench and Bar) တို့၏ ပုံပန်းသဏ္ဌာန်၊ သွင်ပြင်လက္ခဏာများသည် ယခင်က စီရင်ထုံးများကို ဖတ်ရှုလေ့လာရခြင်းနှင့် မတူ ညီကွဲပြားမှုရှိလာရသည့်အချက်ပင် ဖြစ်ပေသည်။ တရားခွင်နှင့်ရှေ့နေ (Bench and Bar)၊ ရှေ့နေနှင့်တရားခွင် (Bar and Bench)တို့ အပြန်အလှန်လေးစားမှု၊ ရိုသေမှုနှင့် တန်ဖိုးထားမှုများ အားနည်းလာသည်၊လျော့ပါးလာသည်ဟု ခံစားမိသည်။

**စေတနာ**

တရားခွင်သည် သန့်ရှင်းသောနေရာဖြစ်သည်။ တရားဥပဒေစိုးမိုးရေး၏ အဓိကအချက်အချာနေရာဖြစ်သည်ကို ဆိုခဲ့ပြီးဖြစ်သည်။ အစဉ်သဖြင့် သန့်ရှင်းပြီး တရားဥပဒေစိုးမိုးရာနေရာ ဖြစ်စေချင်သည်။ ရှေးရှေးက ထွက်ပေါ်လာသော မြန်မာနိုင်ငံ တရားစီရင်ထုံးများကဲ့သို့ တရားခွင်နှင့် ရှေ့နေ (Bench and Bar) သည် ဂုဏ်ယူဝင့်ကြွားစွာ ရပ်တည်နေစေချင်သည်။ အမြင့်ဆုံး ပြည်ထောင်စုတရားလွှတ်တော်ချုပ် တရားသူကြီးများနှင့် လက်အောက်ခံ တရားသူကြီးများ၊ တရားသူကြီးများနှင့် ရှေ့နေကြီးများ၊ တရားသူကြီးများနှင့် အစိုးရရှေ့နေကြီးများ၏ အပြန်အလှန် လေးစားမှု၊ အပြန်အလှန်တန်ဖိုးထားမှု အပြန်အလှန်နားလည်မှုတို့ ပို၍ပို၍ တိုးတက်ဖြစ်ထွန်းလာစေချင်သည်။ တရားခွင်နှင့် ရှေ့နေ၊ ရှေ့နေနှင့် တရားခွင်တို့ ဂုဏ်ယူဝင့်ကြွားဖွယ် ပုံပန်းသဏ္ဌာန် အသွင်အပြင် ထင်ဟပ်စေမည့် ရှေးကကဲ့သို့ စီရင်ထုံးများ ပို၍ပို၍ ဖြစ် ထွန်းပေါ်ပေါက်လာစေချင်သည်။ ဤကားကျွန်ုပ်၏ စေတနာ အရင်းခံသက်သက်မျှသာ ဖြစ်ပါကြောင်း။ ။

# တံတားကြီးများနှင့် တံတိုင်းကြီးများ

ဒေါက်တာမြင့်သန်း(ညောင်လေးပင်)

**သမိုင်းသင်တာ မအ အောင်လို့။**
**ပထဝီသင်တာ မကန်း အောင်လို့။**

ပထဝီနှင့်ပတ်သက်ပြီး Geopolitics(Geopolitik) ပထဝီဝင်နိုင်ငံရေးပညာဆိုသည်ကို စိတ်ဝင်စားစရာ တွေ့ရပါသည်။ ပထဝီဝင်နိုင်ငံရေးပညာဆိုသည်ကို သဘာဝဇာတ်စင်ကိုမူတည်၍ နိုင်ငံရေးရာ အရေးအခင်းများဖြစ်ပေါ်သည်ကိုလေ့လာသည့် သိပ္ပံပညာရပ်ဖြစ်သည်။ ထိုသို့လေ့လာရာတွင် ကျယ်ပြန့်သော ပထဝီဝင်ဘာသာရပ် (အထူးသဖြင့် နိုင်ငံရေးပထဝီဝင်)ကိုအခြေခံထားသည်။ ပထဝီဝင်နိုင်ငံရေးပညာသည် နိုင်ငံရေးဘဝ၏ လမ်းညွှန်မှုဝါဒအဖြစ်လည်းကောင်း၊ နိုင်ငံရေးအရ အရေးယူဆောင်ရွက်ရန်အတွက် လက်နက်တန်ဆာအဖြစ်လည်းကောင်း ဆောင်ရွက်ရန်ရည်ရွယ်သည်။ ထိုသို့ဖြင့် ပထဝီဝင်နိုင်ငံရေးပညာသည် နိုင်ငံ၏ ပထဝီဝင်မှန်မှားသိစိတ် (Gaographical conscience of the state)ဖြစ်လာရသည်ဟု ဂျာမန်ပထဝီဝင်နိုင်ငံရေးပညာရှင်တို့က အဓိပ္ပာယ်ဖွင့်ဆိုကြကြောင်းသိရပါသည်။

နိုင်ငံတစ်နိုင်ငံ၏ တည်နေရာ၊ သဘာဝအရင်းအမြစ်၊ လူသားအရင်းအမြစ်၊ productivity ထုတ်လုပ်နိုင်မှုစွမ်းပကားတို့သည် ထိုနိုင်ငံတိုးတက်ဆုတ်ယုတ်မှုတို့ဆိုင်ရာ အလားအလာကို အထူးလွှမ်းမိုးနိုင်သည်ဟုထင်ပါသည်။ မြန်မာနိုင်ငံသည် ရှေးပဝေသဏီကပင် သဘာဝအရင်းအမြစ်၊ ရာသီဥတု၊ တည်နေရာတို့သည် အလွန်မျှတသဖြင့် ကမ္ဘာ့အရင်းရှင်တို့ မျက်စေ့ကျခဲ့ပါသည်။ ဒုတိယကမ္ဘာစစ်ကြီးအပြီး ဆိုဗီယက်ယူနီယံမှ အရာရှိကြီးတစ်ဦး အလည်ရောက်ပြီး အပြန်လေယာဉ်ကွင်းတွင် သတင်းထောက်များ၏အမေးကို ဖြေကြားပုံက "အကယ်လို့များ ဘုရားသခင်သည် ကမ္ဘာကြီးကိုဖန်ဆင်းသည်ဆိုလျှင် ဤမြန်မာနိုင်ငံအပေါ် အတော်မျက်နှာလိုက်ခဲ့သည်ဟုထင်ပါသည်" ဟုသိရသည်။ ကျွန်တော်တို့ နိုင်ငံသည် ပထဝီအရသော်လည်းကောင်း၊ ပထဝီဝင်နိုင်ငံရေးအရသော်လည်းကောင်း အတော်အရေးပါနေခဲ့သည်။ ယခုလည်းအရေးပါနေဆဲဟုထင်ပါသည်။ သဘာဝကပေးအပ်ထားသော လက်ဆောင်ကောင်းများ ပိုင်ဆိုင်ထားသော်လည်း ဆင်းရဲသည့်နိုင်ငံတစ်ခုသာ ဖြစ်နေသေးသည်။ ထိုသို့ဖြစ်နေရခြင်း၏ အခြေခံအကြောင်းများတွင် အချင်းချင်းမသင့်မတင့် အချင်းများနေခြင်းများက အဓိကအချက်တစ်ချက်ဖြစ်နေပေသည်။ လောကတွင်မသင့်မတင့်ဖြစ်နေမှုများစွာရှိနေရာ ယင်းတွင်ကိုယ့်မိသားစုချင်း၊ သွေးသားအရင်းအချင်းချင်းမသင့်မမြတ် တိုက်ခိုက်နေကြခြင်းက အဆိုးဆုံးဟုလည်းထင်ပါသည်။


မြန်မာနိုင်ငံကို အင်္ဂလိပ်တို့ သိမ်းပိုက်ထားစဉ် အလယ်ပိုင်းဒေသသည် နိုင်ငံ၏အချက်အချာနေရာတစ်ခုဖြစ်သည်ကို သိထားကြပုံရသည်။ ဧရာဝတီမြစ်ကြီးကိုဖြတ်ပြီး နိုင်ငံ၏အရှေ့နှင့် အနောက်၊ တောင်နှင့် မြောက်တို့ကိုသာမက အနောက်ဘက် အိန္ဒိယနိုင်ငံ၊ မြောက်ဘက်တရုတ်နိုင်ငံတို့နှင့်ပါ ဆက်သွယ်နိုင်ကြောင်းသိကြသည်နှင့် မန္တလေးမြို့နှင့် စစ်ကိုင်းမြို့တို့အကြား ဧရာဝတီမြစ်ကြီးကိုဖြတ်ပြီး တံတားတစ်စင်းဆောက်လုပ်ကြသည်။ ထိုစဉ်က အင်းဝတံတားဟု ခေါ်ဝေါ်လျက် ၁၉၃၄ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင်ဖွင့်လှစ်ခဲ့သည်။ တံတားအရှည် ပေပေါင်း ၃၉၄၈ (၆ဖာလုံနီးပါး)၊ ခုံး ၁၀ ခုရှိသည်။ ထိုတံတားကြီးကြောင့် ကူးသန်းသွားလာရေး ကောင်းမွန်လာသလို ဗြိတိသျှတို့အတွက်လည်း စစ်ရေးမဟာဗျူဟာ တံတားကြီးဖြစ်ခဲ့သည်။

ဗိုလ်ချုပ်အောင်ဆန်း ဦးစီးသောဗမာ့လွတ်လပ်ရေးတပ်မတော်နှင့် ဂျပန်တပ်များပူးပေါင်းပြီး အင်္ဂလိပ်တို့ကို တိုက်ခိုက်သဖြင့် အင်္ဂလိပ်တို့ အရေးနိမ့်ပြီး ဆုတ်ခွာကြရသောအခါ အင်းဝတံတားထိပ်သို့ ရောက်လာကြသည်။ ၁၉၄၂ ခုနှစ် ဧပြီလ ၃၀ ရက်နေ့ဖြစ်သည်။ တံတားထိပ်တွင် ရေးထားသည်က ခံနိုင်ဝန် ၆ တန်ဟုဆိုသည်။ ဗြိတိသျှတင့်ကားကြီးများ၏ အလေးချိန်က ၁၃ တန်ဖြစ်ရာ ဖြတ်ကူးရန် မဖြစ်နိုင်ဖြစ်နေသည်။ ဗြိတိသျှဗိုလ်ချုပ် စလင်းက ထိုတံတားကို ဘယ်သူဆောက်တာလဲဟု မေးခွန်းထုတ်လိုက်ရာ အရာရှိတစ်ဦးက တံတားနှင့်သက်ဆိုင်သော စာရွက်စာတမ်းများထုတ်ပြသည်။ ဗြိတိသျှတို့သည် စစ်ဖြစ်နေဆဲကာလမှာပင် ထိုသို့သော သတင်းအချက်အလက်တို့ကို ချက်ချင်းတစ်ပြေးညီ ထုတ်ပေးနိုင်သည်ကို တွေ့ရသည်မှာ ဝန်ထမ်းအဖွဲ့၏ တိကျသော တာဝန်ခံမှုကို ပြသလိုက်ခြင်းဖြစ်သည်။

အင်းဝတံတားကြီးကို တည်ဆောက်သည့် ကုမ္ပဏီမှာ ရန်ဒဲလ်ပါမားနှင့် ထရစ်တန်တို့ဖြစ်သည်။ ဗြိတိသျှတို့၏ နာမည်ကျော် အင်ဂျင်နီယာများဖြစ်သည်။ ဗိုလ်ချုပ် စလင်းက ထိုအင်ဂျင်နီယာကြီးများကို အပြည့်အဝယုံကြည်သည်။ သို့နှင့် ၁၃ တန် လေးသော စတီးဝပ်တင့်ကားကြီးများသည် တစ်စီးပြီးတစ်စီး ဖြတ်ကူးကြသည်။ အသက်ရှူမှားလောက်အောင် ရင်တစ်ထိတ်ထိတ်ဖြင့် စောင့်ကြည့်ကြရသည်။ တင့်ကားကြီးအားလုံး အောင်မြင်စွာ ဖြတ်ကျော်သွားနိုင်ကြသည်။ ဗိုလ်ချုပ်စလင်းကိုယ်တိုင်ကလည်း သူတို့ဗြိတိသျှတို့သည် တာဝန်ဝတ္တရားကို အလေးအနက်ထား ဆောင်ရွက်ကြသူများဖြစ်အောင် လေ့ကျင့်ထားပြီးဖြစ်သဖြင့် အောင်မြင်ရမည်ဟု ယုံကြည်ပြီးသားဖြစ်နေသည်။ ဖြတ်ကျော်ပြီးနောက် ၁၉၄၂ ခုနှစ် ဧပြီလ ၃၀ ရက်နေ့ ည ၁၁ နာရီ ၅၉ မိနစ်တိတိတွင် အင်းဝတံတားကြီးကို ဖောက်ခွဲဖြိုချပစ်လိုက်သည်။ စစ်ကြီးအပြီး မြန်မာအစိုးရက ကျပ်သိန်း ၈၀ အကုန်ခံကာ ပြန်လည်ပြင်ဆင်ပြီး ၁၉၅၄ ခုနှစ် အောက်တိုဘာလထဲတွင် ဖွင့်လှစ်နိုင်ခဲ့ကြောင်း သိရသည်။

တံတားကြီးမရှိလျှင် မြစ်ကြီး၏ဟိုဘက် သည်ဘက်ကို မည်သို့ ဖြတ်သန်းကြမည်နည်း။ တံတားမရှိမှ တံတားကြီး၏ ကျေးဇူးကို နားလည်လာကြသည်။ ကမ္ဘာအနှံ့ တံတားကြီးများစွာရှိနေသလို ကျွန်တော်တို့ နိုင်ငံမှာလည်းတံတားကြီးငယ်များစွာ တည်ဆောက်ထားကြသည်။ တံတားကြီးများကြောင့် သွားလာရေး၊ စီးပွားရေး၊ လူမှုရေး အစစအဆင်ပြေသည်။ တံတားကြီးများသည် အရှေ့နှင့် အနောက်၊ တောင်နှင့်မြောက် အရပ်လေးမျက်နှာကို အချိန်မရွေး ဆက်သွယ်ပေးနေသည်။ သူ့ကျောပေါ်မှ နင်းလျှောက်သွားသူများကို အပြုံးမပျက် အကျိုးပြုလျက်ရှိနေသည်သာဖြစ်သည်။ ဝေးနေသူများကို နီးစေသည်။ ရင်းနှီးစေသည်။ ချစ်ခင်စည်းလုံးမှုကိုပေးသည်။ အချင်းချင်းနာလည်မှုများ တည်ဆောက်နိုင်အောင် ဆောင်ရွက်ပေးနေသည်သာဖြစ်သည်။





တံတားများကြီးများအကြောင်းကို တွေးမိရင်း တံတိုင်းများအကြောင်းက ခေါင်းထဲဝင်လာသည်။ တံတိုင်းကြီးများကမူ တံတားကြီးများနှင့် ဆန့်ကျင်ဘက်ဖြစ်သည်။ တံတိုင်းများက ကာရံထားကြသည်။ တစ်ဖက်နှင့်တစ်ဖက် မည်မျှပင်နီးနေစေကာမူ တံတိုင်းကြီးများကြောင့် ဝေးကုန်ကြရသည်။ တစ်ဖက်နှင့်တစ်ဖက်မတွေ့နိုင် မမြင်အောင်ဖြစ်ကြရသည်။ တံတိုင်းကြီးများကြောင့် ဟိုဘက်သည်ဘက်က နေသူအများ အထင်အမြင်လွဲကြရသည်။ သံသယတွေပွားကြရသည်။ မမြင်ရ၊ မကြားရ ကမ္ဘာ့တောင်ဝင်ရိုးစွန်းနှင့် မြောက်ဝင်ရိုးစွန်းမှာ နေကြသလို ဝေးကွာလွန်းကြရသည်။ အမုန်းတွေပွားကြ၊ အာဃာတတွေများကြနှင့် မငြိမ်းချမ်းသောပတ်ဝန်းကျင်ကို တည်ဆောက်ထားသလို ဖြစ်ရတောသည်။ လူမျိုးတစ်မျိုးတည်း၊ တစ်မိသားစုတည်း ဖြစ်နေစေကာမူ တံတိုင်းများကြောင့် ရန်သူအလား ထင်မှတ်မှားစေရသည်။ လူသားတို့ကို အကျိုးမဲ့စေသော တံတိုင်းကြီးများလည်း ပြိုလဲခဲ့ပြီကို မကြာသေးမီက သမိုင်းထဲမှာ မြင်တွေ့ခဲ့ရပြီဖြစ်သည်။ ကျွန်တော်တို့ နိုင်ငံမှာ ကိုလိုနီခေတ်တုန်းက အုပ်ချုပ်ခံနိမ့်ကျသောဘဝများအဖြစ် တံတိုင်းခြားထားခံခဲ့ရသည်။ လွတ်လပ်ရေးရပြီးတော့လည်း ညီရင်းအစ်ကိုတစ်တွေ တံတိုင်းအသီးသီးခြားကာ သွေးကွဲနေခဲ့ကြသည်မှာ နှစ်ပေါင်း ၆၈ နှစ်တိုင်ခဲ့ပေပြီ။ တံတိုင်းကြီးများအစား တံတားကြီးတွေ တည်ဆောက်ကြ၊ ဆက်သွယ်ကြ၊ သွေးစည်းကြသည်ကို မြင်လိုလှပါပြီ။ နိုင်ငံသားအားလုံး၏စိတ်ဆန္ဒသည် ၂၁ ရာစုပင်လုံ ညီလာခံကြီး အောင်မြင်ပြီး တစ်နိုင်ငံလုံး အေးချမ်းသာယာ သွားလိုရေးသာဖြစ်သည်။ သေနတ်သံများအစား ငြိမ်းချမ်းရေးတေးသံများ ပြန့်လွှင့်စေလိုသည်။ သွေးကွဲစေသော၊ သွေးခွဲနေသော တံတိုင်းများပြိုလဲပြီး လှပသောတံတားများ တည်ဆောက်စေလိုသည်။

မည်မျှပင်ခက်ခဲနေစေကာမူ "သားကိုလက်ငင်၊ လင်ကိုလက်တို့၊ ခွေးအို့ခေါ်ကာ ပြေးနေရရှာ" သော အပြစ်မဲ့ပြည်သူများ၊ အောက်တန်း နောက်တန်းမှာ မျက်နှာငယ်နေကြရသော နိုင်ငံသားများကို ငဲ့ညှာကြပါ။ တိုင်းပြည်၏မျက်နှာကို ထောက်ထားကြပြီး ချစ်ခင်စည်းလုံးညီညွတ်သော နိုင်ငံတော်သစ်ကြီးကို ဝိုင်းဝန်းတည်ဆောက်နိုင်ကြပါစေကြောင်း ဆုလည်းတောင်း အနူးအညွတ်လည်း တိုက်တွန်းအပ်ပါတော့သည်။

Reference
**ပထဝီဝင်နိုင်ငံရေး (ပါမောက္ခလှထွန်းအောင်)**
**အတွေးအမြင် ၂၀၁၃ ဒီဇင်ဘာ**
**အင်းဝတံတားကပေးသောအတွေးများ(မောင်မောင်စိုးယု)**

# ဒလမြို့နယ်စည်ပင်သာယာရေး (ဈေး) အဆင့်မြှင့်တင် ဆောက်လုပ်ပေးနိုင်ရေး ဒေသခံပြည်သူများမှ မျှော်လင့်လျက်ရှိ

**ဒလ စက်တင်ဘာ ၂၂**
ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ် ကမာကဆစ်ရပ်ကွက်ရှိ ကမာကဆစ်ဈေးနှင့် ဗညားဒလရပ်ကွက်ရှိ အောင်ဇေယျဈေးတို့ကို အဆင့်မြှင့်တင်တည်ဆောက်ပေးနိုင်ရေးအတွက် နယ်မြေကွင်းဆင်းခြင်းကို စက်တင်ဘာ ၁၇ ရက်က ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူး ဒေါ်လှိုင်ဦးမော်၊ ကော်မတီဝင် ဒေါ်သန်းမြင့်အောင်၊ မြို့နယ်ဈေးများဌာနမှ တာဝန်ခံများ၊ ရေသန့်ဌာနမှ တာဝန်ခံများ၊ တာဝန်ရှိသူများနှင့် ညှိနှိုင်းဆောင်ရွက်ရေးအဖွဲ့ဝင်များတွေ့ဆုံ၍ ဈေးများသို့ သွားရောက်စစ်ဆေးခဲ့ကြောင်း သိရသည်။

ဒလမြို့နယ်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေး နယ်နိမိတ်အတွင်းပါဝင်ပြီး ရန်ကုန်မြစ် တစ်ဖက်ကမ်းတွင်တည်ရှိခြင်း၊ မြို့ပေါ်(၂၄)ရပ်ကွက်၊ ကျေးရွာအုပ်စု(၂၃)ရွာ၊ ကျေးရွာပေါင်း ၅၄ ရွာရှိပြီး၊ အိမ်ခြေ ၃၃၁၅၁ နှင့် လူဦးရေစုစုပေါင်း ၁၅၃၃၉၇ ဦး နေထိုင်လျက်ရှိသည်။ မြို့နယ်အတွင်း ဒေသခံပြည်သူများမှာ စိုက်ပျိုးရေးလုပ်ငန်း၊ အရောင်းအဝယ်လုပ်ငန်း၊ ရေလုပ်ငန်းများ လုပ်ကိုင်ကြပြီး မိသားစု စားဝတ်နေရေးအတွက် ကျရာလုပ်ငန်းများကို လုပ်ကိုင်ကြသည်။ မြို့နယ်အတွင်း အဓိကဈေးများဖြစ်သည့် ကမာကဆစ်ရပ်ကွက်ရှိ ကမာကဆစ်ဈေးကို ၁၉၉၇ ခုနှစ်က တည်ဆောက်ထားပြီး ဈေးဆိုင်ခန်းပေါင်း ၃၀၀ကျော်၊ ပုံကျဈေးသည်၊ ယာယီဈေးသည် များနှင့်ဆိုလျှင် ၇၀၀ ကျော်ခန့်ရှိပြီး၊ အလားတူ ဗညားဒလရပ်ကွက်ရှိ အောင်ဇေယျဈေးကို ၁၉၉၀ ခုနှစ်တွင် တည်ဆောက်ခဲ့ပြီး ဈေးဆိုင်ခန်းပေါင်း ၂၀၀ ကျော်၊ ပုံကျဈေးသည်၊ ယာယီဈေးသည်များနှင့် ဆိုလျှင် ၆၀၀ ကျော်ခန့်ရှိကြောင်း၊ အဓိကအနေဖြင့် စားသောက်ကုန်ပစ္စည်းမျိုးစုံ၊ အသား၊ ငါး၊ ဟင်းသီးဟင်းရွက်များ၊ အဝတ်အထည်မျိုးစုံနှင့် လူသုံးကုန်ပစ္စည်းများ အများဆုံး ရောင်းချလျက်ရှိကြောင်း မြို့နယ်စည်ပင်သာယာရေးကော်မတီ လက်ထောက်အုပ်ချုပ်ရေးမှူး ဦးခင်ဇော်ထံမှ သိရသည်။

အဆိုပါ ကမာကဆစ်ဈေးနှင့် အောင်ဇေယျဈေးတို့ကို အဆင့်မြှင့်တင်ဆောက်လုပ်ပေးနိုင်ရေးကို ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီမှ ၂၀၁၆-၂၀၁၇ ဘဏ္ဍာနှစ်တွင် တင်ထားသော်လည်း အဖြေမသိရသေးကြောင်း၊ ယခုလာရောက်ပြီး ဈေးနယ်မြေကို စစ်ဆေးသွားခဲ့ကြောင်း သိရသည်။

ဒလမြို့နယ်သည် စီးပွားရေးမြို့တော် ရန်ကုန်မြို့၏ မြစ်တစ်ဖက်ကမ်းတွင် တည်ရှိသော်လည်း ဖွံ့ဖြိုးတိုးတက်မှုများ နောက်ကျနေခဲ့သည်မှာ အချိန်ကာလများစွာ ကြာမြင့်ခဲ့ပေသည်။ ထို့အတူ ဒလမြို့နယ်ရှိ မြို့နယ်ဈေးများမှာ ဈေးပတ်ဝန်းကျင် သန့်ရှင်းသာယာမှုများ အားနည်းလျက်ရှိနေခြင်း၊ နှစ်ပေါင်း ၂၀ နီးပါးခန့်ရှိ၍ သစ်လွင်တောက်ပမှုများမရှိခြင်း၊ ဈေးအင်္ဂါရပ်များမပြည့်စုံခြင်းတို့ကြောင့် ပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုး တိုးတက်စေရေး၊ သန့်ရှင်းသာယာလှပစေရေး၊ သန့်ရှင်းလတ်ဆတ်သော အစားအသောက်များ ရရှိခံစားစေနိုင်ရေးတို့အတွက် မြို့နယ်စည်ပင်သာယာရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်နိုင်ရေးမှာအရေးကြီးသည်။ ထို့ကြောင့် မြို့နယ်ဖွံ့ဖြိုးတိုးတက်စေရေး၊ စည်ပင်သာယာသန့်ရှင်းရေးနှင့် ခေတ်မီသောဈေးအသစ် တည်ဆောက်ပေးနိုင်စေရေးအတွက် ကမာကဆစ်ဈေး၊ အောင်ဇေယျဈေးတို့မှ ဈေးသူ၊ ဈေးသားများ၊ ဒေသခံပြည်သူများနှင့် မြို့နယ်စည်ပင်သာယာရေးကော်မတီ ဈေးများဌာနမှ လိုလားလျက်ရှိကြောင်းသိရသည်။**နိုင်လင်းကျော်**(IPRD)

## မူလတန်းအဆင့် မြန်မာစာ စာဖတ်စွမ်းရည်နှင့် သင်္ချာစွမ်းရည်ပြိုင်ပွဲ အ-ထ-က (ဗန်းမော်) ၌ကျင်းပ

**ဗန်းမော် စက်တင်ဘာ ၂၂**
၂၀၁၆-၂၀၁၇ ပညာသင်နှစ် မူလတန်းအဆင့် မြန်မာစာ စာဖတ်စွမ်းရည်ပြိုင်ပွဲကို စစ်ကိုင်းတိုင်းဒေသကြီး ကသာခရိုင် ဗန်းမော်မြို့နယ် ပညာရေးဌာနမှူးကြီးမှူး၍ စက်တင်ဘာ ၂၀ ရက်နံနက် ၁၀ နာရီက ဗန်းမော်မြို့ အ-ထ-က စာသင်ကျောင်း၌ ကျင်းပခဲ့ကြောင်း သိရသည်။

အဆိုပါ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် မူလတန်းအဆင့် မြန်မာစာ စာဖတ်စွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၂၆ ဦး ယှဉ်ပြိုင်ခဲ့ကြပြီး မူလတန်းအဆင့် သင်္ချာစွမ်းရည်ပြိုင်ပွဲတွင် ကျောင်းသား၊ ကျောင်းသူ ၂၈ ဦးတို့ ဖြေဆိုခဲ့ကြသည်။ **ကျော်စွာ(ဗန်းမော်)**

# ကျောက်ဆည်ဒေသမှ ခရုများကို အထက်ပိုင်းအထိ တင်ပို့ရောင်းချလျက်ရှိ

**ကျောက်ဆည် စက်တင်ဘာ ၂၂**
ကျောက်ဆည်ဒေသသည် လယ်ယာစိုက်ပျိုးရေးအောင်မြင်သော ဒေသတစ်ခုပင်ဖြစ်သည်။ ရှေးယခင်ကတည်းကပင် ယနေ့ကာလအထိ စိုက်ပျိုးရေးအတွက် အားထားရသောဒေသပင်ဖြစ်သည်။ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းအတွက် ဇော်ဂျီမြစ်မှတစ်ဆင့် မင်းရဲမြောင်း၊ ဇီးတော်မြောင်း၊ တမုတ်မြောင်းတို့ဖြင့် စိုက်ပျိုးရေကို ပေးဝေလျက်ရှိသည်။ ချောင်းမြောင်းများတွင် အလုည့်ကျ ရေဖြတ်သည့်အခါ ဒေသခံ ခရုကောက်သူများက ချောင်းများအတွင်း ခရုကောက်ကြသည်။

ခရုကောက်သူ (ဒေသအခေါ် ကောက်စားသမား)များမှာ တစ်နှစ်ပတ်လုံး ခရုကောက်ကာ ရောင်းစားကြသည်။ ခရုကောက်သူများထံမှ ဖောက်သည်ယူသူများလည်းရှိပြီး ဖောက်သည်ယူသူများမှ ပွဲရုံသို့တိုက်ရိုက်တင်ပို့ ရောင်းချကြသည်။ လက်ရှိကာလတွင် ခရုတစ်ပြည်လျှင် ငွေကျပ် ၁၀၀၀ နှုန်းဖြင့် ဖောက်သည်ယူကြသည်။ ပွဲရုံသို့ တစ်ပြည်ငွေကျပ် ၁၁၀၀၊ ၁၂၀၀ နှုန်းဖြင့် ရောင်းချကြသည်။ ပွဲရုံမှ ခရုများကို အထက်ပိုင်းသို့တင်ပို့ပေးသည်။ ကောက်စား(ခရုကောက်သူ)များမှာ တစ်နေ့လျှင် ခရု ၁၅ ပြည်မှ ပြည် ၂၀ အထိရရှိသည်။ ပုံမှန်နေ့တွက်ဖြင့် တွက်ပါက ကောက်စား (ခရုကောက်သူ)တစ်ဦးလျှင် တစ်နေ့ပျှမ်းမျှ ၁၅၀၀၀ ကျော်အထိ ရရှိသည်။ ကောက်စားသမားများမှာ တစ်နှစ်ပတ်လုံး ခရုကောက်ပြီး နွေရာသီနှင့် မိုးတွင်းတွင် ခရုအများဆုံးရရှိသည်။

ခရုများကို ခရုစွပ်ပြုတ်လုပ်ရောင်းချကြသည်။ စွပ်ပြုတ်လုပ်ရန်အတွက် ခရုထိပ်ပိုင်းကိုဖြတ်ကာ ရေစိမ်ထားရသည်။ တစ်နာရီခန့် ရေစိမ်ထားပြီးပါက ခရုအတွင်းရှိ သဲများပြောင်စင်သွားသည်။ ပြောင်စင်သွားသော ခရုများကို အိုးအတွင်းထည့်ကာ ချင်း(ဂျင်း)၊ ကြက်သွန်ဖြူထောင်းထည့်ခြင်း၊ စပါးလင်ထည့်ခြင်း၊ ဆန်လှော်မှုန့်၊ ဆားထည့်ခြင်းများနှင့် အခြားပစ္စည်းများပါထည့်ကာ စွပ်ပြုတ်လုပ်၍ ရောင်းကြသည်။ အများစုမှာ အထက်ပိုင်းစားသောက်ဆိုင်များတွင် ခရုစွပ်ပြုတ်ကို ရောင်းချကြသည်။ ခရုစွတ်ပြုပ်မှာ ဆေးဖက်ဝင်ပြီး အကြောအားကောင်းသည်။ လက်ရှိကာလတွင်



ကျောက်ဆည်နယ်မှ ခရုများကို အထက်ပိုင်း၊ မူဆယ်၊ ရွှေလီအထိ တွင်ကျယ်စွာ တင်ပို့ရောင်းချလျက်ရှိကြောင်း သိရသည်။ **တိမ်တမန်**

## (၂၂)ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲ ဆုပေးပွဲကျင်းပ

**တောင်ကြီး စက်တင်ဘာ ၂၂**
တောင်ကြီးမြို့ အခြေခံပညာအထက်တန်းကျောင်း စိန်မြင့်မိုရ်ခန်းမ၌ စက်တင်ဘာ ၂၀ ရက် ညနေ ၃နာရီ ၁၅ မိနစ်က (၂၂) ကြိမ်မြောက် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီးပြိုင်ပွဲ (ခရိုင်အဆင့်) ပြိုင်ပွဲဆုပေးပွဲ အခမ်းအနားကျင်းပရာ အခြေခံပညာအဆင့် (၁၀-၁၅) အမျိုးသားအကပြိုင်ပွဲတွင် ပထမဆုရ မောင်စည်သူလင်း(အ-ထ-က-၁တောင်ကြီး)နှင့် ဒုတိယဆုရ မောင်ဖြိုးမောင်မောင် (အ-ထ-က(ခွဲ)နန်းတိုင်း၊ ကလောမြို့နယ်)တို့အား တောင်ကြီးခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယအုပ်ချုပ်ရေးမှူး ဦးနန်းတင့်ကလည်းကောင်း၊ အခြေခံပညာအဆင့် (၁၀-၁၅) အမျိုးသမီးအကပြိုင်ပွဲတွင် အထူးဆုရရှိသော ညောင်ရွှေ အ-ထ-ကမှ မဇင်ဝါအောင်၊ ပထမဆုရရှိသော တောင်ကြီးမြို့အ-ထ-က(၅) မလေပြေဦး၊ ဒုတိယဆုရရှိသော မဝေရွှန်းအိ အ-ထ-က(၈) (အောင်ပန်း) ကလောမြို့တို့ကို ခရိုင်ပညာရေးမှူး ဦးအုန်းကျော်သန်းကလည်းကောင်း၊ အခြေခံပညာအဆင့် (၁၀-၁၅) ခေတ်ဟောင်းကာလပေါ် သီချင်းဆိုပြိုင်ပွဲတွင် ပထမဆုရရှိသော တောင်ကြီးမြို့ အမှတ်(၁၃)အခြေခံပညာအလယ်တန်းကျောင်းမှ မနန်းမြတ်စုခင်၊ ဒုတိယဆုရရှိသော တောင်ကြီးမြို့ အ-ထ-က(၂)မှ မဖူးပွင့်ခိုင်၊ တတိယဆုရရှိသော ဖယ်ခုံမြို့နယ် အ-ထ-က (၂) မှ မလှယဉ်မင်းတို့ကို အကဲဖြတ်ဒိုင်ချုပ် ဒေါ်ဥမ္မာခိုင်ကလည်းကောင်း ဆုများပေးအပ်ချီးမြှင့်ခဲ့ကြသည်။

ဆက်လက်၍ အကဲဖြတ်ဒိုင်အဖွဲ့မှ ဦးထွန်းအေးက အခြေခံပညာအဆင့်(၁၀-၁၅)(မ) မဟာဂီတပြိုင်ပွဲတွင် ပထမဆုရရှိသော အ-ထ-က(၂)တောင်ကြီးမှ မဖူးပွင့်ခိုင်၊ ဒုတိယဆုရရှိသော အ-ထ-က(ကလော)မှ မနန်းရွှေနု၊ တတိယဆုရရှိသော တောင်ကြီးမြို့နယ် အ-ထ-က(ဟမ်းဆီး) မှ မနန်းစိန်မြတို့ကို ဆုများချီးမြှင့်ပြီး ရှေးဟောင်းသုတေသနနှင့်ယဉ်ကျေးမှုဦးစီးဌာနမှ ကွန်ပျူတာလုပ်ဆောင်ရေးမှူး ဒေါ်ခင်ဝင်းဆွေက အဆင့်မြင့်ပညာအဆို(မ)မဟာဂီတတွင် ပထမဆုရရှိသော တောင်ကြီးတက္ကသိုလ်မှ မသက်နှင်းဦး၊ ပတ္တလားအတီးပြိုင်ပွဲတွင် ပထမဆုရရှိသော ညောင်ရွှေမြို့နယ် အ-ထ-ကမှ မအေးချမ်းပြည့်ဖြိုး၊ တယောထိုးပြိုင်ပွဲတွင် ပထမဆုရရှိသော တောင်ကြီးမြို့ အ-ထ-က (၄)မှ မောင်မင်းခန့်လှိုင်၊ ဝါသနာရှင်(ဒုတိယတန်း) အဆင့်အရေးပြိုင်ပွဲတွင် ပထမဆုရရှိသော ညောင်ရွှေမြို့နယ်မှ ဦးလှဝေတို့အား ဆုများချီးမြှင့်ပေးသည်။ ထို့နောက် အကဲဖြတ်ဒိုင်အဖွဲ့မှ ဒေါ်နီနီဝင်းက ကဗျာလွတ်ယိမ်း အကပြိုင်ပွဲတွင် ပထမဆု ရရှိသော အ-ထ-က ရပ်စောက်မြို့နယ်၊ ဒုတိယဆုရရှိသော အ-ထ-က(၇)တောင်ကြီးမြို့နှင့် တတိယဆုရရှိသော အ-ထ-က ဖယ်ခုံမြို့တို့အား ဆုများချီးမြှင့်ပေးသည်။ အကဲဖြတ်ဒိုင်ချုပ်နှင့် ဒိုင်အဖွဲ့ဝင်များအား ခရိုင်ပညာရေးမှူး ဦးအုန်းကျော်သန်းက အမှတ်တရ လက်ဆောင်များ ပေးအပ်ခဲ့ကြောင်းသိရသည်။ **ခရိုင်ပြန်/ဆက်**

# ကျောင်းသား၊ ကျောင်းသူ လူငယ်လေးများဗဟိုပြု အသိပညာပေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်



**ရန်ကုန် စက်တင်ဘာ ၂၂**
ရန်ကုန်တိုင်းဒေသကြီး မရမ်းကုန်းမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ မြို့နယ် ဦးစီးမှူးနှင့်ဝန်ထမ်းများသည် အနာဂတ်နိုင်ငံတော်ကြီးတွင် လူ့စွမ်းအားအရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်စေရန်အတွက် မြို့နယ်အတွင်းရှိ အစိုးရ ထက်၊ လယ်၊ မူ ကျောင်းများသာမက မြို့နယ်အတွင်းရှိ ပရဟိတ ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ပါ သွားရောက်၍ ကျောင်းသား၊ ကျောင်းသူလူငယ်လေးများ ဗဟိုပြုအသိပညာပေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိရာ ယင်းဆောင်ရွက်မှုများတွင် စာပေဖတ်ရှုခြင်းဖြင့် ရရှိနိုင်သော အကျိုးကျေးဇူးများအကြောင်း အသိပညာပေးဟောပြောခြင်း၊ စိတ်ခွန်အားကိုပေးသော ပုံပြင်များ ပြောပြခြင်း၊ ကစားစရာရုပ်ပုံစက္ကူခေါက်နည်းများသင်ကြားပေးခြင်း၊ ရိုးရှင်းသောပန်းချီရေးဆွဲနည်းများဖြင့် ပုံဆွဲသင်ကြားခြင်း၊ စိတ်၊ ခန္ဓာကိုယ်သွက်လက်ရွှင်လန်းစေသည့် ကိုယ်ကာယလေ့ကျင့်ကစားနည်းများ ပြသဆောင်ရွက်ပေးခြင်း၊ ဉာဏ်ရည်ထက်မြက်သွက်လက်စေပြီး အင်္ဂလိပ်စာဗဟုသုတများ တိုးပွားရရှိစေသည့် အင်္ဂလိပ်စာလုံးပေါင်းဆက်သည့် ဂိမ်းကစားခြင်းများဆောင်ရွက်ပေးခြင်း၊ ကွမ်း၊ ဆေးလိပ်သုံးစွဲမှုမှရရှိနိုင်သော အန္တရာယ်များအကြောင်း၊ လူကုန်ကူးမှုအန္တရာယ်အကြောင်း အသိပညာပေးနံရံကပ်စာစောင်များ ပြသခြင်းအပြင် အင်္ဂလိပ်စကားလုံးတစ်ခုချင်းစီ၏ စာလုံးပေါင်းသတ်ပုံနှင့် အဓိပ္ပာယ်ကို အချိန်တိုအတွင်း မှန်ကန်မြန်ဆန်စွာ ဖြေဆိုနိုင်သူ ကျောင်းသား၊ ကျောင်းသူလူငယ်လေးများကိုလည်း ဆုလက်ဆောင်များချီးမြှင့်၍ ဝန်ဆောင်မှုများ ပေးခြင်းဖြစ်ကြောင်း သိရသည်။

အဆိုပါဆောင်ရွက်မှုများကို စက်တင်ဘာ၂၀ ရက်က မရမ်းကုန်းမြို့နယ် အမှတ်(၅)ရပ်ကွက်ရှိ ပိတောက်ရွှေဝါ ဘုန်းတော်ကြီးသင်ပညာရေးကျောင်းနှင့် ရတနာ့ဗိမာန်ဘုန်းတော်ကြီးသင် ပညာရေးကျောင်းများသို့ သွားရောက်၍ အသိပညာပေးဝန်ဆောင်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**မြို့နယ်(ပြန်/ဆက်)**

# မြိုင်ကြီးငူအထူးဒေသ ယာယီစစ်ဘေးရှောင်ပြည်သူများအား ထောက်ပံ့ပစ္စည်းများပေးအပ်

**ဘားအံ စက်တင်ဘာ ၂၂**

ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် မဲလရောဒေသတွင် တိုက်ပွဲများဖြစ်ပွားမှုကြောင့် ဒေသခံပြည်သူများသည် မြိုင်ကြီးငူအထူးဒေသသို့ ယာယီစစ်ဘေးရှောင် ပြောင်းရွှေ့နေထိုင်လျက်ရှိရာ ကရင်ပြည်နယ်အစိုးရအဖွဲ့၊ ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် ပြည်နယ်ဝန်ကြီးများက စက်တင်ဘာ ၁၇ ရက် နံနက်ပိုင်းက သွားရောက်နှုတ်သိမ့်အားပေးပြီး ထောက်ပံ့ပစ္စည်းများ ပေးအပ်ကြသည်။

ယာယီစစ်ဘေးရှောင်ပြည်သူများ၏ ကျန်းမာရေးစောင့်ရှောက်မှုကိုဆောင်ရွက်ပေးနေသော မြိုင်ကြီးငူတိုက်နယ် ဆေးရုံမှ တာဝန်ခံဆရာဝန် ဒေါက်တာသန်းထိုက်အောင်က ကုသရေးပိုင်းနှင့်ကာကွယ်ပိုင်းဟူ၍ နှစ်မျိုးခွဲထားကြောင်း၊ မြို့နယ်နှင့်ပြည်နယ်များမှလည်း ကျန်းမာရေးဝန်ထမ်းအင်အားဖြည့်ပေးထားကြောင်း၊ ကုသရေးအပိုင်းတွင် အဖွဲ့နှစ်ဖွဲ့ခွဲ၍ မြပန်းဝတ်မှုံခန်းမဆောင်နှင့် အေးလင်းသာယာကျောက်စာကွင်းတို့တွင် ဆေးခန်းနှစ်ခန်းဖွင့်လှစ်၍ ကုသပေးကြောင်း၊ ကာကွယ်ရေးပိုင်းတွင် ပြည်သူ့ကျန်းမာရေးမှကလေးများအားကာကွယ်ဆေးထိုးနှံပေးမည်ဖြစ်ကြောင်း၊ အစားအသောက်နှင့် ရေသန့်ရှင်းရေးတို့ကိုလည်း အစုအဖွဲ့များဖွဲ့၍ လုပ်ဆောင်နေကြောင်း ပြောကြားသည်။

ယာယီစစ်ဘေးရှောင်ကလေးငယ်များ၏ ပညာသင်ကြားရေး အဆင်ပြေချောမွေ့စေရန်အတွက် ဆောင်ရွက်ပေးနေသော လက်ထောက်မြို့နယ်ပညာရေးမှူး ဦးစိုးထွန်းက ကလေးများစာသင်နိုင်ရေးအတွက် ပထမဦးဆုံး ဆရာ ဆရာမများက ကလေးစာရင်းကို ကောက်ယူကြကြောင်း၊ မြပန်းဝတ်မှုံ၊ အေးလင်းသာယာကွင်းနှင့် ချယ်ရီမြိုင်ရပ်ကွက်တို့တွင် စုရပ် သုံးနေရာထား၍ စာသင်ကြားပေးလျက်ရှိကြောင်း၊ ဆရာ ဆရာမများကိုလည်း စာသင်ဌာနများအလိုက် နေရာခွဲ ပေးထားကြောင်း၊ ဆရာ ဆရာမ ၂၀မှ မူလတန်းကျောင်းသား ကျောင်းသူ ၂၄၁ ဦး နှင့် အလယ်တန်း ကိုးဦးတို့အား စာသင်ကြားပေးလျက်ရှိကြောင်း ပြောကြားသည်။

မြိုင်ကြီးငူအထူးဒေသတွင် မဲလရောဒေသမှ ဒေသခံပြည်သူ အိမ်ထောင်စု ၆၇၅ စု လူဦးရေ ၃၈၇၄ ဦး ယာယီစစ်ဘေးရှောင်ပြောင်းရွှေ့နေထိုင်လျက်ရှိရာ ကရင်ပြည်နယ်အစိုးရအဖွဲ့ ပြည်နယ်ဝန်ကြီးချုပ်ဒေါ်နန်းခင်ထွေးမြင့်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌဦးစောချစ်ခင်၊ ဒုတိယဥက္ကဋ္ဌ ဒေါ်နန်းသူဇာဝင်း၊ ပြည်နယ်အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ပြည်နယ် အဆင့်ဌာနဆိုင်ရာ တာဝန်ရှိသူများက နှုတ်သိမ့်အားပေးစကားများပြောကြား၍ ပဲနီလေး ၆၇၅ ပိဿာ၊ ဟင်းချိုမှုန့် တစ်ပေါင် ထုပ် ၆၇၅ ထုပ်၊ ငရုတ်သီးမှုန့် ၁၃၅ ပိဿာ၊ ကြွေရည်သုတ်ပန်းကန်နှင့်ခွက် ၅၀ ဖာ၊ ပဲနို့ဘူး ၁၁၆၂၈ ဘူး၊ အာလူးကြော် ၁၁၆၂၂ ထုပ်၊ ရှပ်အင်္ကျီ၊ အနွေးထည်၊ ဦးထုပ်၊ စောင် အစရှိသည့် အဝတ်အထည်များ၊ စာအုပ်စာစောင်များ၊ စစ်ဘေးရှောင်ကလေးငယ်များ ပညာသင်ကြားနိုင်ရေးအတွက် သင်ထောက်ကူပစ္စည်းများ၊ ကလေးကစားစရာ အရုပ်များ၊ အားကစားပစ္စည်းများအား ထောက်ပံ့ပေးအပ်ခဲ့သည်။




**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ကမ္ဘာ့လူဦးရေနေ့ဖိတ်ခေါ်စာစီစာကုံးပြိုင်ပွဲတွင် တစ်နိုင်ငံလုံးတွင်ပထမဆုရကျောင်းသူအား ဂုဏ်ပြုဆုချီးမြှင့်

**မြင်းမူ စက်တင်ဘာ ၂၂**


ကမ္ဘာ့လူဦးရေနေ့ဖိတ်ခေါ် စာစီစာကုံးပြိုင်ပွဲ တစ်နိုင်ငံလုံးတွင် ပထမဆုရရှိခဲ့သော ကျောင်းသူအား ဂုဏ်ပြုဆုချီးမြှင့်ပွဲကို စက်တင်ဘာ ၁၆ ရက် မွန်းလွဲပိုင်းက မြင်းမူမြို့ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးရုံးစာကြည့်တိုက်တွင် ကျင်းပသည်။

ဇူလိုင် ၁၁ ရက်က နေပြည်တော်တွင်ကျင်းပသော ကမ္ဘာ့လူဦးရေနေ့ဖိတ်ခေါ်စာစီစာကုံး ပြိုင်ပွဲတွင် တစ်နိုင်ငံလုံး ဖြေဆိုသူဦးရေ ၃၄၉ ဦးတွင် "ဆယ်ကျော်သက် မိန်းကလေးများဘဝ မြှင့်တင်ရေး ရင်းနှီးမြှုပ်နှံပံ့ပိုးပေး"ခေါင်းစဉ်ဖြင့် ဝင်ရောက်ဖြေဆိုခဲ့ရာ ပထမဆုရရှိခဲ့သည့် မြင်းမူမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း နဝမတန်းကျောင်းသူ မထက်ရွှေရည်မြင့်အောင်အား မြင်းမူ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်သီတာအောင်က ဂုဏ်ပြုဆု ချီးမြှင့်ပေးခဲ့သည်။

မထက်ရွှေရည်မြင့်အောင်က ကျေးဇူးတင်စကားပြောကြားရာတွင် "စာစီစာကုံးပြိုင်ပွဲကို ဝင်ရောက် ဖြေဆိုနိုင်ဖို့အတွက် စာကြည့်တိုက်ကနေ သိချင်လိုချင်သော အကြောင်းအရာ အချက်အလက် မှန်သမျှရှာဖွေစုစည်းပြီး မှတ်သားဖြေဆိုနိုင်ခဲ့လို့ အခုလိုဆုကို ဆွတ်ခူးနိုင်ခဲ့တာပါ။ ဒါကြောင့်မို့ ကျွန်မတို့လို စာပေဝါသနာအိုးတွေအတွက် လိုချင်သော အချက်အလက်၊ အကြောင်း အရာတွေကို ရယူနိုင်လို့ တန်ဖိုး မဖြတ်နိုင်တဲ့ စာကြည့်တိုက်မှာ ဘဝတူ ကျောင်းသား ကျောင်းသူများကို အသိပညာ ဗဟုသုတများ တိုးပွားအောင် စာကြည့်တိုက်မှာလာရောက်လေ့လာဖတ်မှတ်ကြပါရန် တိုက်တွန်းလိုပါတယ်" ပြောကြားခဲ့သည်။

**သီတာအောင်(ပြန်/ဆက်)**

# မင်းဘူးဒေသတွင် သဘော်သီးဈေးကောင်း၍စီးပွားဖြစ်စိုက်ပျိုးလာ



**မင်းဘူး စက်တင်ဘာ ၂၂**

မကွေးတိုင်းဒေသကြီး မင်းဘူးမြို့နယ်ဝန်းကျင်တွင် သဘော်ပင်ကို ဧကလိုက်စီးပွားဖြစ်စိုက်ပျိုးကြပြီး ယနေ့ကာလတွင် သဘော်သီးဈေးကောင်းပြီး သဘော်ပင်စိုက်တောင်သူ များပြားလာကာ အဆင်ပြေဝင်ငွေတိုးကြောင်း သဘော်ပင်စိုက်တောင်သူများထံမှ သိရသည်။

သဘော်သီးစားသုံးခြင်းသည် ဝမ်းမီးကိုနူးစေပြီး ကျန်းမာရေးအတွက် အလွန်ကောင်းသော သီးနှံဓာတ်စာတစ်မျိုးဖြစ်သည်။ ယခုနောက်ပိုင်း ယာမြေစိုက်ပျိုးရေးတွင် အရှုံးပေါ်နေသဖြင့် ဥယျာဉ်ခြံမြေအဖြစ် ပြောင်းလဲကာ သဘော်သီးကို စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း သိရသည်။

"ကျွန်တော်က သဘော်ပင်စိုက်ပျိုးရာတွင် သဘော်အရှည်မျိုး၊ အပုမျိုးဆိုပြီး နှစ်မျိုးလုံးကို စိုက်ပျိုးကြတယ်။ စီးပွားဖြစ် စိုက်မယ်ဆို စိုက်ပျိုးမြေကို ထယ်ထိုးမွှေပြီး အမြင့်တစ်ပေ၊ အကျယ် သုံးပေပေါင်တွေပြုလုပ်ရတယ်။ ပေါင်တွေကို ရှစ်ပေခြားလောက်ပြုလုပ်ပြီး ၎င်းပေါင်ပေါ်မှာ ခြောက်လက်မကျင်းငယ်တွေတူးပြီး ကျင်းထဲကို နွားချေး၊ မြေဆွေးထည့်ပြီး နှပ်ထားရမယ်။ တစ်ဖက်မှာ သဘော်မျိုးစေ့တွေကို စိုက်ပျိုးထားပြီး ၄၅ ရက်လောက်ရှိရင် အပင်ပေါက်တွေကို တူးထားတဲ့ကျင်းထဲထည့်ပြီး စိုက်တယ်။ အပင်ငယ်စဉ်မှာ နွားချေး၊ ကြက်ချေးတွေကို မြေသြဇာအဖြစ်သုံးတယ်။ စိုက်ခင်းထဲကို ရေနှစ်ရက်တစ်ကြိမ်လောက်ရေသွင်းပေးရမယ်။ နှစ်နှစ်သားလောက်ဆို အသီးစပြီးသီးပါတယ်" ဟု မင်းဘူးမြို့ ကျောက်တန်းကျေးရွာနေ တောင်သူကိုအေးရွှေက ပြောသည်။

သဘော်သီးမှည့်တစ်လုံးကို ငွေကျပ် ၈၀၀-၁၀၀၀ ဈေးရှိပြီး အစိမ်းဆိုတစ်လုံး ငွေကျပ် ၃၀၀-၄၀၀ ရတယ်။ သဘော်သီးမှည့်ကို သစ်သီးဆိုင်များ၊ ဖျော်ရည်ဆိုင်များမှ ဝယ်ယူကြပြီး သဘော်သီးအစိမ်းကို ဖောက်သည်ပေးရောင်းချရတယ်။ ယခုလက်ရှိ သဘော်ပင် ၂၀၀ လောက်ကထွက်ရှိနေပြီး မနှစ်က ၁၈ သိန်းလောက် ဝင်ပါတယ်ဟု ၎င်းမှပြောပြသည်။

"ကျွန်မက သစ်သီးမျိုးစုံရောင်းချပါတယ်။ ကိုယ့်ဒေသကထွက်တဲ့ အသီးကိုဖောက်သည်ယူရောင်းချသလို ပွင့်ဖြူဘက်ကလာတဲ့ သဘော်သီးတွေလည်း မှာယူပြီးရောင်းပါတယ်။ အလုံးသေးရင် ငွေကျပ် ၅၀၀- ၆၀၀၊ အလုံးကြီးတွေက တစ်လုံး ငွေကျပ် ၁၂၀၀- ၁၅၀၀ ထိဈေးရှိပြီး စားသုံးသူများတာကြောင့် တစ်နေ့ချင်း ကုန်ကြောင်း" မင်းဘူးမြို့နေ သစ်သီးမျိုးစုံရောင်းချသူ မမွန်က ပြောပြသည်။

**ဖိုးပြည့်(မင်းဘူး)**

# ပျားလုပ်ငန်းဦးစီးဌာနမှဦးဆောင်၍ပျားလုပ်ငန်းရှင်များနှင့် တောင်သူများ တွေ့ဆုံညှိနှိုင်းဆွေးနွေး

**ကနီ စက်တင်ဘာ ၂၂**

စစ်ကိုင်းတိုင်းဒေသကြီး ယင်းမာပင်ခရိုင် ကနီမြို့နယ်တွင် နှစ်စဉ်ဇီးပွင့်ရာသီတွင် ပျားမွေးမြူရေးလုပ်ငန်းငန်းရှင်များ လာရောက်လုပ်ကိုင်ဆောင်ရွက်လျက်ရှိရာ တောင်သူများ၏ လိုလားဆွေးနွေးတင်ပြချက်များကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန ပျားလုပ်ငန်းဌာနမှ ဦးဆောင်၍ ပျားလုပ်ငန်းဌာန တာဝန်ရှိသူများ၊ တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များ၊ ပျားလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများနှင့် ဇီးစိုက်တောင်သူများ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို စက်တင်ဘာ ၁၈ ရက်က ကနီမြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပကြောင်း သိရသည်။

အခမ်းအနားတွင် ပျားလုပ်ငန်းဌာန ညွှန်ကြားရေးမှူး၊ တိုင်းဒေသကြီးဦးစီးမှူး၊ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များနှင့် မြို့နယ်စီမံခန့်ခွဲမှုကော်မတီ ဥက္ကဋ္ဌတို့က ဆွေးနွေးအမှာစကားပြောကြားပြီး ဒေသခံဇီးစိုက်တောင်သူများမှ လိုလားချက်များအားတင်ပြရာ တာဝန်ရှိသူတို့ကညှိနှိုင်းဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။

ယင်းညှိနှိုင်းဆွေးနွေးပွဲသို့ ပျားလုပ်ငန်းဌာန ညွှန်ကြားရေးမှူး ဦးအောင်မင်း၊ တိုင်းဒေသကြီးပျားလုပ်ငန်းဌာန ဦးစီးမှူးနှင့်ဝန်ထမ်းများ၊ ကနီမြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်များ၊ ယင်းမာပင်မြို့နယ် တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ် ဒေါ်အောင်မေရီ၊ ဘုတလင်မြို့နယ် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်၊ ယင်းမာပင်ခရိုင် ဦးစီးအရာရှိ ဦးမျိုးဇော်သန်း၊ မြို့နယ်စီမံခန့်ခွဲမှုကော်မတီဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီး ပျားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများ၊ ပျားလုပ်ငန်းရှင်များ၊ မြို့နယ်အတွင်း ပျားပုံးချထားသောကျေးရွာ အုပ်စုအုပ်ချုပ်ရေးမှူးများနှင့် ဇီးစိုက်တောင်သူကိုယ်စားလှယ်များ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

ယင်းပျားလုပ်ငန်းရှင်များ၊ ဌာနဆိုင်ရာများနှင့် ဇီးစိုက်တောင်သူများ တွေ့ဆုံညှိနှိုင်းဆွေးနွေးပွဲကို ကနီမြို့တွင် ပထမဆုံးအကြိမ်ကျင်းပခြင်းဖြစ်သည်။

ယင်းသို့ဆောင်ရွက်ရခြင်းမှာ ပျားလုပ်ငန်းရှင်များနှင့် ဇီးစိုက်တောင်သူများ အားလုံး အကျိုးဖြစ်ထွန်းပြီး မြို့နယ်အတွင်း စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ စနစ်တကျရှိပြီး တိုးတက်ဖွံ့ဖြိုးရေးအတွက် တွေ့ဆုံဆွေးနွေး ညှိနှိုင်းဆောင်ရွက်ရခြင်းဖြစ်ကြောင်း သိရသည်။ **သန်းဌေးအောင်(ကနီ)**

# ပိုးမွှားရောဂါကျရောက်မှုကာကွယ်ရေးပညာပေးလုပ်ငန်းများဆောင်ရွက်

**ကော့မှူး စက်တင်ဘာ ၂၂**

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်အတွင်း စက်တင်ဘာ ၁၈ ရက် နံနက် ၉ နာရီက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနမှ မိုးစပါးအထွက်နှုန်း မထိခိုက်စေရေးနှင့် တိုးတက်စေရေးအတွက် ဖျက်ပိုးကျရောက်မှုကင်းထောက်မှတ်တမ်းယူခြင်း ကာကွယ်နှိမ်နင်းရေး၊ ပိုးသတ်ဆေးနှင့်သွင်းအားစုများအား စနစ်တကျထိရောက်စွာ သုံးစွဲပက်ဖျန်းခြင်းအဆင့်ဆင့်အား ပညာပေးဆောင်ရွက်ခြင်း ၊ လက်တွေ့သရုပ်ပြခြင်း၊ ဘက်စုံကာကွယ်နှိမ်နင်းရေးအတွက် ဆောင်ရွက်ခဲ့ကြသည်။

ယင်းနောက် ကျေးရွာအုပ်စုများတွင် စည်းရုံး၍ မီးထောင်ချောက်များထွန်းညှိခြင်းများဆောင်ရွက်ရန်၊ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနနှင့် တိုင်းဒေသကြီးလွှတ်တော်ကိုယ်စားလှယ်များနှင့် ညှိနှိုင်းပူးပေါင်း၍ တစ်မြို့နယ်လုံး မီးထောင်ချောက်ထွန်းညှိကာကွယ်ခြင်းလုပ်ငန်းများအား ပိုးမွှားအနည်းအများအရ သုံးရက်မှ ငါးရက်အထိ ထွန်းညှိခြင်းများအား ဒုတိယအကြိမ် ဆောင်ရွက်ခဲ့ကြောင်း သိရသည်။ **ကျော်သူရ (ကော့မှူး)**



# (၅၂)နှစ်မြောက်မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကိုဂုဏ်ပြုကြိုဆို၊ ပြည်သူ့အကျိုးပြုလုပ်ငန်းဆောင်ရွက်

**ဟိုပန် စက်တင်ဘာ ၂၂**

(၅၂)နှစ်မြောက် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ဂုဏ်ပြုကြိုဆိုသောအားဖြင့် 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း ဟိုပန်ခရိုင် ဟိုပန်မြို့တွင် စက်တင်ဘာ ၁၈ ရက် နံနက် ၈ နာရီက ဟိုပန်ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီးသီဟန် ဦးဆောင်၍ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူးဝင်းနိုင်၊ စခန်းမှူးဒုရဲမှူး မောင်မောင်မြင့်နှင့် ရဲတပ်ဖွဲ့ဝင်များ၊ ယာဉ်ထိန်းတပ်ဖွဲ့စု(၁၂၆)မှ ရဲအုပ်ခင်မောင်ထွဋ်နှင့် ယာဉ်ထိန်းတပ်ဖွဲ့ဝင်များကပြည်သူ့ဆေးရုံဝင်းအတွင်းရှိ သစ်ပင်ချုံနွယ်များ၊ အမှိုက်သရိုက်များကိုရှင်းလင်းခြင်း စသည့်ပြည်သူ့အကျိုးပြုလုပ်ငန်းများ ဆောင်ရွက်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်ပြန်/ဆက်**

## ကြော်ငြာ


### "ဝမ်းမြောက်ဂုဏ်ယူ ဂါရဝပြုလွှာ"

တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ပီကင်းမြို့၊ ပြည်သူ့ခန်းမဆောင်ကြီး၌ ၂၃. ၈. ၂၀၁၆ရက်နေ့က ကျင်းပခဲ့သော Administration of Press, Publication, Radio, Film and Television of the P.R.C ၏ ဂုဏ်ပြုဆုနှင်းသဘင်တွင် မြန်မာစာအဖွဲ့အချိန်ပြည့်အဖွဲ့ဝင် ဆရာကြီးဒေါက်တာထွန်းတင့်အား SPECIAL BOOK AWARD OF CHINA ဆုချီးမြှင့်အပ်နှင်းခံရသည့်အတွက် အထူးဝမ်းမြောက်ဂုဏ်ယူ ဂါရဝပြုအပ်ပါသည်။



၁၉၆၈-၁၉၇၂ ပညာသင်နှစ်
မြန်မာစာအဓိကတပည့်များ

### SWEET SIXTEENTH BIRTHDAY

တစ်ဦးတည်းသောချစ်သမီး
THEO DORA (ခ) နဒီအောင်အေး
(Yr 10 Mercy College-Australia)

၂၃-၉-၂၀၁၆ ရက်တွင် ကျရောက်သော မွေးနေ့ရက်မြတ်မှစ၍ ကျန်းမာချမ်းသာပြီး လိုရာပန်းတိုင်ကို လျှောက်လှမ်းနိုင်ပါစေ၊ ဆန္ဒနဲ့ဘဝထပ်တူထပ်မျှ ရရှိနိုင်ပါစေလို့ ဆုမွန်ကောင်းတောင်းလိုက်ပါတယ်။

ဘွားဘွား - ဒေါ်ခင်ရီ
ပါပါး - ဦးအောင်ဇော်လင်း (ZERO ZONE BEER GARDEN)သိမ်ကြီးဈေး
မေမေ - ဒေါ်ခင်စန္ဒာအေး
မောင်လေး - ZORROW (ခ) သန့်သီဟအောင်အေး

### မွေးနေ့ ဆုတောင်း

၂၈.၈.၂၀၁၆ရက်နေ့တွင်ကျရောက်သော ချစ်သမီးကြီး ခရစ်(ခ)နင်းအေရှလီနှင့် ၂၃.၉.၂၀၁၆ရက်နေ့တွင်ကျရောက်သော ချစ်သားလေးဓေဓေ(ခ)သတိုးသီဟအောင်တို့၏မွေးနေ့ရက်မြတ်မှ နှစ်ပေါင်း၁၂၀ တိုင်အောင် စိတ်၏ချမ်းသာခြင်း ကိုယ်၏ကျန်းမာခြင်းနှင့်ပြည့်စုံပြီး လိမ္မာသော သားကောင်းရတနာ၊ သမီးကောင်းရတနာလေးများဖြစ်ပါစေ။

ချစ်ဘွားဘွား - ဒေါ်တင်မြဲထယ်ရှိုး
ချစ်ဖေဖေ + ချစ်မေမေ - ဦးဟန်ဦး + ဒေါ်သိုသိုကျွန်
ချစ်ကြီးကြီး - ဦးမင်းလွင် + ဒေါ်နွယ်နီထိုက်
ချစ်ဦးလေး - ဦးချန်နောင်ဘွင်(ခ)စည်သူမောင် + ဒေါ်ခင်မိုးလက်လက်
ချစ်ကြီးကြီး - ဦးတင်အေး + ဒေါ်မြို့မြိုကျွန်
ချစ်တီတီလေး - ဒေါ်သင်းသင်းကျွန်
ချစ်မောင်လေး/ချစ်ကိုကြီး - သုတမင်းလွှင်



သင် ——— အာပြစ်ချင်လဲ အာလုပ်ချင်လဲ
MWD VARIETY လိုင်းတွင်ပင်တိုင်ဟောပြောခဲ့သော
**ဆရာရှင်မင်း(B.A)**
အကြားအမြင် ဗေဒင်ဟောဆရာ
မန္တလေးမြို့မှထိပ်တန်းပညာရှင်ရန်ကုန်မြို့သို့ရောက်ရှိနေပါသည်။ ဖြစ်လိုသော ကိစ္စများကိုမှနေ၍ပညာဖြင့်ဆောင်ရွက်ပေးသည်။ နံ(၁)-၅၀၀၀/
ဆိုက်အမှတ်(၉၄)ပထမ မန္တလေးလမ်း(သယ်)မင်္ဂလာတောင်ညွန့်၊ ရန်ကုန်။ 09-421164758, 09-974088891

### ပျောက်ဆုံးကြောင်း

ကျွန်တော် ကိုနေလင်းအောင်[၇/ပခန(နိုင်)၃၉၄၄၃၀]၏ CDC-98434 သင်္ဘောသားလက်မှတ်မှာ ခရီးသွားရင်း ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိက အကြောင်းကြားပေးပါရန်။
ဖုန်း-၀၉-၄၂၀၀၅၄၁၂၀

### ဆရာကျော် "ဝါရင့်ကျွမ်းကျင်ယာဉ်မောင်း"

ကားတစ်စီးအား ယုံကြည်စိတ်ချစွာ မောင်းနှင်နိုင်ရန် သင်ကြားပေးသည်၊ လိုင်စင်ကိစ္စဆောင်ရွက်ပေးမည်။
Ph : 09-512-1284, 09-420-707802, 09-250-066210




### San brotherhood

"ဓစ်ဆေးဓမ်းသပ် (အခမဲ့)"
**Air-Con,** ရေခဲသေတ္တာ၊ အဝတ်လျှော်စက်များကို မြန်မြန် တပ်ဆင် ရောင်းဝယ် လဲလှယ် Servicing လုပ်ခြင်းများကို အာမခံဖြင့် အိမ်အရောက် ဝန်ဆောင်မှု ပေးနေပါသည်။
မိုးရာသီ အိမ်အရောက်ပို့ အထူးဈေးနှုန်း (၃နှစ်အာမခံ)




တပ်ဆင်ပြီးဈေးနှုန်း




ပါဝင်သောပစ္စည်းများ
Copper Pipe(10)Ft. Frame, Drain Pipe, Transportation, Installation


"အနီးဆုံးဆိုင်ခွဲသို့ဆက်သွယ်ရန်"
သမိုင်းလမ်းဆုံ (မရမ်းကုန်း) 681854, 706193, 09-73116475
FMI City (လှိုင်သာယာ) 706193,09-5084831,682445(Ext)1421
သုဝဏ္ဏလမ်းဆုံအနီး (မြောက်ဥက္ကလာ) 09-5190383, 09-73251535
ဟံသာဝတီ CNG အနီး (ကြည့်မြင်တိုင်) 703684, 09-43130068
Capital အနီး (ဒေါပုံ) 09-5053114, 73251545, 01-708842
ကျောင်းလမ်း (အလုံ) 01-704101 , 09-5002738 , 09-450023810
ကျောက်မြောင်း (တာမွေ) 01-704649, 09-73066836, 09-73004800
ရွှေဂုံတိုင်မီးပွိုင့်အနီး (ဗဟန်း) 09-43083868, 01-703241
တောင်/မြောက်လမ်းဆုံအနီး (တ/ဒဂုံ) 01-709114, 09-5019316

### KYN

ဒဂုံမြောက်ပိုင်း၊ အရှေ့ပိုင်း၊ ဆိပ်ကမ်း၊ တောင်ပိုင်း မြေကွက်များဝယ်ယူလိုသည်။
09-5034313,09-73022230,09-455034313

### အုတ်စက်လုပ်ငန်း ငှားရန်ရှိသည်

မှော်ဘီမြို့နယ်တွင် အုတ်စက်လုပ်ငန်း ခွင့်ပြုမိန့်ရရှိပြီး မြေ၊ စက်နှင့် အဆောက်အဦများ ငှားရန်ရှိသည်။
(ညှိနှိုင်းဈေး)
ဖုန်း-၀၉-၅၀၀၂၈၆၁




ရန်ကုန် - သမ္မတ၊ သွင်၊ မင်္ဂလာစံပြ (ဘုန်းကြီးလမ်း)၊ Top Royal (ပါရမီ)၊ မင်္ဂလာဂမုန်းပွင့် (လှည်းတန်း-စံရိပ်ငြိမ်)၊ မင်္ဂလာဝဇီရာ (လှိုင်သာယာ)
JCGV (Junction Spuare)၊ JCGV (Junction Mawtin)၊ မဟာမြိုင် (အင်းစိန်)၊ မြဟံသာ (သန်လျင်)
မန္တလေး - ဝင်းလိုက်၊ မြို့မ၊ JCGV၊ ပြည် - မင်္ဂလာထွန်းသီရိ
အဆင့်မြင့် ရုပ်ရှင်ရုံများတွင် တပြိုင်နက်ပြမည်။


**သစ်တောနဲ့သစ်ပင် ချစ်ခင်တဲ့လူမျိုး သစ်ပင်ကို နှစ်စဉ်စိုက် ရွှေတိုက်ကိုစိုး**

MPT
ရွှေသို့လှမ်းချီ မြန်မာပြည်




# သောကြာနေ့တိုင်းမှာ ငွေဖြည့်ပြီး အပိုဆု ရယူလိုက်ပါ။

| ငွေဖြည့်ပမာဏ | ငွေဖြည့်ကတ်ဖြင့် (အပိုဆု) | E-Topup ဖြင့် (အပိုဆု) |
|---|---|---|
| 1,000 Ks | 20 MB | 20 MB + 100 Ks |
| 3,000 Ks | 80 MB | 80 MB + 500 Ks |
| 5,000 Ks | 150 MB | 150 MB + 1,250 Ks |
| EVERY 10,000 Ks | 400 MB | 400 MB + 3,000 Ks |

- E-Topup ဖြင့်ငွေဖြည့်လျှင် အပိုဆုနှစ်မျိုး ရယူနိုင်ပါပြီ။
- ဇူလိုင်လ (၁၅)ရက်နေ့မှ စတင်၍ MPT ၏ Prepaid GSM/WCDMA မိုဘိုင်းဖုန်း အသုံးပြုသူများအားလုံး ဝယ်ယူအသုံးပြုနိုင်ပါသည်။
  (Data အပိုဆုများသည် ဆွေသဟာ အသုံးပြုသူများအတွက်သာ)
- အပိုဆုငွေများဖြင့် MPT မိုဘိုင်းဖုန်းများအချင်းချင်း ဖုန်းခေါ်ဆိုခြင်းနှင့် စာတိုပေးပို့ခြင်း၊ အင်တာနက်အသုံးပြုခြင်းများ ပြုလုပ်နိုင်ပါသည်။
- အပိုဆုငွေများကို ငွေဖြည့်သွင်းသည့် သောကြာနေ့မှစတင်၍ (၇)ရက်အတွင်း အသုံးပြုနိုင်ပါသည်။
- Data အပိုဆုများကို ငွေဖြည့်သွင်းသည့် သောကြာနေ့မှစတင်၍ တနင်္ဂနွေနေ့အထိ အသုံးပြုနိုင်ပါသည်။

အသေးစိတ်သိရှိလိုပါက

www.mpt.com.mm   www.facebook.com/mptofficialpage   MPTOFFICIAL

CALL CENTER 106 | call free 24 hours everyday

## ကြော်ငြာ

License No(661)

# သာကီနွယ်

Hmwe Taunggyi Business Group Travel & Tours Co.,Ltd မှစီစဉ်သည့်

ဗုဒ္ဓဂယာဘုရားဖူးပို့ဆောင်ရေး

**Hot Line - 01-200952**

တန်ဆောင်မုန်းလပြည့် နှင့် ဓါတ်တော်တိုက်ဖွင့်ပွဲ အထူး Promotion ခရီးစဉ်ကြီး

(၂၂.၁၀.၂၀၁၆)(၁၂.၁၁.၂၀၁၆) ထွက်ခွာမည့် (၁၅) ရက်ခရီးစဉ်အား ကျသင့်ငွေ (~~၁၂၅~~)သိန်း အစား (၉.၈)သိန်းဖြင့်

၂၀၁၆ ခုနှစ်အတွက် စနေနေ့တိုင်းခရီးစဉ် ထွက်ရှိပါမည်

- မြန်မာကျပ်ငွေဖြင့်သာ ရှင်းရှင်းလင်းလင်းပေးချေနိုင်ခြင်း / သံဝေဇနိယလေးဌာန၊ အဝိဇဟိတလေးဌာန၊ နယူးဒေလီ၊ တစ်ချပ်ဟော/ခရီးစဉ်တစ်လျှောက်လုံး Ph.Dဆရာတော်၊ အဖွဲ့ခေါင်းဆောင်၊ အတူအလုပ်သမား
- ရန်ကုန်မှထွက်ခွါ/ပြန်ရောက်သည့်အထိ အပိုငွေကြေးလုံးဝထပ်မကောက်ပါ /ပိုးချဲအခမဲ့၊ အဆင့်မြင့်ကျန်းမာရေး ဝန်ဆောင်မှု/ ကြာသတ်နံးလှူဒါန်းပေးခြင်း/(၄၅)ဦးစီး Air-con Express
- တားကြီးဖြင့်(၃၅)ဦးသာလက်ဆောင်ပစ္စည်းအစုံအလင် /အိန္ဒိယနိပေါ ဗီဇာသံရုံးလိုက်ရန်မလို/ Air Ticket အသွားအပြန် ဟိုတယ် (၃)ညအိပ်၊ မြန်မာအစားအစာ(၃)ကြိမ်+အစာပြေ(၁)ကြိမ်
- ဗီဗီယိုရိုက်ကူးခြင်း၊ နယ်ဘုရားဖူးများအတွက် တည်းခိုမှု/ ရက်ရှည်တရားထိုင်ချင်သူများအတွက်သီးသန့်ခရီးစဉ်နှင့် အထူးခရီးစဉ်များ စီစဉ်ပေးခြင်း/(၁၆)ဦးလျှင်(၁)ဦး အခမဲ့

ဈေးနှုန်းလျှော့ချထားခြင်းသည် ခရီးသွားများ သက်သာစေရန်နှင့်လှူဒါန်းရန်အတွက် ကုသိုလ်ယူဆောင်ရွက်ပေးခြင်းဖြစ်သည်။

ရန်ကုန်(ရုံးချုပ်) - အမှတ်(၁၀၅)(ပ)ထပ်၊ ၁၂၃ လမ်း(အပေါ်လမ်း)၊ သိမ်ဖြူကားမောင်းကွင်းရှေ့၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၁-၂၀၀၉၅၂ ၀၉-၇၇၈၈၂၂၂၆၀ ၊ မန္တလေးရုံး - ၀၉-၇၇၈၈၂၂၂၅၀ တောင်ကြီးရုံး - ၀၈၁-၂၀၀၁၇၇၊ ၀၉-၇၇၈၈၂၂၂၄၀

ကိုသန့်ဇင်
CAR RENTAL
ကားမျိုးစုံခနိုးစဉ်အချိန်ပိုင်းငှားသည်။
ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ။
09-43117680, 09-5059821

**ကား** မျိုးစုံ
(Alphard/Crown/MarkII/ခန့်တဘုံ/Hiace၉/၁၃၀ယောက်စီး ၂၄/၂၆/၃၃/၄၅/၄၉ ယောက်စီး) များကို ခရီးစဉ်အမျိုးမျိုးအတွက် ယာဉ်ပိုင်ရှင်များကိုယ်တိုင် ကျိုးသာစွာဖြင့် ငှားရမ်းပေးပါသည်။
Ph:09795549249:095418126

# KMD
Computer & Mobile

**Smartphone & Tablet** များဝယ်ယူပြီး
ဗလာမပါကံစမ်းမဲများရယူပါ...

LUCKY DRAW SALE
23-30 SEPT 2016



ဗလာမပါကံစမ်းမဲ
ပစ္စည်းများစွာ..

(ပန်းဆိုးတန်း) ၁၇၄-၁၈၂ ပန်းဆိုးတန်းလမ်း(အလယ်)၊ ကျောက်တံတားမြို့နယ်။ ☎ ၂၄၅၁၈၀၊ ၃၈၅၈၇၇ ၊ လိုင်းခွဲ-၁၂၄၊၁၄၅။

# idEa
# IDEA Digital Inkjet Printing
GRAPHIC DESIGN & PROFESSIONAL SIGNWORKS

**HP Latex printing, Digital Printing, CNC LASER , Acrylic Works, PRINT & CUT , LED Display, Display Stand**

No.220/222, Botahtaung Pagoda Road, Pazundaung Township, Yangon, Myanmar. Tel : 01 90 100 48 ~ 54, 59, Ext 10 to 110.
**Hot Line : 09 430 70009, 09 430 70010, 09 430 70067**
E-mail : ideadesigndept@gmail.com, info@ideamyanmar.com

STRATEGY FIRST

# ICM
Internationally Recognised Qualifications from
**Institute of Commercial Management, UK**



single subject diploma in
**Management of Travel and Tourism Operations**
Lecturer:
Daw Thida Han, M.Econ (Stats), B.Econ (Hons) (YIE), Dip in Tourism Studies and Management
Every Sunday - 3:00 to 5:30 pm
Starting Date - 25 September 2016

single subject diploma in
**International Business Communications**
Lecturer:
Ms. Carine Le Port, Master of Commerce (UQ)
Every Sunday - 6:00 to 8:30 pm
Starting Date - 25 September 2016

Program Fees – 420,000 kyats + 105 USD for exam & reg

**CALL NOW: (09) 250 7171 66 ~ 68**

#8, Ground Floor, Panchan Tower, Myaynigone, Sanchaung Township, Yangon.

မှခင်းအန္တရာယ်ကြီးတင်ကာကွယ်နိုင်ကြပြီး မှခင်းအသိပညာရရှိစေဖို့
# မှခင်း
အမှတ်စဉ်(K/29)ယနေ့ထွက်ပြီ
ရှုထောင့်ဂျာနယ် ဖတ်ကြစို့
Ph-01-397164, 01-9000017

★ရန်ကုန်မြို့လယ်မှာအနုကြမ်းစီးခံရတယ်ဆိုပြီး နာမည်ကြီးနေတဲ့ (၃၅)လမ်းက ဖြစ်ရပ်အမှန် ★အချစ်ကြီးပြီး အမျက်ကြီးကာ ဓားနဲ့ထိုးသတ်ခဲ့တဲ့ မန္တလေးကဖြစ်ရပ် ★လစာကောင်းကောင်းရမယ် မက်လုံးပေးပြီး အနှိပ်ခန်းမှာပြည့်တန်ဆာလုပ်ခိုင်းတဲ့ဖြစ်ရပ် ★လူပျိုဆိုလိမ်ညာခေါ်ပြီး တည်းခိုခန်းမှာ တစ်ညတာပေါင်းသင်းသူကို အရေးယူ ★ဖုန်းဆက်တာမရလို့ အိမ်သော့ဖျက်ပြီး ဝင်ကြည့်လိုက်တော့.. ★လှေကားပေါ်က ပြုတ်ကျသေဆုံးခဲ့တယ်ဆိုပေမဲ့ သေချာစုံစမ်းစစ်ဆေးလိုက်တော့ လူသတ်မှုဖြစ်နေတဲ့ဖြစ်ရပ် ★ကွင်းဆက်တရားခံများအဆင့်ဆင့်ဖော်ထုတ်မှုကြောင့် ဖမ်းမိခဲ့တဲ့စိတ်ကြွဆေးပြားနဲ့ လက်နက်ခဲယမ်းများ ★ကောက်ပင်စိုက်ခင်းထဲကျွဲလွတ်ရာမှဖြစ်ပွားခဲ့တဲ့ လူ့ပွတ်ကာလူသတ်မှု ★ငါးဝင်ကောက်သူလူငယ်ရဲ့လည်ကုပ်ကို ဓားနဲ့ခုတ်ခဲ့သူ ★ပဟေဠိဆန်ဆန်ဖြစ်ပွားခဲ့တဲ့ တပ်ကုန်းမြို့နားက ဖနီးရောင်ပွန်းပါးဒဏ်ရာတွေနဲ့သေဆုံးနေတဲ့ဖြစ်ရပ်... စတဲ့သတင်းများနှင့်အတူ ..ကဏ္ဍစုံလင်စွာဖတ်ရှုရမည်။

# ဒဂုံမြို့သစ်
အရှေ့ပိုင်း
သိပ်ကင်းမြို့နယ်
တောင်ပိုင်း၊ မြောက်ပိုင်း
များရှိ မြေကွက်များကို
ဈေးကောင်း ပေးဝယ်သည်။
09-6809893
09-5120620

ဆီးဝမ်းလေဖွန် အကြောပြေရန် ဆောက်ပါမင်္ဂနေ့

# ကေသီဝန်
ဝမ်းပျော့အကြောပြေဆေး

အမြဲတမ်းဝမ်းချုပ်တတ်သူများအတွက်
အထူးအားထားရသည့် ဆေးစွမ်းကောင်းတစ်လက်ဖြစ်ပါသည်။

မှတ်ချက် ။ ဝမ်းနုတ်ဆေးမဟုတ်၍ ဗိုက်နာခြင်း၊ ဝမ်းသွားလွန်ခြင်း မရှိပါ။

TMR-005459(0317)

မြို့အမှတ် 4C(A)၊ အေးသာယာလမ်း၊ ဘောက်ထော်၊ ဖုန်း - ၀၁ - ၄၀၁၁၀၀၊ ၀၁ - ၅၄၅၂၅၉၊ ၀၁ - ၈၆၀၄၃၆၆


Plasmacluster Ion
SHARP
SEE THE WORLD THROUGH JAPAN TECHNOLOGY
MONSOON
မိုးရာသီ အထူး
ဈေးရောင်းပွဲတော်
Jun to 30th Sept
LC-50LE440M
လက်မ 50 TV
1st ပထမဆု
SJ-K34T-SL
ရေခဲသေတ္တာ
2nd ဒုတိယဆု
ES-T75X-WN
Twin Tub
3rd တတိယဆု
EM-125L(W)
7 Pieces
EI-N04
20 Pieces
AQUOS
အခြားဆုမဲပေါင်းများစွာ
Lucky Draw
ကူပွန်တစ်စောင်
ရယူလိုက်ပါ။
JAPAN TECHNOLOGY
Since 1912
သင့်ရဲ့လှပသောမိုးရာသီကို ဂျပန်နိုင်ငံမှ အဆင့်မြင့်နည်းပညာများဖြင့် ထုတ်လုပ်ထားသော SHARP ELECTRONIC
ပစ္စည်းများနှင့်အတူ ဖြတ်သန်းလိုက်ပါ။
SHARP MYANMAR SERVICE CENTER နှင့် ဆက်သွယ်နိုင်သည့်ဆိုင်များ
ရန်ကုန်မြို့ SHARP SHOWROOM အမှတ်(၁၇၃/၁၇၅)၊ ပထမထပ်၊ မြေညီထပ်၊ ပန်းဆိုးတန်းလမ်း၊ ရန်ကုန်မြို့။ ဖုန်း - ၀၁ ၂၅၃ ၄၂၅။
မန္တလေးမြို့ HOME AID ELECTRONIC အမှတ်(၁၄၄)၊ ၈၄လမ်း၊ ၃၁လမ်းနှင့် ၃၂လမ်းကြား၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၂၅၉၇၀၀၅၂၂၊ ၀၉ ၇၉၇၅၃၆၀၈၂။
MANDALAY ELECTRONIC MART အမှတ်(၆၁/အေ)၊ ၆၂လမ်း၊ နိုင်ရွှေဝါလမ်းနှင့် ဇလပ်ဝါလမ်းကြား၊ မန္တလေးမြို့။ ဖုန်း - ၀၉ ၇၈၇၇၅၂၂၀၁။
နေပြည်တော် ဖြိုးဖြိုးကြွယ် အမှတ်(၃၄၃)၊ ပိတောက်လမ်းနှင့် သစ္စာလမ်းထောင့်၊ သပြေကုန်းရပ်ကွက်၊ ဇမ္ဗူသီရိမြို့နယ်၊ နေပြည်တော်။
ဖုန်း - ၀၉ ၅၁၅၅၅၈၁၊ ၀၉ ၈၁၀၃၉၃၅၊ ၀၉ ၄၉၂၀၀၅၁၅။
မုံရွာမြို့ အောင်သူရိန် အီလက်ထရောနစ် ဈေးလမ်းနှင့် ရေမိန်လမ်းထောင့်၊ ရုံးကြီးရပ်၊ မုံရွာမြို့။ ဖုန်း - ၀၇၁ ၂၃၂၅၀။
တောင်ကြီးမြို့ Asia Fortuna အမှတ်(၁၂၃)၊ ဗိုလ်ချုပ်လမ်းမကြီး၊ တောင်ကြီးမြို့။ ဖုန်း - ၀၉ ၅၁၀၁၀၆၉၇။
ရွှေဘိုမြို့ ကြွယ် အီလက်ထရောနစ် အမှတ်(၂)၊ ရန်ကြီးအောင်လမ်းမကြီး၊ ရွှေဘိုမြို့။ ဖုန်း - ၀၉ ၂၁၀၀၃၃၈။
ပုသိမ်မြို့ အောင် အီလက်ထရောနစ် အမှတ်(၁၅/C.D)၊ ကုန်သည်လမ်း၊ ပုသိမ်မြို့။ ဖုန်း - ၀၄၂ ၂၅၃၁၂၊ ၀၉ ၅၂၀၁၃၂၁၊ ၀၉ ၇၈၂၉၅၉၉၆၆။
AQUOS


The Brand New
ERTIGA
Smart Investment for the Future
လူနေမှုဘဝတိုင်းအတွက် အဆင်ပြေစေမယ့်
သုံးတန်း-ခုံခုနစ်လုံးပါ ဘက်စုံသုံးကား
ERTIGA
16.1 km/L
Fuel Saving
3 years 100,000 km warranty
JAPAN STANDARD
Sagaing
Mandalay
Magway
NayPyiTaw
Pathein
Yangon
Bluetooth
START STOP
မြန်မာနိုင်ငံအတွက် မြန်ဆန်သော
ရောင်းပြီးဝန်ဆောင်မှု
လုပ်ငန်းနှင့် မိသားစုပါအသုံးပြုနိုင်သော ဘက်စုံသုံးကား
လုံခြုံစိတ်ချရမှုနှင့် သက်သောင့်သက်သာရှိသောလုပ်ဆောင်မှုများကို
မြန်မာနိုင်ငံအတွက် အထူးထုတ်လုပ်ထားပါသည်။
Push Start
Dealership Network
(၁)လွင် နှင့်စွမ်း မော်တော် ၀၁-၃၉၃၀၇၀
(၂)အောင် မော်တော် ၀၁-၆၅၅၈၁၃
(၃)မျိုး မော်တော် ၀၁-၄၀၀၃၉၉
(၄)ရဲနဒီ မော်တော် ၀၁-၂၀၁၆၁၉
(၅)အမ်အေဒီပီ - အေအိုင်ဂျီ(မန္တလေး)မော်တော် ၀၉-၇၃၀၄၀၃၆၆
(၆)ရောဟသ်ာ(နေပြည်တော်)မော်တော် ၀၉-၂၅၄၃၁၇၇၀၀
(၇)စီကျိဒီစီ(ပုသိမ်) မော်တော် ၀၉-၇၇၁၂၀၂၉၈၅
(၈)ရှင်းတွင်းရော မော်တော် ၀၉-၄၅၄၂၄၇၇၇၂
(၉)United Eleven Motor ၀၉-၂၅၇၁၉၉၉၁၀
(၁၀) CKA(စစ်ကိုင်း) မော်တော် ၀၉-၉၇၅၅၅၁၉၄၄
(၁၁) Farmer Auto(မကွေး) ၀၉-၄၂၀၀၃၅၉၉၈
(၁၂) Farmer Auto(နေပြည်တော်) ၀၉-၅၆၀၀၁၆၄
Suzuki (Myanmar) Motor Co.,LTD
Tel: (951) 591 304, 591 305, 591 351, 591 352, 590 529 Fax: (951) 591 302
www.facebook.com/Suzuki-Myanmar-Motor-Co-Ltd
SUZUKI
Way of Life!

ထုတ်လုပ်ခွင့်လိုင်စင်အမှတ် ။/ ၂၀၁၁၊ တဆထလ/တိုး(၅၄)၊ တိုင်းရင်းဆေးဝါးမှတ်ပုံတင်အမှတ်(ဆေးပြား) - TMR 004815(0314) / (ဆေးမှုန့်)TMR 000394(0314)
ကွမ်းရွက်ပုံတိုင်းရင်းဆေးအား မည်သည့် မြို့ရွာများကိုမျှ မော်တော်ယာဉ်များဖြင့် လိုက်လံရောင်းချခြင်း မရှိပါကြောင်း သုံးစွဲသူ မိဘပြည်သူများနှင့် ရောင်းချသူများအား အထူးသတိပေး ပန်ကြားအပ်ပါသည်။
RE GD.
ကွမ်းရွက်ပုံ ဆေးကောင်း
မြန်မာ့တိုင်းရင်းဆေးဖက်ဝင်စစ်မှန်သော ပရဆေးပစ္စည်းများဖြင့် ဖော်စပ်ထားသောကြောင့် အံ့ဩလောက်အောင် အထူးပင် ဆေးစွမ်းထက်မြက်လှပါသည်။

ဒူးနာ၊ ခါးနာ၊ ကျိုးပေါင်းရောဂါ၊ ထုံကျင်ကိုက်ခဲအကြောဝေဒနာရှင်များနှင့် ချောင်းဆိုး၊ ရင်ကျပ်၊ ဗိုက်နာလျှင် လိမ်း
မူးဝေ၊ ရင်တုန်၊ ဇက်ကြောတက်လျှင် ရှူ
ဂမုန်းရှင် လေငန်းကာကွယ်လိမ်းဆေးရည်
အမြို့မြို့ ဆေးတိုင်းမှာ ရရှိနိုင်ပါသည်။

AUTO EXPO MYANMAR
မြန်မာ့အပြည်ပြည်ဆိုင်ရာယာဉ်ပိုပစ္စည်းများနှင့်ဝန်ဆောင်မှုလုပ်ငန်း ဆိုင်ရာနိုင်ငံတကာစက်မှုကုန်စည်ပြပွဲကြီး
မြန်မာနိုင်ငံသို့ ရောက်ရှိလာတော့မည့်စက်ပစ္စည်း အစိတ်အပိုင်းနှင့်ပါဝါလျှပ်စစ်ဆိုင်ရာပြပွဲကြီး



Dates
SEPT. 29 – OCT. 2, 2016
Venue
Tatmadaw Exhibition Hall
Children 12 years and under are not admitted
KMC DEPO NANKANG MOBILETRON E-LEAD
Exhibition Profile: Engine Parts, Automotive Parts & Accessories, Automobile Electronics, Repair & Maintenance Products, Oil & Gas Products, Motorcycle Parts & Accessories, Car Tuning Products, Wheels, Tires & Rims, Whole Vehicles
www.myanmarfairs.com
In conjunction with: POWER EXPO MYANMAR
Organizers: Taipei World Trade Center, Yorkers Trade & Marketing Service Co., Ltd
Co-organizer: MIA
Supporters: UMFCCI, MAMDA, AGTI
Sponsors: DYNA

ရောင်းမည်
သယ်န်းကျွန်းမြို့နယ်၊ မိုးရိပ်(၃)လမ်း၊(၆)လမ်း၊(၈)လမ်း၊(၉)လမ်းရှိ မြေညီထပ်မှ (၆)လွှာအထိ တိုက်ခန်းများကို ဈေးနှုန်းချိုသာစွာဖြင့် အမြန်ရောင်းမည်။ (B.C.C ရရှိပြီး)
ဖုန်း- 09-5401011, 09-73095677, 09-5002931

DSS Steel
GI ဟောလိုပိုက်နှင့်သံပြွမ်းဖြန့်ချိရေး
၂၅၇၊ ၂၅၉ ကျိုင်းတုံလမ်းနှင့်ထားဝယ်လမ်းထောင့် စက်မှုဇုန်(၁)၊ တောင်ဒဂုံ။
Ph : 09-5113546 , 09-976644550

ပိုင်ရှင်ကိုယ်တိုင်ရောင်းမည်
ရန်ကုန်-ပဲခူးလမ်းမကြီးအနီးကပ်ရှိသော စက်ရုံမြေ၊ (၄၀'x ၆၀')(၄၀' x၁၀၀')
ဈေးနှုန်း (၈၀၊၆၀)သိန်း (ညှိနှိုင်းဈေး)
ဖုန်း – ၀၉ ၄၂၂၄၆၄၅၅၆၊ ၀၉ ၇၈၄၆၂၈၈၃၅

ရောင်းမည်
(၁၂½'×၅၀')မြေညီထပ် တစ်အိမ်လုံး ကြွေပြားခင်းပြီး၊ ရေချိုးခန်း၊ ရေကန်ပါ ကြွေပြားခင်းကာပ်၊ အိမ်သာ ဘိုထိုင် ကြွေပြားခင်းကာပ်၊ ပြူတင်းပေါက် သံပန်းတပ်ပြီး၊ အိမ်ရှေ့အလှမီနီယံတံခါး၊ ဘာဂျာတံခါး၊ ဆန်းရှိတ်အမိုးတပ်ပြီး၊ BCC ရရှိပြီး အသင့်နေနိုင်။ အလင်းရောင်လမ်း၊ ဝါဆိုမှတ်တိုင်အနီး၊ ဒေါပုံမြို့နယ်။ ဖုန်း၊ ၀၉-၄၂၀၇၆၇၅၉၇၊ ၀၉-၄၂၅၀၂၅၂၈၁

အူရီဒူးမှ မိတ်ဖက်အဖွဲ့အစည်းများနှင့်အတူ မြန်မာနိုင်ငံကို ပိုမိုတောက်ပ ကောင်းမွန်တဲ့ အနာဂတ်နဲ့ ချိတ်ဆက်ပေးနေပါပြီ။
မြန်မာ့အမြန်ဆုံးကွန်ရက်သာမက ကုလသမဂ္ဂအဖွဲ့အစည်းတစ်ခုဖြစ်တဲ့ UNOPS နဲ့အတူ လိုအပ်ချိန်တိုင်းမှာ ကျန်းမာရေးအကူအညီများ ပေးနိုင်ဖို့ ပဏာမကျန်းမာရေးစောင့်ရှောက်မှုကွန်ရက်တွေအတွက် အမေရိကန်ဒေါ်လာ ၃.၁ သန်း ထောက်ပံ့ကူညီပေးခဲ့ပါတယ်။
ooredoo



UNOPS

ကြော်ငြာ

## (၁)နှစ်ပြည့်လွမ်းဆွတ်သတိရ အမှျပေးဝေခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်လှကြည် (မန္တလေး) အသက်(၉၈)နှစ်

မန္တလေးမြို့၊ ၁၄-လမ်း၊ လမ်း ၈၀-၈၁နေ (ဦးမှတ်ကြီး) လွတ်လပ်ရေးမော်ကွန်းဝင် (တတိယဆင့်)၏ ဇနီး၊ အမေကြီးဒေါ်လှကြည် ကွယ်လွန်ခဲ့တာ ၂၃-၉-၂၀၁၆ရက်တွင် တစ်နှစ်ပြည့်ခဲ့သော်လည်း သတိရ တမ်းတလွမ်းနေဆဲပါ။ နေ့စဉ်လစဉ်ပြုလုပ်လှူဒါန်းပေးနေသော ကောင်းမှုကုသိုလ်များကို မြင့်မြတ်သော ဘုံဘဝမှ သာဓုခေါ်ပါအမေ၊ ဘယ်သူမှ မလွန်ဆန်နိုင်တဲ့လမ်းဆိုတာ သိနေပေမဲ့ ကျွန်တော်တို့ ညီအစ်မတွေ ဘယ်လိုဖြေဖြေ မပြေသေးပါအမေ။

**သားသမီးများ -**

**ဦးဖုန်းမောင်၊ ဒေါ်စန်းစန်းမေ**
**ဦးလှဝင်း၊ ဒေါ်သန်းသန်းရွှေ**
**ဦးလှမြင့်-ဒေါ်ညို**
**ဦးမောင်မောင်မြင့်၊ ဒေါ်ညွန့်ညွန့်ဝေ**
**ဦးသိန်းကျော်၊ ဒေါ်သောင်းသောင်းဆွေ**
**ဦးစံထွန်းအောင်၊ ဒေါ်ကြူကြူငယ်**
**မြေး-၂၀ ဦး**
**မြစ်-၁၇ ဦး**
**မိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်မြင့်မြင့်အောင် (ခ) Dimple

## အသက် (၆၇)နှစ်

ဦးဇော်အောင်(မြန်မာ့ရေလုပ်ငန်းမန်နေဂျာ-ငြိမ်း)၏ဇနီး ဒေါ်မြင့်မြင့်အောင်(ခ)Dimple သည် ၁၉-၉-၂၀၁၆ (တနင်္လာနေ့) ညနေ ၄း၃၀နာရီတွင် ခရစ်တော်၌ အိပ်ပျော်သွားကြောင်းသိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**YE NOOS & ASSOCIATES(Law Firm)**

---

## ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားအား တစ်ဦးတည်းမူပိုင် ဖြစ်ကြောင်း ကြေညာခြင်း

ရန်ကုန်မြို့၊ ကမာရွတ်မြို့နယ်၊ စံပယ်လမ်း၊ တိုက်အမှတ်(E)၊ အခန်းအမှတ်(၀၀၁)၊ High Way Complex နေ ဒေါ်ယမင်းအေးမောင်သည် အထက်ဖော်ပြပါ ကုန်အမှတ်တံဆိပ်အမည်အမှတ်အသားကို ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတွင် တစ်ဦးတည်းမူပိုင်အဖြစ်သုံးစွဲရန် မှတ်ပုံတင်သွင်းခဲ့ပြီးဖြစ်ပါသည်။

M.Culture
Men Footwears

**၁၁၈၁၉/၂၀၁၆**

ဖော်ပြပါ တံဆိပ်အမှတ်အသားကို အမျိုးသားစီးညှပ်ဖိနပ်၊ ကွင်းထိုးဖိနပ်၊ ရှူးဖိနပ် (Shoes)အမျိုးမျိုးတို့ အပေါ်တွင် ရိုက်နှိပ်၍သော်လည်းကောင်း၊ ကပ်နှိပ်၍သော်လည်းကောင်း၊ ရန်ကုန်မြို့၊ မန္တလေးမြို့ရှိ CHILLI ဖိနပ်အရောင်းဆိုင်များမှနေ၍ မြန်မာနိုင်ငံတစ်ဝန်းလုံးသို့ ထုတ်လုပ်ဖြန့်ချိ ရောင်းချသွားမည်ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ကျွန်ုပ်တို့၏ မိတ်ဆွေတစ်ဦးတည်းမူပိုင်အဖြစ်မှတ်ပုံတင်သွင်းထားသောကုန်အမှတ်တံဆိပ်၏ တစ်ခုလုံးကိုဖြစ်စေ၊ တစ်စိတ်တစ်ဒေသကိုဖြစ်စေ တိုက်ရိုက်သော်လည်းကောင်း၊ သွယ်ဝိုက်၍သော် လည်းကောင်း၊ ဆင်တူယိုးမှား၊ ပုံတူ၊ ပုံမှား တုပပြုလုပ်သုံးစွဲ၍ ဈေးကွက်အတွင်းယှဉ်ပြိုင်ဖြန့်ချိရောင်းချ သည်ကို တွေ့ရှိပါက တည်ဆဲဥပဒေများနှင့်အညီ ထိရောက်စွာအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**Law office of Wynn & Win**

| | |
|---|---|
| **ဒေါ်ဥမ္မာလွင်** | **ဦးတင်မောင်ဝင်း** |
| **LL.B** | **B.A(Law), LL.B** |
| **အထက်တန်းရှေ့နေ(စဉ်-၄၂၉၄၅)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၉၁၆)** |

**တိုက်(၁၀/၁၂)၊ အခန်း(B-5)၊ ပထမထပ်၊ ၃၅လမ်း(အောက်)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**

---

## အမှားပြင်ဆင်ချက်

၂၁-၉-၂၀၁၆ရက်ထုတ် ကြေးမုံသတင်းစာ၊ စာမျက်နှာ(၃၀)ပါ၊ တရားလွှတ်တော် ရှေ့နေ ဦးအေးမြင့်၏ "အများသိစေရန် အသိပေးကြေညာချက်"ကြော်ငြာပါ အရောင်း အဝယ်ပြုသည့်တိုက်ခန်းအမှတ်အမှန်မှာ ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ (၁၀)ရပ်ကွက်၊ ၄၉လမ်း၊ တိုက်အမှတ်-၁၇၀/၁၇၂(၂-ဘီ) ပထမထပ် တိုက်ခန်းဖြစ်ကြောင်း ပြင်ဆင် ကြေညာ အပ်ပါသည်။

---

## အများသိစေရန်

ရန်ကုန်မြို့၊ သာကေတမြို့နယ်၊ ၁/အနော်မာရပ်ကွက်၊ အနော်မာ(၅)လမ်း၊ အမှတ်(၂၂၅-က) မြေညီထပ်၊ ထပ်ခိုးပါ ပေ(၁၈×၆၀)ရှိ တိုက်ခန်းနှင့် ကိုယ်ပိုင်မီတာ၊ ရေမော်တာ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို ပိုင်ရှင်ဖြစ်ကြသော ဦးနူရာမင်(ခ) လှငွေ[၁၂/သကတ(နိုင်)၁၉၂၁၈၇]၊ ဒေါ်စန်းစန်းအေး[၁၂/သကတ(နိုင်) ၁၁၅၀၂၂]တို့ထံမှ ဒေါ်နန္ဒာမျိုး[၁၂/တကန(နိုင်)၁၄၃၁၄၁]ကိုင်ဆောင်သူက အပြီးအပိုင်ဝယ်ယူပြီးလက်ရှိလက်ရောက် နေထိုင်ပိုင်ဆိုင်နေပါသည်။

အဆိုပါအခန်းနှင့်ပတ်သက်ပြီး ဒေါ်နန္ဒာမျိုးမသိရှိဘဲ ရောင်းချ၊ ပေါင်နှံ၊ ပေးကမ်း၊ စွန့်လွှတ်၊ လှူဒါန်း၊ တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းများ မည်သူမျှ လုံးဝ မပြုလုပ်ကြရန် နှင့် ပြုလုပ်ခဲ့ပါက ပြုလုပ်ကြသူတို့၏ တာဝန်သာဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအေးမော်(B.Sc, H.G.P, D.B.L,D.A.Psy)**
**အထက်တန်းရှေ့နေ(စဉ်-၁၈၆၀၉)**
**အမှတ်(၂၆၀)၊ (ပထပ်)၊ လမ်း(၄၀)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း-၀၉ ၅၁၄၃၅၈၃၊ ၀၉- ၇၉၅၉၁၉၈၄၅**

---


# သက်ရှိ
# လောက
# တည်မြဲဖို့
# သဘာဝ
# တောတွေ
# ထိန်းသိမ်းစို့


---

## ဝမ်းနည်းကြေကွဲခြင်း

**ဘုရား၊ ရဟန်း၊ သိမ်၊ ကျောင်း ဒါယိကာမကြီး**

**ဒေါ်မဗျော့(သထုံမြို့) (၉၇)နှစ်**

ဗိုလ်ချုပ်ညွှန့်တင်(ငြိမ်း)-ဒေါ်ခင်မျိုးဦးတို့၏ ကျေးဇူးရှင်မွေးမိခင် ဒေါ်မဗျော့(သထုံမြို့)သည် ၂၀-၉-၂၀၁၆ရက်(အင်္ဂါနေ့) ညနေ ၃း၅၀နာရီတွင် တပ်မတော်ဆေးရုံကြီး၊ မင်္ဂလာဒုံ၌ ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**ဗိုလ်မှူးကြီးဝင်းကြည်(ငြိမ်း)-ဒေါ်စိန်စိန်**
**မြန်မာ့စီးပွားရေးဦးပိုင်လီမိတက်**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

မန္တလေးမြို့၊ မဟာအောင်မြေအရှေ့(၅၁၇)ရပ်ကွက်နေ၊ ဦးတင်စိုး (ဒုတိယညွှန်ကြားရေးမှူး၊ စက်မှုနည်းပညာမြှင့် တင်ရေးနှင့်ပူးပေါင်းဆောင်ရွက် ရေးဦးစီးဌာန)-ဒေါ်သန်းသန်းငြိမ်း၊ ဒေါက်တာညွန့်စိုး(ပါမောက္ခချုပ်၊ ပြည်နည်း ပညာတက္ကသိုလ်)-ဒေါ်စန်းစန်းဝင်း(အထက-၁၊ ကျောက်တန်း)တို့၏ကျေးဇူးရှင် မွေးသဖခင် ဦးကြင်စု အသက်(၈၃)နှစ်သည် ၁၃-၉-၂၀၁၆(အင်္ဂါနေ့)ည ၁၁း၅၄နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့် ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**ညွှန်ကြားရေးမှူးချုပ်နှင့် စက်မှုနည်းပညာမြှင့်တင်ရေးနှင့်**
**ပူးပေါင်းဆောင်ရွက်ရေးဦးစီးဌာနမိသားစု**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးထွန်းလွင် (ငါးသိုင်းချောင်း)**

**အသက် (၈၂)နှစ်**

**ဌာနစုမှူး(ငြိမ်း)၊ မြန်မာ့လျှပ်စစ်ဓာတ်အားလုပ်ငန်း**

လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်းဝင်၊ သက်ကြီးကန်တော့ခံ ပုဂ္ဂိုလ်ဖြစ်သူ ဦးထွန်းလွင်သည် ၁၉-၉-၂၀၁၆ (တနင်္လာနေ့) ည ၈း၄၅ နာရီတွင် ကွယ်လွန်သွားပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**လျှပ်စစ်ဝန်ထမ်းဟောင်းများအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးကျော်အေး (ညောင်တုန်း)**

**လက်ထောက်ညွှန်မှူး၊ ကညန(ငြိမ်း)**

**အသက် (၆၈) နှစ်**

သာကေတမြို့နယ်နေ ဒေါ်ခင်စန်းရီ(ဦးစီးအရာရှိ-ငြိမ်း၊ ကညန)၏ ချစ်လှစွာသောခင်ပွန်း ဦးကျော်အေးသည် ၂၁-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့) မွန်းလွဲ ၁း၁၅ နာရီတွင် ကွယ်လွန်သွားကြောင်းသိရှိရပါသဖြင့် မိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲရပါကြောင်း။

**က. ည. န အငြိမ်းစားဝန်ထမ်းများ**
**လူမှုရေးစောင့်ရှောက်မှုအဖွဲ့**

---

## အထူးကျေးဇူးတင်ရှိခြင်း

**ရဲ ၅၅၉၄ ဒုတိယရဲမှူးအေးရွှေ**

**အမှတ်(၁၂)လုံခြုံရေးတပ်ဖွဲ့ခွဲ၊ စစ်တွေမြို့**

**အသက်(၄၀)**

ဒုတိယရဲမှူးအေးရွှေသည် ၁၅-၉-၂၀၁၆ ရက်နေ့တွင် စစ်တွေမြို့၌ ကွယ်လွန်သွားခဲ့ပြီး ဆင်ပေါင်ဝဲမြို့၌ ဂူသွင်းသင်္ဂြိုဟ်ပြီးသည်အထိ ကူညီဆောင် ရွက်ပေးပါသော အမှတ်(၄) လုံခြုံရေးကွပ်ကဲမှုအဖွဲ့မှူးနှင့် တပ်ဖွဲ့ဝင်မိသားစုများ၊ အမှတ်(၁၂)လုံခြုံရေးတပ်ဖွဲ့ခွဲမှ တပ်ဖွဲ့ခွဲမှူး၊ တပ်ဖွဲ့ဝင်မိသားစုများ၊ အပတ်စဉ် (၄၇)မှ သင်တန်းဆင်းသူငယ်ချင်းများနှင့် ဆွေမျိုးမိတ်သင်္ဂဟများအား အထူး ကျေးဇူးတင်ရှိပါသည်။

ကျန်ရစ်သူမိသားစု

---

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ (၂၇)လမ်း၊ ၈၃နှင့်၈၄လမ်းကြား၊ အမှတ်(၂၄၇) နေ ဦးစိုးနိုင်(ဘ)ဦးဂိုရီရှန်ကာ[၉/မရမ(နိုင်)၀၉၁၇၅၅]မှ ၎င်းလက်ရှိထား ပိုင်ဆိုင်ပြီး ရောင်းချပိုင်ခွင့်ရှိသော ရန်ကုန်တိုင်းဒေသကြီး၊ ကျောက်တန်းမြို့နယ်၊ ဆင်ကန်ရပ်ကွက်၊ ကွင်းအမှတ်-၆၁၇၊ ဂရန်ကြီးကွင်း၊ ဦးပိုင်အမှတ်-၁/၃၀၊ အကျယ်အဝန်းပေ(၄၀×၆၀)ခန့်ရှိ ခြံမြေကွက်အား ရောင်းချရန် စကားကမ်းလှမ်း ရာ ကျွန်ုပ်၏မိတ်ဆွေ ဦးတင်သန်းဦး[၁၂/ဗတထ(နိုင်)၀၃၇၇၁၅]မှလည်း ဝယ်ယူရန်သဘော တူညီကြသည့်အတွက် ၂၀-၉-၂၀၁၆ရက်တွင် အရောင်း အဝယ်ပြုလုပ်သည့် တန်ဖိုး၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထား ပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများ ရှိပါက ဤကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်မာသည့်ပိုင်ဆိုင်မှုစာရွက် စာတမ်းအထောက်အထားမူရင်းများဖြင့် ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်၏မိတ်ဆွေထံ သို့ဖြစ်စေ လာရောက်ကန့်ကွက်နိုင် ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း လာရောက်ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်အား ပြီးဆုံးသည်အထိ ဆက် လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**ဦးတင်သန်းဦး၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဆန်းသီတာဝင်း (LL.B, Wipo Switzerland)**
**အထက်တန်းရှေ့နေ (စဉ်-၄၁၁၂၀)**
**အမှတ် (၃၇)၊ ဒုတိယထပ်၊ စိတ္တသုခရပ်ကွက်၊ ကျောက်မြောင်း၊ တာမွေ။**
**ဖုန်း-၀၉ ၄၂၀၀၁၅၇၄၅။**

---

## ကန့်ကွက်နိုင်ပါကြောင်းကြေညာခြင်း

ရန်ကုန်မြို့၊ ပုဇွန်တောင်မြို့နယ်၊ ရေကျော်(၇)ရပ်ကွက်၊ ရေကျော်လမ်းမကြီး၊ အမှတ်(၆၆)ပထပ်(ဝဲ)ဘက်အခန်းဟုခေါ်တွင်သော ပေ(၁၈×၆၅) အကျယ်ရှိသော အခန်း နှင့်အကျိုးခံစားခွင့်အရပ်ရပ်အား အမည်ပေါက်ပိုင်ဆိုင်သူ ဦးမင်းရန်ပိုင်(ဘ)ဦးသက်လွင် [၁၂/ကတတ(နိုင်)၀၂၉၃၅၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေများဖြစ်ကြသော ဦးခင်မောင်လေး [၁၂/ပဘတ(နိုင်)၀၀၄၃၂၁]နှင့် ဒေါ်ရီရီသိန်း[၁၂/ပဘတ(နိုင်)၀၁၄၃၇၈]တို့က ဝယ်ယူရန် စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အဆိုပါပစ္စည်းအရပ်ရပ်တို့နှင့်ပတ်သက်ပြီး ပိုင်ရေး ဆိုင်ခွင့်ရှိကြောင်း ပြောဆိုကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက် အတွင်း ကျွန်ုပ်ထံသို့ အထောက်အထားခိုင်လုံစွာဖြင့် လာရောက်တင်ပြကန့်ကွက်နိုင်ပါ ကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိခဲ့ပါကအရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားတော့မည် ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **(ဒေါ်သန်းသန်းနီ)** | **(ဒေါ်ရတနာလှိုင်)** |
| **စဉ်-၇၇၂၆** | **စဉ်-၃၈၀၉၈** |

**အထက်တန်းရှေ့နေများ**
**အမှတ်(၄၁၉)၊ ဘုရင့်နောင်လမ်း၊ ၁၉(A)ရပ်ကွက်၊ ဒဂုံမြို့သစ်မြောက်ပိုင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၀၃၃၇၁**

---

**ဘုရား၊ ရဟန်း၊ ကျောင်း ဒါယိကာမကြီး**

## ဒေါ်မဆင့်(ခ)ဒေါ်ဆင့်(ရန်ကုန်) အသက်(၁၀၀)

ရန်ကုန်မြို့၊ ဗိုလ်တထောင်မြို့နယ်၊ (၄၂)လမ်း၊ အမှတ်(၈၇)၊ မြေညီထပ်နေ ဦးခွေရှောင်၏ချစ်လှစွာသောဇနီး၊ ဦးအလင်း-ဒေါ်တင်တင်၊ဦးမြင့်ဆွေ-(ဒေါ်ခင် သန်းဝေ)၊ ဦးမြင့်ဝင်း-ဒေါ်လင်းယန့်ဖန်း(MACAU)၊ ဒေါ်ခင်နု-(ဦးအေးဝင်း)၊ ဒေါ်ခင်ညွန့်-ဦးစိန်ဝင်း (Khin Nyunt Tsao & Sydney Tsao) USA၊ ဒေါ်ယဉ် ယဉ်ထွေး-ဦးမြင့်စိုး (Grace Wong& Sammy Wong)USA တို့၏ ချစ်လှစွာ သောမိခင်ကြီး၊ မြေး ၂၆ ယောက်၊ မြစ်ငါးယောက်တို့၏ချစ်လှစွာသော အဘွား သည် ၂၁-၉-၂၀၁၆ (ဗုဒ္ဓဟူးနေ့) နံနက် ၉း၃၀ နာရီတွင် အထက်ပါနေအိမ်၌ ကွယ်လွန်သွားပါသဖြင့် ၂၅-၉-၂၀၁၆(တနင်္ဂနွေနေ့) နံနက်၁၁နာရီတွင် ရေဝေး အအေးတိုက်မှ ရေဝေးသုသာန်သို့ ပို့ဆောင် မီးသင်္ဂြိုဟ်မည်ဖြစ်ပါကြောင်း ရပ်ဝေးရပ်နီးမှ ဆွေမျိုးမိတ်သင်္ဂဟများအား အကြောင်းကြားအပ်ပါသည်။ (နေအိမ်မှကားများ နံနက် ၈နာရီတွင် ထွက်ပါမည်။) [ကွယ်လွန်သူအားရည်စူး၍ ၂၇-၉-၂၀၁၆ (အင်္ဂါနေ့) နံနက် ၇ နာရီမှ ၁၀ နာရီအထိ အထက်ပါနေအိမ်သို့ ရက်လည်ဆွမ်းကျွေးတရားတော်နာကြွရောက်ပါရန် ဖိတ်ကြားအပ်ပါသည်။]

ကျန်ရစ်သူမိသားစု

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမောင်မောင်ခင်**

**အသက် (၉၁)နှစ်**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)၊ ရုပ်ရှင်လုပ်ငန်း**

ရန်ကုန်မြို့၊ မြေနီကုန်း၊ ရှမ်းကုန်းလမ်း၊ (၁၂/၇-အေ)နေ ဆရာကြီး ဦးမောင်မောင်ခင်သည် ၁၉-၉-၂၀၁၆ရက်တွင် ကွယ်လွန်သွား ကြောင်း သိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်ထပ်တူ ဝမ်းနည်းကြေကွဲ ရပါသည်။

**ဒေသကောလိပ်(၂) ရုပ်ရှင်လုပ်ငန်း 2nd Batch မှ တပည့်များ**
**မျိုးမြတ်သူ၊ မြင့်ဟန်၊ အေးကျော်၊ တိုးတိုးစိန်၊**
**သီဟကျော်စိုး၊ အေးကို၊ နီလာသန်း၊ ခင်ဥမ္မာ၊**
**စန်းစန်းရှိန်၊ ကြူကြူသက်၊ စီစီမြင့်၊ မိမိကျော်၊ စန္ဒာလင်း**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမောင်မောင်ခင်**

**အသက် (၉၁)နှစ်**

**ဦးဆောင်ညွှန်ကြားရေးမှူး(ငြိမ်း)**
**ရုပ်ရှင်လုပ်ငန်း**

ပြန်ကြားရေးဝန်ကြီးဌာန၊ ရုပ်ရှင်လုပ်ငန်းမှ ဦးဆောင်ညွှန်ကြား ရေးမှူး(ငြိမ်း) ဦးမောင်မောင်ခင်သည် ၁၉-၉-၂၀၁၆ရက်တွင် ကွယ်လွန် သွားကြောင်း သိရပါသဖြင့် မိသားစုနှင့်အတူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာ့ရုပ်ရှင်လုပ်ငန်း ဝန်ထမ်းဟောင်းများအသင်း**

---

## ဝမ်းနည်းကြေကွဲခြင်း

## ဒေါ်ရင် (၈၅)နှစ်

**(ဒိုက်ဦး)**

ရန်ကုန်မြို့၊ အမှတ်(၁၉၈)၊ ပန်းခရေလမ်း၊ ခရေပင်ရိပ်မွန်၊ မင်္ဂလာဒုံမြို့နယ်နေ ဒုတိယဗိုလ်မှူးကြီးသန်းထွန်း(ငြိမ်း)၊ (မြန်မာ့ စီးပွားရေးဦးပိုင်လီမိတက်)-ဒေါ်တင်တင်လှတို့၏ အတူနေအဒေါ် ဖြစ်သူ ဒေါ်ရင် (၈၅)နှစ်သည် ၁၉-၉-၂၀၁၆ရက်တွင် ကွယ်လွန် သွားကြောင်း သိရှိရပါသဖြင့် ကျန်ရစ်သူမိသားစုနှင့်အတူ ထပ်တူ ထပ်မျှ ဝမ်းနည်းကြေကွဲရပါသည်။

**စစ်တက္ကသိုလ်အမှတ်စဉ်(၁၇) သူငယ်ချင်း**
**မိသားစုများ**

---

## ဝမ်းနည်းကြေကွဲခြင်း

**ဦးမျိုးဝင်း(ကွမ်းခြံကုန်း)**

**အသက်(၈၀)**

**အထက်တန်းပြ(ငြိမ်း)**
**အထက(၁)၊ (၃)တောင်ဥက္ကလာ**
**အထက(၃)၊ သဃ်န်းကျွန်း**
**ဥက္ကလာစေတီတော်ဂေါပကအဖွဲ့၊ အတွင်းရေးမှူး(ငြိမ်း)**

ရန်ကုန်မြို့၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၃)ရပ်ကွက်၊ သံသုမာလမ်း၊ အမှတ်(၈၉၀)နေ မြန်မာအမျိုးသားလေကြောင်း၊ ဒုတိယစာရင်းကိုင်ချုပ် ဒေါ်စန္ဒာဝင်း၏ဖခင်ဖြစ်သူ အထက်တန်းပြ(ငြိမ်း)၊ ဦးမျိုးဝင်းသည် ၂၀-၉-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရသည့်အတွက် မိသားစုနှင့် ထပ်တူ ဝမ်းနည်းကြေကွဲရပါသည်။

**မြန်မာအမျိုးသားလေကြောင်း အမှုဆောင်အရာရှိချုပ်နှင့် ဝန်ထမ်းများ**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

**ဦးမောင်မောင်မြင့်**

**အသက် (၆၇)နှစ်**

**B.Sc (Forestry)**

**ဒုတိယအထွေထွေမန်နေဂျာ (ငြိမ်း)၊ မြန်မာ့သစ်လုပ်ငန်း**

တောင်ကြီးမြို့၊ သစ်တောရပ်ကွက်၊ ကမ္ဘောဇလမ်း၊ အမှတ် (၈၅/D)နေ ဒေါ်ခင်ဝင်းမော်၏ချစ်လှစွာသောခင်ပွန်း ဦးမောင် မောင်မြင့်သည် ၁၉-၉-၂၀၁၆ ရက်နေ့တွင် ကွယ်လွန်သွားကြောင်း သိရှိရပါသဖြင့် မိသားစုနှင့်အတူ ထပ်တူထပ်မျှ အထူးဝမ်းနည်း ကြေကွဲရပါသည်။


**မြန်မာ့သစ်လုပ်ငန်းဝန်ထမ်းဟောင်းများအသင်း**

---

## အထူးဝမ်းနည်းကြေကွဲခြင်း

၉၄/၉၅ စီးပွားရေးတက္ကသိုလ် ဘွဲ့ရသူငယ်ချင်း ကိုဇော်ဇော်မိုး(မုံရွာ)၏ အစ်ကိုကြီးဖြစ်သူ ဦးမျိုးဇင်အောင် (၅၂)နှစ်သည် ၁၇-၉-၂၀၁၆ (စနေနေ့)တွင် မန္တလေးမြို့၌ ကွယ်လွန်သွားကြောင်းကြားသိရပါသဖြင့် သူငယ်ချင်းနှင့် ထပ်တူ ဝမ်းနည်းရပါကြောင်း။

**၉၄/၉၅ စီးပွားရေးတက္ကသိုလ်ဘွဲ့ရများအဖွဲ့**



# ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူ အာဆီယံနိုင်ငံများမှ စွမ်းအင်ဝန်ကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ်တို့အား လက်ခံတွေ့ဆုံ

**နေပြည်တော် စက်တင်ဘာ ၂၂**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဒုတိယသမ္မတ ဦးဟင်နရီဗန်ထီးယူသည် အာဆီယံအဖွဲ့ဝင်နိုင်ငံများမှ စွမ်းအင်ဝန်ကြီးများနှင့် အာဆီယံဒုတိယအတွင်းရေးမှူးချုပ် H.E Dr. Lim Hong Hin တို့အား ယနေ့ နံနက် ၉ နာရီတွင် နိုင်ငံတော်သမ္မတအိမ်တော် သံတမန်ဆောင်ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။ **(အပေါ်ပုံ)**

တွေ့ဆုံစဉ် အာဆီယံအဖွဲ့ဝင်နိုင်ငံများစွမ်းအင်ကဏ္ဍ ပူးပေါင်းဆောင်ရွက်မှု မြှင့်တင်ရေးဆိုင်ရာကိစ္စရပ်များကို ဆွေးနွေးကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယသမ္မတနှင့်အတူ ပြည်ထောင်စုဝန်ကြီး ဦးဖေဇင်ထွန်း၊ ဒုတိယဝန်ကြီး ဒေါက်တာထွန်းနိုင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး အာဆီယံအဖွဲ့ဝင် ဖိလစ်ပိုင်၊ ဘရူနိုင်း၊ ကမ္ဘောဒီးယား၊ လာအို၊ အင်ဒိုနီးရှား၊ မလေးရှား၊ စင်ကာပူ၊ ထိုင်း၊ ဗီယက်နမ်နိုင်ငံတို့မှ စွမ်းအင်ဝန်ကြီးများနှင့် အာဆီယံ ဒုတိယအတွင်းရေးမှူးချုပ်တို့ တက်ရောက်ကြသည်။

**(သတင်းစဉ်)**

■

# ကျောက်တံတားမြို့နယ်အတွင်း ကလေးသူငယ်များ ညှဉ်းပန်းနှိပ်စက်ခံရမှုနှင့်စပ်လျဉ်း၍ ဖြစ်ပေါ်တိုးတက်မှုအခြေအနေများအား နိုင်ငံတော်သမ္မတရုံးက စောင့်ကြည့်လျက်ရှိကြောင်း သတင်းထုတ်ပြန်

**နေပြည်တော် စက်တင်ဘာ ၂၂**

ရန်ကုန်မြို့ ကျောက်တံတားမြို့နယ်၌ ဖြစ်ပေါ်ခဲ့သည့် ကလေးသူငယ်များ ညှဉ်းပန်းနှိပ်စက်ခံရမှုနှင့်ပတ်သက်၍ တာဝန်သိပြည်သူတစ်ဦးက ကျောက်တံတားမြို့နယ် ရဲစခန်းနှင့် မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်သို့ တိုင်ကြားခဲ့သည်။

နိုင်ငံတော်သမ္မတရုံးအနေဖြင့် ယင်းဖြစ်စဉ်နှင့်စပ်လျဉ်း၍ သက်ဆိုင်ရာဝန်ကြီးဌာနများနှင့် အဖွဲ့အစည်းတို့အား စိစစ်မေးမြန်းခဲ့ပြီးနောက် ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရသည့် ကာယကံရှင်များ၊ ၎င်းတို့၏ မိသားစုဝင်များနှင့် သတင်းပေးတိုင်ကြားမှု ပြုလုပ်ခဲ့သည့် တာဝန်သိပြည်သူတစ်ဦးတို့အား လုံခြုံရေးအရ စောင့်ရှောက်ကာကွယ်မှုများ ဆောင်ရွက်ပေးရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ လည်းကောင်း၊ ညှဉ်းပန်းနှိပ်စက်ခြင်းခံခဲ့ရသူများ လုံခြုံစွာနေထိုင်နိုင်ရေးနှင့် ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ နှစ်သိမ့်ဆွေးနွေးအားပေးမှုများ ဆောင်ရွက်ပေးရန် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနသို့လည်းကောင်း ညွှန်ကြားခဲ့ပြီးဖြစ်ကြောင်း သိရသည်။

နိုင်ငံတော်သမ္မတရုံးအနေဖြင့် ဤဖြစ်စဉ်နှင့်စပ်လျဉ်း၍ ကျောက်တံတားမြို့နယ် ရဲစခန်းမှ တာဝန်ရှိသူများ၏ အရေးယူဆောင်ရွက်ခဲ့ပုံ အသေးစိတ်အခြေအနေများကို တင်ပြရန် ပြည်ထဲရေးဝန်ကြီးဌာနသို့ ညွှန်ကြားထားပြီး ညှိနှိုင်းဆောင်ရွက်ပေးခဲ့သော မြန်မာနိုင်ငံအမျိုးသားလူ့အခွင့်အရေး ကော်မရှင်၏ ဆောင်ရွက်မှုအခြေအနေများကိုလည်း လေ့လာလျက်ရှိသည့်အပြင် ဖြစ်ပေါ်တိုးတက်မှုအခြေအနေများကို အလေးထားစောင့်ကြည့်လျက်ရှိကြောင်း နိုင်ငံတော်သမ္မတရုံး၏ သတင်းထုတ်ပြန်ချက်အရ သိရှိရသည်။ **(သတင်းစဉ်)**

# ကလိုထူးဘောကရင်အစည်းအရုံး (KKO) ခွဲထွက်အဖွဲ့၏ မိုင်းထောင်ဖောက်ခွဲရန်စီစဉ်မှုများကို တပ်မတော်ကရှင်းလင်း

**နေပြည်တော် စက်တင်ဘာ ၂၂**

ကရင်ပြည်နယ် မြိုင်ကြီးငူ-မဲသဝေါနယ်မြေတွင် အခြေပြုလှုပ်ရှားလျက်ရှိသော ကလိုထူးဘောကရင်အစည်းအရုံး (KKO) ခွဲထွက်အဖွဲ့သည် တပ်မတော်စစ်ကြောင်းများနှင့် တပ်စခန်းများကို လက်နက်ကြီးများဖြင့် ပစ်ခတ်တိုက်ခိုက်ခြင်း၊ မိုင်းထောင်ဖောက်ခွဲခြင်းများ ဆောင်ရွက်ခဲ့မှုကြောင့် တပ်မတော်က နယ်မြေရှင်းလင်းခြင်းများ ဆောင်ရွက်ခဲ့သည်။

အဆိုပါနယ်မြေရှင်းလင်းမှုများကို စက်တင်ဘာ ၁၁ ရက်မှ စတင်ဆောင်ရွက်ခဲ့ရာ စက်တင်ဘာ ၁၉ ရက်တွင် မြိုင်ကြီးငူ-မဲသဝေါ ကားလမ်းတစ်လျှောက်ရှိ **စာမျက်နှာ ၉ ကော်လံ ၄ သို့** ❒